# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ [၅၅]၊ အမှတ် [ဝ၆၇]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖင်လန်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင်ကျရောက်သော ဖင်လန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖင်လန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆူလီ ဗိုင်နာမို နီနစ်တို ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၅* ◆

# အနာဂတ်နိုင်ငံ့တာဝန်များ လက်ဆင့်ကမ်းယူရမည့် မျိုးဆက်သစ်လူငယ်များ အရည်အချင်းပြည့်ဝသူများဖြစ်အောင် ကြိုးစားရန်လို

## ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ကျရောက်သည့် (၉၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၊ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သောသဝဏ်လွှာ

**ချစ်ကြည်လေးစားအပ်ပါသောတိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ဒီကနေ့ ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ကျရောက်သည့် (၉၅)နှစ်မြောက် အမျိုးသားနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူအပေါင်းတို့ ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါသည်။

နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့ဟု သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရခြင်း၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ဗြိတိသျှကိုလိုနီခေတ်ကတည်းကစတင်ခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ၁၉၂၀ ခုနှစ် ဒီဇင်ဘာလအတွင်းက မန္တလေးမြို့တွင်ကျင်းပသော ဂျီစီဘီအေ ပြည်လုံးကျွတ်ညီလာခံ၌ အမျိုးသားနေ့သတ်မှတ်ကျင်းပနိုင်ရေး ဆွေးနွေးခဲ့ကြပါသည်။ ယင်းဆွေးနွေးပွဲတွင် ဗြိတိသျှနယ်ချဲ့တို့ချမှတ်သော ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများက ကန့်ကွက်ခဲ့သည့် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ခရစ်သက္ကရာဇ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ထိုအချိန်မှစ၍ လွတ်လပ်ရေးမတိုင်မီကာလတစ်လျှောက် ဗြိတိသျှနယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးအတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ✳

# မြန်မာနိုင်ငံ၌ ပထမဆုံး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုသင်တန်းကျောင်းဖွင့်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် တာဝန်ရှိသူများ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်းအဝင် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၅**

သဘာဝဘေးဒဏ် ခုခံနိုင်စွမ်းမြင့်မားသော လူမှုအသိုက်အဝန်းဖြစ်ပေါ်လာစေရန်၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနယ်ပယ်တွင် ကျွမ်းကျင်ပညာရှင်များ ပေါ်ထွက်လာစေရန်၊ နိုင်ငံအတွင်း သဘာဝဘေးလျှော့ပါးရေးဆိုင်ရာ နိုင်ငံတကာအသိပညာ၊ ဗဟုသုတများ ကျယ်ပြန့်စွာ ပို့ချပေးနိုင်ရန်နှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားရန် စသည့်ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံးနှင့် တစ်ခုတည်းသောကျောင်းအဖြစ် တည်ဆောက်ခဲ့သော သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်း (Disaseter Management Training Center) ဖွင့်ပွဲအခမ်းအနားနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၁၅) ဖွင့်ပွဲကို

*စာမျက်နှာ ၈ ကော်လံ ၁* ■

## တနင်္ဂနွေဖတ်စရာများ

**ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ရာဇဝင်**

### သစ်ရိုပ်ဝါးရိပ်တို့ဖြင့် သဘာဝအလှအပကို ခံစားရင်း ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရား ဖူးမြော်ရအောင်

*စာမျက်နှာ-၁၅*

**ခရီးသွားဆောင်းပါး**

### ရန်ကုန်မှသည် ဥက္ကံဆီသို့

*စာမျက်နှာ-၁၆*






# (၉၅)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုပါ၏။

# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ဖွံ့ဖြိုးရေး မိတ်ဖက်များ

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် လွန်ခဲ့သည့်နှစ်များအတွင်း ဒီမိုကရေစီနိုင်ငံတော်အဖြစ် အဘက်ဘက်မှပြုပြင်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံတကာဆက်ဆံရေးမျက်နှာစာတွင် တိုးတက်လာခဲ့ပေသည်။ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးတိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံတော်ကြီး ဒီမိုကရေစီနိုင်ငံအဖြစ် ကြိုးပမ်းတည်ဆောက်ရာတွင် လွယ်ကူချောမွေ့စေရေးအတွက် ပြည်ပနိုင်ငံများနှင့်အဖွဲ့အစည်းများက အကူအညီများပေးရန်ကမ်းလှမ်းလာကြ၏။

အကူအညီများပေးရာတွင် ပြည်သူလူထု၏ လူမှုဘဝစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ ကျန်းမာရေးစသော စီမံကိန်းလုပ်ငန်းများလုပ်ဆောင်နိုင်ရန်အတွက် အတိုးနှုန်းသက်သာသော ချေးငွေများချေးပေးခြင်း၊ ငွေကြေးမဟုတ်သော နည်းပညာနှင့်ပစ္စည်းများထောက်ပံ့ကူညီပေးခြင်းစသည်ဖြင့် ကူညီပေးလျက်ရှိပါသည်။ လက်ရှိနိုင်ငံတော်အစိုးရတာဝန်ယူခဲ့သည့် ၂၀၁၁ ခုနှစ် ဧပြီလမှစပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလကုန်အထိ နိုင်ငံတကာအကူအညီအထောက်အပံ့နှင့် နည်းပညာအကူအညီများဖြင့် ဆောင်ရွက်ခဲ့သည့် နိုင်ငံအချင်းချင်းဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံများအနေဖြင့် ၂၃ ခု၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းအနေဖြင့် ငါးခု၊ ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် အခု ၂၀၊ နိုင်ငံ တကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ၁၁၇ ခု၊ ကော်မတီများအပါအဝင် အခြားအဖွဲ့အစည်းများအနေဖြင့် ၁၀ ခု စုစုပေါင်းဖွံ့ဖြိုးမှုမိတ်ဖက် ၁၇၆ ခုရှိကြောင်း သိရသည်။

ယင်းတို့အားလုံး၏ ကူညီမှုဖြင့် နိုင်ငံတော်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးတို့တွင် စုစုပေါင်းစီမံချက်လုပ်ငန်းပေါင်း ၉၄၈ ခုကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရပါသည်။ တန်ဖိုးအားဖြင့် ဤစီမံချက်လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၃၆၁၄ ဒသမ ၈၅၅ သန်း ရှိပါသည်။

ဤသို့ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အချို့လုပ်ငန်းများပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး အချို့လုပ်ငန်းများမှာ ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းအရေအတွက် ၁၇၆ ခု၊ စီမံချက်လုပ်ငန်းပေါင်း ၉၄၈ ခု၊ စီမံချက်တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၆၁၄ ဒသမ ၈၅၅ သန်းဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီး စီမံချက်ပေါင်း ၅၂၀၊ ဆောင်ရွက်ဆဲလုပ်ငန်းစဉ် ၄၂၈ ခုရှိကြောင်း သိရပါသည်။

ဤသည်မှာ လက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပအကူအညီများရယူကာ ဆောင်ရွက်နိုင်ခဲ့သည့်အနေအထားဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပြည်ပအကူအညီဖြင့် ဆောင်ရွက်ရခြင်းသည် ဓမ္မတာပင်ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းလုပ်ဆောင်ရသည့်လုပ်ငန်းစဉ်လည်းဖြစ်ပါသည်။

ဤသို့ ဖွံ့ဖြိုးရေးအကူအညီများရရှိလာခြင်းသည် သာမန်အနေအထားမဟုတ်ပေ။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကြောင့် နိုင်ငံတကာဆက်ဆံရေး တိုးတက်လာခြင်း၏ ရလဒ်ကောင်းတစ်ခုဖြစ်ပါသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအလှည့်အပြောင်းများကြောင့် ဖွံ့ဖြိုးမှုမိတ်ဖက်များတိုးပွားလာခြင်းဖြစ်ပါသည်။ အနာဂတ်တွင်လည်း မြန်မာနိုင်ငံတော်ကြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်များက ဝိုင်းဝန်းကူညီပေးလိမ့်မည်ဟု မျှော်လင့်မိပါကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily
စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

## မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ် တိုးမြှင့်သွားရန်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၁၅ ခုနှစ် ကမ္ဘာ့လူဦးရေ အခြေအနေ အစီရင်ခံစာထုတ်ပြန်ချက်အရ ယခုနှစ်ဆောင်ပုဒ်မှာ "အရေးပေါ် အခြေအနေများတွင် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှု" ဟု သတ်မှတ်ထားပါကြောင်းဖြင့် ဒီဇင်ဘာ ၃ ရက်က နေပြည်တော်ရှိ Parkroyal Hotel ၌ ကျင်းပ သော Launch of the State of World Population 2015 report အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ပြောကြားသည်။

ကမ္ဘာတစ်ဝန်းလုံး ယခုနှစ်အတွင်း မုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ၊ စစ်ဘေးပဋိပက္ခများကြောင့် လူပေါင်းများစွာ ဘေးဒုက္ခကျရောက်သည့် အခြေအနေများ ပေါ်ပေါက်လျက်ရှိပါကြောင်း၊ အဆိုပါအခြေအနေများတွင် အမျိုးသမီးနှင့် ဆယ်ကျော်သက်အရွယ် မိန်းမပျိုလေးများ၏ ကျန်းမာရေးနှင့် အခွင့်အရေးကို စောင့်ရှောက်ကာကွယ်ပေးသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီလုပ်ငန်းရပ်များကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါကြောင်း။

အထူးသဖြင့် အရေးပေါ် အခြေအနေများတွင် အမျိုးသမီးများ အကြမ်းဖက်ခံရခြင်း၊ ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွားခြင်းစသည့် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်သည့်အားလျော်စွာ အစိုးရအဖွဲ့များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့က ရေရှည်အကျိုးကို မျှော်မှန်းလျက် ရင်းနှီးမြှပ်နှံမှုစွမ်းအားစုများကို တိုးမြှင့်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

ယင်းနောက် UNFPA လက်ထောက် ဌာနေကိုယ်စားလှယ် Ms. Kaori lshikawa က Keynote on State of World Population 2015 report မှ မြန်မာနိုင်ငံဆိုင်ရာ အခြေအနေများကို တင်ပြဖတ်ကြားခဲ့ပြီး ဗီဒီယိုအစီအစဉ်ကိုပြသကာ အဆိုပါအစီရင်ခံစာအား ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဥတ္တရခရိုင်ရှိ မူလတန်းကြိုကျောင်းသား ကျောင်းသူများ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၅**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ခရိုင်အတွင်းရှိ အသင်းပိုင် မူလတန်းကြို ကျောင်းသား ကျောင်းသူလေးများ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အဆိုပါပြိုင်ပွဲတွင် မူလတန်းကြိုကျောင်းသား ကျောင်းသူလေးများက မြန်မာကဗျာ ရွတ်ဆိုပြိုင်ပွဲ၊ အင်္ဂလိပ်ကဗျာ ရွတ်ဆိုပြိုင်ပွဲနှင့် သီချင်းဆိုပြိုင်ပွဲတို့အပြင် ဖျော်ဖြေရေး အစီအစဉ်များကို ကျင်းပပေးခဲ့ပြီး ဆုရရှိသူများအပါအဝင် ပါဝင်ယှဉ်ပြိုင်ကြသည့် ကလေးငယ်များအားလုံးကို နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်မိမိစိုး၊ ဥတ္တရခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ယဉ်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။


**အောင်ကို(ပြန်/ဆက်)**

## နမ့်ခမ်းမြို့၌ ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးဖွင့်

**နမ့်ခမ်း ဒီဇင်ဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် နမ့်ခမ်းမြို့၌ ပြည်သူ့ဝန်ဆောင်မှု (OSS)ရုံးဖွင့်ပွဲကို ဒီဇင်ဘာပထမပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်မှူး ဦးဇော်မင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်အေး၊ မြို့နယ်ကော်မတီ (၃)ရပ်မှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါပြည်သူ့ဝန်ဆောင်မှုရုံးကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း စသည့်ဌာနကိုးခုပါဝင်ပြီး ပြည်သူများအနေဖြင့် သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်လိုသည့်လုပ်ငန်းကိစ္စများကို တစ်နေရာတည်းတွင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၅-၁၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် | မန္တလေး |
|---|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် | ၆၇၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၅ ကျပ် | ၇၂၀/၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၈၀ ကျပ် | ၈၄၀/၉၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၈၀ ကျပ် | ၇၃၀/၇၅၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၅၇၀ ကျပ် |
| အောက်တိန်း၉၂ | ၅၇၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၅.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၄.၂၅ |
| ထိုင်း | တစ်ဘတ် | ၃၆.၂၉၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၈ |
| တရုတ် | တစ်ယွမ် | ၂၀၃.၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၉.၄၅ |

ခင်ရတနာ-စုစည်းသည်။

# သဝဏ်လွှာ

*** ရှေ့ဖုံးမှ**

အမျိုးသားတော်လှန်ရေးအသွင်ဖြင့် အမျိုးသားနေ့ကို နှစ်စဉ်ကျင်းပခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီးသည့် နောက်တွင်လည်း အမျိုးသားစည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲခဲ့ကြခြင်းကို အမှတ်ရဂုဏ်ပြုသည့် အနေဖြင့် ယနေ့တိုင်အောင် အမျိုးသားနေ့ဟူ၍ နှစ်စဉ် ကျင်းပခဲ့ရာ (၉၅) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်လျက် နိုင်ငံရေး၊ လူမှုစီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှတစ်ဆင့် ဒီမိုကရေစီစနစ်ရှင်သန်သည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရန်အတွက် အဆင့်ဆင့်ဖြေလျှော့မှုများနှင့် လက်တွေ့ကျသော ပြုပြင်ပြောင်းလဲမှုများကို ပြည်သူဗဟိုပြု၍ ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် မြန်မာ့သမိုင်းတွင်မည့် လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးအင်အားစုအားလုံး ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့က ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သတ်မှတ်ကာလတွင် အစိုးရသစ်ကို နိုင်ငံ့တာဝန်များ အေးချမ်းစွာလွှဲပြောင်းသွားမည် ဖြစ်ပါသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်ခေါင်းဆောင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့ ခေါင်းဆောင်များသည် ငြိမ်းချမ်းရေး အခြေခံအုတ်မြစ်ဖြစ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ရှေ့ဆက်၍ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်ကို အားလုံးပါဝင်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

**လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားပညာရည် မြင့်မားရေးအတွက် အမျိုးသားပညာရေးမူဝါဒများ ချမှတ်ခဲ့ပြီး အမျိုးသားပညာရေးဥပဒေနှင့် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေတို့ကို ပြဋ္ဌာန်းပြီးဖြစ်**

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် ကာလအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒနှင့် စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို ဦးစားပေးခဲ့ပါသည်။ ပြည်သူများအတွက် လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တယ်လီဖုန်းဆက်သွယ်ရေးစသည့် သိသာထင်ရှားသည့် ပြောင်းလဲတိုးတက်မှုများ ဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် နိုင်ငံ့စီးပွားရေးတိုးတက်မှုအတွက် ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍ ဖြေလျှော့ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ပြဋ္ဌာန်းခြင်း၊ ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် ပညာရည်ပြည့်ဝသော လူ့အဖွဲ့အစည်းနှင့် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ပါသည်။ တိုင်းရင်းသားဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ကာ ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ လူ့အခွင့်အရေးကို တန်ဖိုးထားလိုက်နာသည့် လူ့အဖွဲ့အစည်းဖြစ်ရေးသည် အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးအတွက် အမျိုးသားပညာရေးမူဝါဒများ ချမှတ်ခဲ့ပြီး အမျိုးသားပညာရေးဥပဒေနှင့် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေတို့ကို ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံတွင် လိုအပ်လျက်ရှိသည့် အသိပညာရှင် အတတ်ပညာရှင်များသာမက နည်းပညာကျွမ်းကျင်သူများ မွေးထုတ်နိုင်ရေးအတွက် သက်မွေးဝမ်းကျောင်းပညာရပ်များကို မြှင့်တင်သွားရမည်ဖြစ်ပါသည်။

အနာဂတ် နိုင်ငံ့တာဝန်များ လက်ဆင့်ကမ်းယူရမည့် မျိုးဆက်သစ်လူငယ်များသည် အရည်အချင်းပြည့်ဝသူများဖြစ်အောင် ကြိုးစားရန် လိုအပ်သကဲ့သို့ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းသွားကြရန် လိုအပ်ပါသည်။

ယနေ့ကျရောက်သော (၉၅) နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်လေးရပ်ဖြစ်သည့်-

**(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊**
**(၂) စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊**
**(၃) အမျိုးသားပညာရည်မြင့်မားရေးနှင့်**
**(၄) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး**

တို့ကို အမျိုးသားရေးအမြင်ဖြင့် တိုင်းရင်းသားပြည်သူများက ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်ထား တိုက်တွန်းအပ်ပါသည်။

## ထိုင်းအမျိုးသားနေ့ ညစာစားပွဲ

ဒီဇင်ဘာ ၅ ရက်က ထိုင်းနိုင်ငံ၏ ထိုင်းအမျိုးသားနေ့နှင့် ထိုင်းဘုရင့်မွေးနေ့ ညစာစားပွဲအခမ်းအနားတက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး **Mr. Pisanu Suvanajata** ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)



◆ **ရှေ့ဖုံးမှ**

အလားတူ ဒီဇင်ဘာ ၆ ရက်တွင် ကျရောက်သော ဖင်လန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖင်လန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျူဟာ ဆီပီလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖင်လန်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ကျရောက်သော ဖင်လန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဖင်လန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တီမို ဂျူဟာနီ ဆိုအီနီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## မြန်မာခုနစ်ယောက်ဘောလုံးအသင်း နှစ်ပွဲဆက်အနိုင်ရ

**သတင်း-ညီမြတ်သော်တာ**

**နေပြည်တော် ဒီဇင်ဘာ ၅**

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၏ ခုနစ်ယောက်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းက စင်ကာပူနိုင်ငံရှိ အမျိုးသားအားကစားကွင်း၌ ကျင်းပရာ မြန်မာအသင်းသည် ခြေစွမ်းပြပြီး နှစ်ပွဲဆက်အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် အိမ်ရှင်စင်ကာပူအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်ပရိသတ်များနည်းတူ စင်ကာပူနိုင်ငံရောက် မြန်မာပရိသတ်များမှာလည်း တစ်ခဲနက်အားပေးခဲ့ကြသည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့်သာ အနိုင်ရနေသော်လည်း ဒုတိယပိုင်းအစတွင် သုံးဂိုးဆက်သွင်းယူခဲ့ပြီး ပွဲပြီးခါနီးမှသာ နှစ်ဂိုးပြန်ပေးခဲ့ရခြင်း ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့က နှစ်ပွဲကစားနှစ်ပွဲစလုံးနိုင်ကာ အုပ်စုကို ဦးဆောင်လျက်ရှိသည်။ မြန်မာအသင်းသည် အုပ်စုတတိယပွဲစဉ်အဖြစ် ဒီဇင်ဘာ ၆ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ထပ်မံကစားရမည်ဖြစ်သည်။

မြန်မာအသင်းများဝင်ရောက်ယှဉ်ပြိုင်နေသည့် Goal ball ပြိုင်ပွဲအုပ်စုဒုတိယနေ့ပွဲစဉ်များကို ယနေ့ဆက်လက်ကျင်းပသည်။ အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းက လာအိုအသင်းကို ၁၂ ဂိုး- ၈ ဂိုး၊ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းက ထိုင်းအသင်းကို ၁၂ ဂိုး- ၂ ဂိုးတို့ဖြင့် နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့သည်။

## သက်ကြီးသတင်းစာပညာရှင်များအား ဒုတိယအကြိမ် ပူဇော်ကန်တော့ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက ကြီးမှူးကျင်းပသော သက်ကြီးသတင်းစာ ပညာရှင်များအား ဒုတိယအကြိမ် ပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးသီဟစောက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ဒေါက်တာဇော်သန်းက ကန်တော့ခံသက်ကြီး သတင်းစာပညာရှင်များနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သက်ကြီးသတင်းစာပညာရှင်များအား ဆရာဦးကြည်မင်းက ကန်တော့ချီးဖြင့် တိုင်ပေးကာ ကန်တော့ကြပြီး ကန်တော့ပစ္စည်းများကို တစ်ဦးချင်းစီ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကန်တော့ခံ သက်ကြီးသတင်းစာ ပညာရှင်များ ကိုယ်စား ဟံသာဝတီ ဦးအုန်းကြိုင်က "ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ကြသော သတင်းစာပညာရှင်ကြီးတွေထံမှ သမိုင်းအစဉ်အလာကောင်းတွေကို ပခုံးပြောင်းလက်ဆင့်ကမ်း ထမ်းဆောင်ကြမယ့် မျိုးဆက်သစ်လူငယ် သတင်းစာဆရာတွေအနေနဲ့ မြန်မာသတင်း မီဒီယာလောကရဲ့ အခန်းကဏ္ဍကို အမြတ်တနိုး တန်ဖိုးထားတတ်ဖို့နဲ့ ထိန်းသိမ်းစောင့်ရှောက်ကြဖို့ အခု ပူဇော်ကန်တော့ပွဲကြီးက အားပေးရာလည်း ရောက်စေတာ အမှန်ဖြစ်ပါတယ်"ဟု သြဝါဒစကား ပြောကြားပြီး အသင်းအတွင်းရေးမှူး ဦးကျော်စွာမင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် သက်ကြီးသတင်းစာပညာရှင် စုစုပေါင်း ၁၁၅ ဦးအား တစ်ဦးလျှင် အလှူငွေကျပ် တစ်သိန်းစီနှင့် အလှူပစ္စည်းများ၊ ယခုနှစ် သက်ကြီးသတင်းစာပညာရှင် စာရင်းဝင် ၅၅ ဦးအတွက် Sky Net ရုပ်သံဖမ်းစက်နှင့် တစ်နှစ်စာကြည့်ရှုခွင့် အခမဲ့တို့ကို ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ-ဇော်မင်းလတ်**





# အိုင်အက်စ်တို့အားတိုက်ခိုက်ရန် ပြင်သစ်သင်္ဘော ဆီးရီးယားကမ်းလွန်တွင်ဖြန့်ကြက်

**ပါရီ ဒီဇင်ဘာ ၅**

ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းသည် ဆီးရီးယားကမ်းလွန်ရှိ လေယာဉ်တင်သင်္ဘော ချားလ်ဒီဂေါသို့ ဒီဇင်ဘာ ၄ ရက်က သွားရောက်ခဲ့သည်။ ပြင်သစ်သမ္မတက အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရန် ၎င်း၏ဆုံးဖြတ်ချက်ကို ထပ်မံအတည်ပြုခဲ့သည်။

ပြင်သစ်သမ္မတဖရန်ဆွာဟော်လန်းသည် လွန်ခဲ့သော သောကြာနေ့က လေယာဉ်တင်သင်္ဘောပေါ်သို့ ကာကွယ်ရေးဝန်ကြီး ဂျင်ဗက်စ်လီဒရန်ယန်နှင့် အတူရောက်ရှိခဲ့သည်။ ပြင်သစ်နိုင်ငံသည် နိုဝင်ဘာ ၁၃ရက် ပါရီတိုက်ခိုက်ခံရမှုကို တုံ့ပြန်သောအားဖြင့် လေယာဉ်တင်သင်္ဘောများကို တပ်ဖြန့်ချထားမည်ဖြစ်သည်။

လေယာဉ်တင်သင်္ဘောပေါ်မှ စစ်လေယာဉ်များသည် လွန်ခဲ့သော လကတည်းက ဆီးရီးယားနှင့် အီရတ်ရှိ အိုင်အက်စ်တပ်ဖွဲ့၏ ခြေကုပ်နေရာများကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ပြင်သစ်သမ္မတက အိုင်အက်စ်တို့ကို မတ်လအထိ တိုက်ခိုက်သွားမည့် မဟာမိတ်တပ်ဖွဲ့များ၏ မူဘောင်သဘောတူညီချက်အရ ပြင်သစ်လေယာဉ်တင်သင်္ဘောအမှုထမ်း ၁၅၀၀ ကို တာဝန်များထမ်းဆောင်ရန် တပ်ဖြန့်ချထားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ပြင်သစ်သမ္မတ ဟော်လန်းက အိုင်အက်စ်စစ်သွေးကြွများကို အမေရိကန်တပ်ဖွဲ့များနှင့်ပူးပေါင်းပြီး အင်အားတိုးမြှင့် တိုက်ခိုက်မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# အာကွန်းဇာဒါအား တာလီဘန်ခေါင်းဆောင်ခန့်

**အစ္စလမ္မာဘတ် ဒီဇင်ဘာ ၅**

အာဖဂန်တာလီဘန်ခေါင်းဆောင် မူလာအက်(စ်)တာ သေဆုံးကြောင်း သတင်း ထွက်ပေါ်ခဲ့ပြီးနောက် မော်လာဗီဟိုင်ဘာတူလာ အာကွန်းဇာဒါအား ခေါင်းဆောင်သစ်အဖြစ် ရွေးချယ်လိုက်ပြီဖြစ်ကြောင်း ပါကစ္စတန် ရုပ်သံချန်နယ် ၂၄ က အာဖဂန်မှလာသော သတင်းအရင်းအမြစ်များကိုကိုးကားပြီး သောကြာနေ့ညပိုင်းက ထုတ်လွှင့်ခဲ့သည်။

တာလီဘန်ခေါင်းဆောင် မန်ဆိုးသည် ပါကစ္စတန် အနောက်တောင်ပိုင်း ကွက်တာမြို့အနီး အာဖဂန်တာလီဘန်တပ်မှူးများ အစည်းအဝေးကျင်းပစဉ် ဗုဒ္ဓဟူးနေ့က သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး ရရှိသောဒဏ်ရာဖြင့်သေဆုံးသွားကြောင်း သတင်းအရင်းအမြစ်ကို ထုတ်ဖော်ပြောကြားခြင်းမရှိသည့် အဆိုပါရုပ်သံချန်နယ်က ပြောသည်။

အာကွန်းဇာဒါသည် တာလီဘန်ဒုတိယအကြီးအကဲဖြစ်ပြီး တာလီဘန်အကြီးအကဲများ ကောင်စီအဖွဲ့ဝင်လည်းဖြစ်သည်။ ၎င်းအား အာဖဂန်တာလီဘန်ခေါင်းဆောင်သစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဒဏ်ရာဖြင့် သေဆုံးသွားခဲ့သော မန်ဆိုးသည် လွန်ခဲ့သော နှစ်နှစ်ကသေဆုံးခဲ့သော တာလီဘန်ခေါင်းဆောင် မူလာအိုမာ၏ နေရာကို ဇူလိုင် ၂၉ ရက်က ရွေးချယ်ခံရပြီး တာလီဘန်ခေါင်းဆောင်ဖြစ်လာသူဖြစ်သည်။

**(ဆင်ဟွာ)**

# အိုပက်အဖွဲ့ ရေနံတိုးထုတ်မည်မဟုတ်

**ဗီယင်နာ ဒီဇင်ဘာ ၅**

အဓိကရေနံထုတ်လုပ်ရောင်းချသူများက ရေနံထောက်ပံ့ပေးမှုကို လျှော့ချရန် တွန့်ဆုတ်နေချိန် အိုပက်အဖွဲ့ကြီးက ထုတ်လုပ်မှုကို ထပ်မံတိုးမြှင့်ထုတ်လုပ်မည်မဟုတ်ကြောင်း သောကြာနေ့က ပြောကြားလိုက်သည်။ အိုပက်အဖွဲ့ကြီးက တစ်နေ့ရေနံစည်ပေါင်း သန်း ၃၀ ထုတ်လုပ်လျက်ရှိရာ လွန်ခဲ့သော သုံးလက ကမ္ဘာ့ရေနံဈေးကျဆင်းမှုကြောင့် တစ်နေ့ဆီပေါင်း ၃၁ ဒသမ ၅ သန်းအထိ တိုးမြှင့်ထုတ်လုပ်ခဲ့သည်။ အိုပက်အဖွဲ့သည် ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ ၃၃ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးလျက်ရှိသည်။

**(ဆင်ဟွာ)**

# ပါရီတိုက်ခိုက်မှု သံသယရှိသူနှစ်ဦးဓာတ်ပုံများ ဘယ်လ်ဂျီယံထုတ်ပြန်




**ဘရပ်ဆဲလ် ဒီဇင်ဘာ ၅**

ဘယ်လ်ဂျီယံနိုင်ငံမှ စုံစမ်းစစ်ဆေးရေးမှူးများသည် လွန်ခဲ့သောလ ပါရီတိုက်ခိုက်မှုတွင် သံသယရှိသူ လူနှစ်ဦး၏ ဓာတ်ပုံများကို ထုတ်ပြန်လိုက်ပြီဖြစ်သည်။ ထို့ပြင် ၎င်းတို့နှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို အကြောင်းကြားရန် တိုက်တွန်းလိုက်သည်။

စုံစမ်းစစ်ဆေးသူများသည် ပါရီတိုက်ခိုက်မှုတွင် သံသယရှိသူနှစ်ဦးနှင့် ဆက်သွယ်သည့် ဘယ်လ်ဂျီယံဖွား သံသယရှိသူ ဆာလာဟ်အက်ဘ်ဒယ်စလမ်ကို ရှာဖွေနေကြောင်း သိရသည်။ အက်ဘ်ဒယ်စလမ်သည် စက်တင်ဘာလက ဟန်ဂေရီမြို့တော် ဘူဒါပက်စ်သို့ နှစ်ကြိမ်တိုင်တိုင် သွားရောက်ခဲ့ကြောင်း စုံစမ်းစစ်ဆေးရေးအရာရှိများက ဒီဇင်ဘာ ၄ ရက်က ပြောခဲ့သည်။ ၎င်းသည် စက်တင်ဘာ ၉ ရက် က လူနှစ်ဦးနှင့်အတူ ကားဖြင့် ခရီးသွားစဉ် ဩစတြီးယားနယ်စပ်၌ ရဲများက စစ်ဆေးခဲ့ကြောင်း စုံစမ်း စစ်ဆေးသူ အရာရှိများက ပြောကြား သည်။

အတူလိုက်ပါလာသူနှစ်ဦးက ဘယ်လ်ဂျီယံနိုင်ငံသားဟု ဖော်ပြရန် စာရွက်စာတမ်းအတုများ ယူဆောင်လာကြောင်း အရာရှိများက ပြောခဲ့သည်။ တစ်ယောက်သောသူမှာ ဘရပ်ဆဲလ်ရှိ ဘဏ်တစ်ခုတွင် စာရွက်စာတမ်း အတုများဖြင့် နိုဝင်ဘာ ၁၈ ရက်က ပါရီဆင်ခြေဖုံး၌ ရဲများဝင်ရောက်စီးနင်းမှုတွင် သေဆုံးခဲ့သော အမျိုးသမီးတစ်ဦးထံသို့ ငွေလွှဲပို့ခဲ့ကြောင်း အရာရှိများက ဆက်လက်ပြောကြားသည်။

**(အင်န်အိတ်ချ်ကေ)**

# အယ်လ်ခိုင်ဒါနှင့်ဆက်နွယ်သူငါးဦး မလေးရှား၌ ဖမ်းမိ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၅**

အိုင်အက်စ်နှင့် အယ်လ်ခိုင်ဒါတို့နှင့် ဆက်နွယ်သည်ဟု သံသယရှိသည့် ဆရာတစ်ဦးအဖြစ် အလုပ်လုပ်နေသော ဥရောပတိုက်သားတစ်ဦးအပါအဝင် လူငါးဦးအား ဖမ်းဆီးထားကြောင်း မလေးရှားရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

ရုရှားတို့၏ အကျိုးစီးပွားကိုတိုက်ခိုက်ရန် အောက်တိုဘာလအတွင်းက အိမ်နီးချင်းထိုင်းနိုင်ငံအတွင်းသို့ အိုင်အက်စ်တို့နှင့် ဆက်နွယ်သည့် ဆီးရီးယားနိုင်ငံသား ၁၀ ဦး ဝင်ရောက်သည့်သတင်း သောကြာနေ့တွင် ထွက်ပေါ်လာပြီးနောက် မလေးရှားတွင် လုံခြုံရေးတပ်လှန့်ထားသည်။

အဆိုပါ ဖမ်းဆီးထားသူများတွင် နိုင်ငံခြားသားလေးဦးနှင့် မလေးရှားနိုင်ငံသားတစ်ဦးတို့ပါဝင်ကြောင်း၊ ယင်းတို့အား နိုဝင်ဘာ ၁၇ ရက်နှင့် ဒီဇင်ဘာ ၁ ရက် အကြားတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရဲမှူးချုပ် ဝါလစ်အဘူဘာကာ၏ ကြေညာချက်တွင်ဖော်ပြသည်။

ယင်းတို့အနက် ပီနန်ပြည်နယ်တွင် ကျောင်းဆရာအဖြစ် အလုပ်လုပ်နေသော အသက် ၄၄ နှစ် အရွယ်ရှိ ဥရောပတိုက်သားသည် အယ်လ်ခိုင်ဒါနှင့် ဆက်နွယ်သူဖြစ်ပြီး အာဖဂန်နစ္စတန်နှင့် ဘော့စနီးယားတို့တွင် စစ်သွေးကြွလှုပ်ရှားမှုတို့တွင် ပါဝင်သည်ဟု စွပ်စွဲခံထားရသူဖြစ်သည်။ အခြားသံသယရှိသူသုံးဦးမှာ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများဖြစ်ကြပြီး အိုင်အက်စ်၏ ဆက်နွယ်သော ဆဲလ်အဖွဲ့၏ အစိတ်အပိုင်းဖြစ်ကာ ပင်လယ်ရပ်ခြား စစ်သွေးကြွစုဆောင်းရေးလုပ်ငန်း လုပ်ကိုင်နေသူများဖြစ်သည်။

**(ရိုက်တာ)**




# ဘင်္ဂလားဒေ့ရှ်မြောက်ပိုင်း ဗုံးခွဲတိုက်ခိုက်မှု ခြောက်ဦးဒဏ်ရာရ

**ဒါကာ ဒီဇင်ဘာ ၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်း ဟိန္ဒူဘာသာဝင်များစုရုံးရာ နေရာတစ်နေရာ၌ စနေနေ့က ဆက်တိုက်ဗုံးပေါက်ခဲ့ရာ ခြောက်ဦးဒဏ်ရာရပြီး သုံးဦးမှာ စိုးရိမ်ရကြောင်း ရဲအဖွဲ့ကပြောသည်။

ပြီးခဲ့သည့်လက အဆိုပါဒေသ၌ သေနတ်ပစ်ခတ်မှုကြောင့် အီတလီဆရာဝန်တစ်ဦး ဒဏ်ရာရပြီးနောက် ယင်းတိုက်ခိုက်မှုပေါ်ပေါက်လာခြင်းဖြစ်သည်။ ယင်းနေရာသည် အိုင်အက်စ်တို့က အီတလီနိုင်ငံသားတစ်ဦးနှင့် ဂျပန်နိုင်ငံသားတစ်ဦးတို့က သီးခြားစီသတ်ဖြတ်ခဲ့သောနေရာလည်းဖြစ်သည်။ အခင်းဖြစ်ပွားရာနေရာသည် မြို့တော်ဒါကာမှ မြောက်ဘက်မိုင် ၂၆၀ အကွာ ဒီနာပါးခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရုပ်ရှ်မီလာဟုလူသိများသော ဘာသာရေးအခမ်းအနားသို့ လူရာပေါင်းများစွာတို့ တက်ရောက်နေစဉ် ဗုံးဆက်တိုက်ဖောက်ခွဲတိုက်ခိုက်ခဲ့သည်ဟု ကာဟာလူယာ ရဲချုပ်အဗ္ဗဒူမာဇတ်က ရိုက်တာသို့ပြောသည်။

ယင်းတိုက်ခိုက်မှုသည် မကြာသေးမီက ဘာသာရေးခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့ပြီးနောက် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

**(ရိုက်တာ)**

# ကယ်လီဖိုးနီးယားပစ်ခတ်မှု သက်သေများ အက်ဖ်ဘီအိုင်စစ်ဆေး

**ဝါရှင်တန် ဒီဇင်ဘာ ၅**

အမေရိကန်စုံစမ်းထောက်လှမ်းရေးဗျူရို (အက်ဖ်ဘီအိုင်)မှ အရာရှိများသည် ဗုဒ္ဓဟူးနေ့က ကယ်လီဖိုးနီးယား၌ ဖြစ်ပွားခဲ့သော ပစ်ခတ်မှုသည် ပြည်တွင်း သို့မဟုတ် နိုင်ငံခြားအကြမ်းဖက်များနှင့် ချိတ်ဆက်မှုရှိ၊ မရှိကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

ကယ်လီဖိုးနီးယားပစ်ခတ်မှုသံသယရှိသူများမှာ ဆိုင်ဒ်ရစ်ဇန်ဖာရွတ်ခ်နှင့် သူ၏ဇနီး တက်ရှ်ဖန်မယ်လိဇခ်တို့ဖြစ်ကြောင်း သိရသည်။ ယင်းပစ်ခတ်မှုသည် အဆောက်အအုံတစ်ခုထဲတွင် ဖြစ်ပွားခဲ့ပြီး လူ ၁၄ ဦး သေဆုံးကာ ၂၁ ဦး ဒဏ်ရာရရှိခဲ့သည်။ သံသယရှိသူ နှစ်ဦးမှာ ရဲများနှင့် ပစ်ခတ်မှုဖြစ်ပွားစဉ် သေဆုံးခဲ့သည်။ စုံစမ်းစစ်ဆေးသူများက နောက်ပိုင်းတွင် ဆိုင်ဒ်ရစ်ခ်ဇန်၏ အိမ်ထဲတွင် လက်နက်ခဲယမ်းမီးကျောက်များ အများအပြားတွေ့ရှိခဲ့ကြောင်း ပြောခဲ့သည်။

အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူး ဂျိမ်းစ်ကိုမေးက ဝါရှင်တန်၌ သောကြာနေ့က ပစ်ခတ်မှုပြုလုပ်သူများ၏ အိမ်တွင် ပစ်ခတ်ဖျက်ဆီးမည့် အစီအစဉ်များနှင့် ပတ်သက်ပြီးအထောက်အထား အများအပြားတွေ့ရသည်ဟုပြောပြီး ပစ်ခတ် မှု သံသယရှိသူအမျိုးသမီးက ဖေ့စ်ဘွတ်ခ်ပို့စ်တွင် အိုင်အက်စ်စစ်သွေးကြွများအပေါ် သစ္စာရှိမှုကို ဖော်ပြခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် စီမံခန့်ခွဲမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အထူးသံတမန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လျိုကျန်းမင်အား ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်ရှိ တပ်မတော်ဧည့်ရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများနှင့်အထွေထွေရွေးကောက်ပွဲကျင်းပပြီးစီးမှုအခြေအနေ၊ ရွေးကောက်ပွဲအလွန်ကာလ နိုင်ငံတွင် တည်ငြိမ်အေးချမ်းမှုဖြင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် တပ်မတော်၏ ရပ်တည်မှုအခန်းကဏ္ဍ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ခိုင်မြဲစွာရှိနေသည့် ဆက်ဆံရေးအခြေအနေ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် စီမံခန့်ခွဲမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အထူးသံတမန်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တပ်မတော်အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အထူးသံတမန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လျိုကျန်းမင်နှင့်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (မြဝတီ)

## အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၇ ခုနှစ်၊ လ ရက်
၂၀၁၅ ခုနှစ်၊ လ ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ** ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ဃ) **ရွေးကောက်ပွဲ** ဆိုသည်မှာ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာ လွှတ်တော်ပုံမှန်သက်တမ်းအတွက် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။”

၃။ **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ** ပုဒ်မ ၆၈၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို သို့မဟုတ် မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ **ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင်** ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။”

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၇ ခုနှစ်၊ လ ရက်
၂၀၁၅ ခုနှစ်၊ လ ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ဃ) **ရွေးကောက်ပွဲ** ဆိုသည်မှာ **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်** ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာ လွှတ်တော်ပုံမှန်သက်တမ်းအတွက် အကြောင်းအမျိုးမျိုးကြောင့်လစ်လပ်လျက်ရှိသော **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်** မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာသတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။”

၃။ **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ** ပုဒ်မ ၆၈၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို သို့မဟုတ် မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ **ယင်းမဲဆန္ဒနယ်အတွက်ကျင်းပခဲ့သော ရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင်** ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။”

## သံအမတ်ကြီး သူရဦးသက်ဦးမောင်အား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီဂျစ်အာရပ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး သူရဦးသက်ဦးမောင်အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား ဖင်လန်နိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု သမ္မတဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဖင်လန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် ဒီဇင်ဘာ ၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ လျော့နည်းနေမည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# (၉၅)နှစ်မြောက် အမျိုးသားနေ့

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်

(၆-၁၂-၂၀၁၅)

# အမျိုးသားရေးအကျိုးစီးပွားကို ရှေးရှုသည့် ပညာရေးအခြေခံကောင်းများရှိမှ မျိုးချစ်စိတ်ဓာတ်မြင့်မားပြီး ပြည်ထောင်စုစိတ်ဓာတ်ခိုင်ကျည်မြဲမြံမည်

ဦးကျော်စိန်(မန္တလေး)

မြန်မာနိုင်ငံ၏ **"အမျိုးသားနေ့"** ဖြစ်ပေါ်လာပုံမှာ ၁၉၁၈ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံ တက္ကသိုလ်ကော်မတီကို ဖွဲ့စည်းခဲ့ရာမှ စတင်ခဲ့သည်။ ပြင်ဆင်ရေးဆွဲထားသော ဥပဒေမူကြမ်းကို ၁၉၂၀ ပြည့်နှစ် ဇူလိုင်လတွင် ဘုရင်ခံစစ်ကောင်စီအစည်းအဝေး၌ တင်သွင်းခဲ့ကြသည်။ ဗြိတိသျှတို့ စိတ်ကြိုက်ခန့်ကော်မတီ၏ ဥပဒေကြမ်းကို မြန်မာနိုင်ငံမှ အမတ်များက အကျယ်တဝင့် ဝေဖန်ကန့်ကွက်ခဲ့ကြသည်။ မြန်မာတို့သည် မြန်မာနိုင်ငံတွင် တက္ကသိုလ်တစ်ခုရှိစေလိုသော်လည်း ဥပဒေကြမ်းအရ ဗြိတိသျှတို့ တည်ထောင်ပေးမည့် တက္ကသိုလ်မျိုး မလိုလားကြချေ။ ထို့ကြောင့်ပင် တက္ကသိုလ်ဥပဒေကြမ်း ထွက်ပေါ်လာကတည်းက ကန့်ကွက်လာခဲ့ကြ၏။ ဥပဒေပြုလွှတ်တော်တွင်း/အပြင်ကပါ ကန့်ကွက်၍ လိုလားချက်အချို့ကို ပြတ်ပြတ်သားသား ပြင်းပြင်းထန်ထန် တောင်းဆိုခဲ့ကြ၏။

ဗြိတိသျှတို့၏ ချုပ်ချယ်ဟန့်တားမှုများတွင် ကိုလိုနီအုပ်ချုပ်ရေးယန္တရားကို အခွန့်ရှည်စေမည့် ကျွန်ပညာရေးဥပဒေသည်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ ယင်းဥပဒေကို ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် ထုတ်ပြန် ကြေညာခဲ့သည်။ ယင်းဥပဒေတွင် -

(၁) မြန်မာနိုင်ငံတွင် တက္ကသိုလ်ကျောင်းတစ်ကျောင်းသာရှိရမည်။

(၂) ကောလိပ်ကျောင်း၌ ပညာသင်လိုလျှင် ကျောင်းအိပ်ကျောင်းစားနေရမည်။

(၃) ဆယ်တန်းစာမေးပွဲတွင် အင်္ဂလိပ်ဘာသာနှင့် အခြားဘာသာတစ်ခုခုတွင် ဂုဏ်ထူးမှတ်ရမှသာလျှင် တက္ကသိုလ်၊ ကောလိပ်ဝင်ခွင့်ရမည်။

(၄) ဂုဏ်ထူးတန်းနှင့် ဝိဇ္ဇာဘွဲ့တန်းတွင် တစ်ကြိမ်ကျရှုံးလျှင် နောက်ထပ်စာမေးပွဲ ဖြေဆိုခွင့်မရှိစေရ။

(၅) ဆယ်တန်းအောင်ပြီးလျှင် တက္ကသိုလ်ဝင်ခွင့်အတန်းတစ်တန်း၌ တစ်နှစ်သင်ယူပြီးမှ တက္ကသိုလ်ဝင်ခွင့်ရမည်။

(၆) တက္ကသိုလ်ဝင်ရန်ပြင်ဆင်မှုအတန်းတွင် တစ်နှစ်သင်ယူရန်၊ အဆင့်မမီလျှင် နောင်မည်သည့်အခါ မျှ တက္ကသိုလ်သို့ ဝင်ရောက်ခွင့်မရှိစေရ။

ယင်းဥပဒေကို ကျောင်းသားထုအပါအဝင် ပြည်သူတစ်ရပ်လုံးက မနှစ်သက်ကြပေ။ အကြောင်းမူကား မြန်မာအမျိုးသားလူငယ်များ ပညာတတ်ဖြစ်လာရန် တားဆီးခံထားရသောကြောင့်ဖြစ်၏။ အထူးသဖြင့် ထိုဥပဒေသည် ဆင်းရဲသော လယ်သမား၊ အလုပ်သမားများ၏ သားသမီးများအတွက် အထက်တန်းပညာကို သင်ကြားခြင်းမပြုနိုင်စေရန် ကန့်သတ်ချုပ်ချယ်ထားခြင်းကြောင့်ပင်ဖြစ်သည်။ ဂျီစီဘီအေအသင်းကြီး၊ ကျောင်းသားအစည်းအဝေးများ၊ မြန်မာသတင်းစာများက ကန့်ကွက်နေသည့်ကြားမှ ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကို ၁၉၂၀ ပြည့်နှစ် စက်တင်ဘာ ၆ ရက်နေ့တွင် မြန်မာပြည် အတိုင်ပင်ခံဥပဒေပြုအဖွဲ့မှ အတည်ပြုလိုက်၏။ အိန္ဒိယဘုရင်ခံချုပ်ကလည်း ယင်းဥပဒေကို ထိုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးလိုက်ပြန်သည်။ ဤသို့ဖြင့် ဗြိတိသျှနယ်ချဲ့တို့သည် ရန်ကုန်မြို့ရှိ ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်နှစ်ခုကိုပေါင်းကာ တက္ကသိုလ်ခေါ် ရန်ကုန်ယူနီဗာစီတီကို တည်ထောင်လိုက်ကြောင်း ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဤသို့ဖြင့် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့မှ ကျောင်းသားထုတစ်ရပ်လုံးက မကျေနပ်ကြသဖြင့် ဆန္ဒပြရန်ဆုံးဖြတ်ခဲ့ကြသည်။ ထိုခေတ်အခါက ကောလိပ်မှ ဒီဂရီဘွဲ့တစ်ခုခုရလျှင် မြို့အုပ်၊ နယ်ပိုင်၊ မြို့ပိုင်၊ အရေးပိုင်အစရှိသည့် ရာထူးတစ်ခုခုရရှိရန် အာမခံပြီးဖြစ်နေသည်။ ဤသို့သော ပုဂ္ဂလိက အခွင့်အရေးများ ရှိနေလင့်ကစား ကျောင်းသားများက ကိုယ်ကျိုးကိုစွန့်၍ လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ပေသည်။ ယင်းတို့စခန်းတည်ရာမှာ ရန်ကုန်မြို့ ဗဟန်းရပ် ရွှေကျင်တိုက် ဆရာတော် ဦးအရိယ၏ ကျောင်းတိုက်ဖြစ်သည်။ ကျောင်းသားခေါင်းဆောင်များမှာ ဦးဘခင်၊ ဦးညီပိတ် စသော ကျောင်းသားကြီး ကိုးဦးနှင့် ကိုယ်စားလှယ် ၂၆ ဦးပါသော ဆန္ဒပြမည့် ကော်မတီကို ဖွဲ့စည်းခဲ့၏။

ထိုသို့ ကောလိပ်ကျောင်းနှစ်ကျောင်းမှ ကျောင်းသားများ ခေါင်းဆောင်၍ မြန်မာတစ်ပြည်လုံးရှိ အစိုးရကျောင်း၊ အထောက်အပံ့ခံကျောင်း၊ အစောင့်အရှောက်ခံကျောင်း၊ တိုင်းရင်းသားကျောင်း၊ ဝိုင်အမ်ဘီအေအသင်းများက တည်ထောင်သောကျောင်း၊ ဗုဒ္ဓဘာသာကျောင်းများတွင် ဆန္ဒပြခဲ့ကြသည်။ ယင်းသည် ဗြိတိသျှအစိုးရအား အထိနာစေခဲ့သော ပထမဦးဆုံးဆန္ဒပြပွဲကြီးပင်ဖြစ်သည်။ ထိုနေ့မှာ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့(မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀) ရက်နေ့ဖြစ်သည်။

ဤကျောင်းသားလှုပ်ရှားမှုကြီးကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်မှာ တစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်းပေါင်း ၉၀ မျှ ပေါ်ပေါက်လာပြီး အမျိုးသားပညာရေးအဖွဲ့ချုပ်ပေါ်ပေါက်လာခဲ့သည်။ ထင်ရှားသော ကျောင်းသားများအဖြစ် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၊ မြန်မာနိုင်ငံ၏ ပထမဦးဆုံးဝန်ကြီးချုပ် ဦးနု၊ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်နှင့် တို့ဗမာအစည်းအရုံးတည်ထောင်သူ သခင်ဘသောင်း အပါအဝင် ထင်ရှားသော မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်များသည် ဤသို့သော အမျိုးသားအထက်တန်းကျောင်းများတွင် ပညာသင်ကြား၍ တက္ကသိုလ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြသူများဖြစ်သည်။

၁၉၂၀ ပြည့်နှစ် မြန်မာပြည်အတွင်းတွင် မြန်မာနိုင်ငံအုပ်ချုပ်ရေးတောင်းဆိုမှု ဝံသာနုရက္ခိတတရား စောင့်ထိန်းမှုစသော လှုပ်ရှားမှုအဖုံဖုံတို့နှင့် ပြည့်နှက်နေသည်။ ထိုအချိန်တွင်ပင် ကျောင်းသားများလည်း ပညာရေးကိစ္စအတွက် လှုပ်ရှားလာခဲ့ကြပေသည်။ ဤသို့ဖြင့် ဗြိတိသျှအစိုးရအား ဆန့်ကျင်တိုက်ခိုက်သော အကြမ်းမဖက်သည့် လူထုတိုက်ပွဲတစ်ရပ် မြန်မာနိုင်ငံတွင် ပထမဦးစွာ ပေါ်ပေါက်လာခဲ့သည်။ ဗြိတိသျှတို့၏ ကိုလိုနီကျွန်ပညာရေးကို မြေလှန်ဖြိုဖျက်၍ အမျိုးသားပညာရေးဖြင့် အစားထိုးနိုင်ရန် ရှေးဦးစွာကြိုးပမ်းချက်ပင်ဖြစ်တော့သည်။

၁၉၂၁ ခုနှစ် မြန်မာပြည်အနှံ့အပြား အမျိုးသားကျောင်း (နေရှင်နယ်ကျောင်း)များ တည်ထောင်ဖွင့်လှစ်ကြရာ ဆရာကြီး ဦးရာဇတ်သည် ၁၉၂၁ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် "မန္တလေးမြို့ ဗဟိုအမျိုးသားအထက်တန်းကျောင်း (နေရှင်နယ်ကျောင်း)"ကို တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ဗဟိုအမျိုးသားကျောင်း (နေရှင်နယ်ကျောင်း)ကြီးအောက်တွင်-

(၁) ဆိုင်းတန်း(သဘော်တန်းရပ်) အမျိုးသားအလယ်တန်းကျောင်း၊

(၂) ညောင်ပင်စျေးရပ် အမျိုးသားအလယ်တန်းကျောင်း၊

(၃) မင်္ဂလာစျေးရပ် အမျိုးသားအလယ်တန်းကျောင်း၊

(၄) တရုတ်တန်းရပ် အမျိုးသမီးအထက်တန်းကျောင်းဟု ကျောင်းခွဲများ တည်ထောင်ခဲ့သည်။

ကျောင်းသားများ ဆန္ဒပြမှုသည် နယ်ချဲ့လက်အောက်မှ ပထမဦးဆုံး ရှန်းကန်ထမြောက်ခဲ့သည့် လှုပ်ရှားမှုဖြစ်သည်နှင့်အညီ မြန်မာတစ်မျိုးသားလုံး၏ မီးခဲပြာဖုံးဖြစ်နေသော အမျိုးသားရေးဇာတိမာန်(ဝါ) အမျိုးသားရေးစိတ်ဓာတ်ကို နိုးထစေခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာခေါင်းဆောင်ကြီးများသည် အမျိုးသားရေးစိတ်ဓာတ်ကို အရှည်သဖြင့် စောင့်ထိန်းသွားရန် လိုအပ်သည်ကို သတိပြုမိကြ၍ ၁၉၂၁ ခုနှစ် မန္တလေးမြို့၌ ကျင်းပသည့် နဝမအကြိမ်မြောက် ဂျီစီဘီအေ ခေါ် မြန်မာအမျိုးသားအသင်းချုပ်ကြီး၏ အစည်းအဝေးတွင် မြန်မာအမျိုးသားနေ့ကို အများသဘောတူ သတ်မှတ်ပေးနိုင်ရန် တင်ပြဆွေးနွေးခဲ့ကြသည်။ ဤသို့ဖြင့် အစည်းအဝေးကြီးက မြန်မာတို့အမွန်အမြတ်ထားသော သီပေါမင်းပါတော်မူနေ့၊ ဆရာတော် ဦးဥတ္တမ ထောင်ကျသောနေ့နှင့် မြန်မာတက္ကသိုလ်ကျောင်းသားများ သပိတ်စတင်မှောက်သောနေ့ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့ (၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့)ကို "National Day (ဝါ) အမျိုးသားနေ့" ဟု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ သတ်မှတ်ခဲ့သောကြောင့် အကျိုးဆက်အားဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ မြို့ကြီးများတွင် အမျိုးသားကျောင်းများ ပေါ်ထွန်းခဲ့ပြီး မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးဇာတိမာန် (ဝါ) အမျိုးသားရေးစိတ်ပြင်းထန်လာခဲ့သည်။ ဆက်လက်၍ သူ့ကျွန်ဘဝမှလွတ်မြောက်အောင် ကြိုးပမ်းအားထုတ်နိုင်ခဲ့ရာ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိခဲ့သည်။ နိုင်ငံတိုင်းသည် ထိုနိုင်ငံ၊ ထိုလူမျိုး၏ အမျိုးသားရေး အကျိုးစီးပွားကို ရှေးရှုသည့် ပညာရေးအခြေခံကောင်းများရှိမှသာ ထိုနိုင်ငံသည် မျိုးချစ်စိတ်ဓာတ်မြင့်မားပြီး ပြည်ထောင်စုစိတ်ဓာတ်ခိုင်ကျည်မြဲမြံမည်ဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း (၉၅)နှစ်ကြာကာလက ပညာရေးကိုအခြေခံသည့် သန္ဓေတည်ခဲ့သော မျိုးချစ်စိတ်ဓာတ်ကြောင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသည့် နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

**အမျိုးသားရေးစိတ်ဓာတ်သည် နိုင်ငံသားအားလုံး၏ အသက်သွေးပင်ဖြစ်၏။**

**အမျိုးသားစိတ်ဓာတ်ပြင်းပြသော နိုင်ငံများသည် ဖွံ့ဖြိုးမှုနှုန်းမြန်ဆန်။**

**မြန်မာခေါင်းဆောင်ကြီးများသည် အမျိုးသားရေးစိတ်ဓာတ်ကို အရှည်သဖြင့် စောင့်ထိန်းသွားရန် လိုအပ်သည်ကို သတိပြုမိကြ။**

မျက်မှောက်ကာလ နည်းပညာခေတ်တွင် ပြည်ပမှ ထိုးဖောက်ဝင်ရောက်လာသော နိုင်ငံရေးနှင့် ယဉ်ကျေးမှု အတွေးအခေါ်တို့ကို မှန်ကန်စွာသုံးသပ်ရှုမြင်ပြီး မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြမှသာ ခိုင်မာသည့် အမျိုးသားရေးစိတ်ဓာတ်နှင့် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေဆဲဖြစ်သည်။ ဒီမိုကရေစီသက်တမ်း ငါးနှစ်နီးပါးကာလအတွင်း စိန်ခေါ်မှုများစွာရှိနေဆဲဖြစ်ရာ ပြည်သူအားလုံးအနေဖြင့် အမျိုးသားရေးဇာတိမာန် ထက်သန်စေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အမျိုးသားရေးစိတ်ဓာတ်သည် နိုင်ငံသားအားလုံး၏ အသက်သွေးပင်ဖြစ်၏။ အမျိုးသားစိတ်ဓာတ်ပြင်းပြသော နိုင်ငံများသည် ဖွံ့ဖြိုးမှုနှုန်းမြန်ဆန်လှပါသည်။ "အမျိုးသား"ဆိုသည်မှာ မိမိနိုင်ငံ၏ ရေမြေနယ်နိမိတ်အတွင်း နှစ်ပရိစ္ဆေဒကြာမြင့်စွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြသည့် နိုင်ငံသားများပင်ဖြစ်သည်။ မိမိတို့၏ နိုင်ငံနှင့် လူမျိုးကို ချစ်ခင်မြတ်နိုးတွယ်တာသည့် စိတ်နှင့်ပေါင်းစပ်ကာ မည်သူမျှဝင်ရောက်ဖြိုဖျက်ဟန့်တားနိုင်စွမ်းမရှိပေ။

ထို့ကြောင့် (၉၅)နှစ်မြောက် **"အမျိုးသားနေ့"**မှသည် မိမိတို့ ရှေးရှုချီတက်နေသော ဒီမိုကရေစီနိုင်ငံတော်သစ်ခရီးတွင် တစ်မျိုးသားလုံးက အမျိုးသားရေးဇာတိမာန်အပြည့်အဝဖြင့် အမျိုးသားရေးတာဝန်အဖြစ် မှတ်ယူကာ နိုင်ငံသူနိုင်ငံသားအားလုံး ကောင်းစားရေး၊ ငြိမ်းချမ်းစွာ လက်တွဲအတူနေထိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်၍ သာယာဝပြောသော နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးကို ရှေးရှုဖော်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် (၉၅)နှစ်မြောက် **"အမျိုးသားနေ့"**ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

## ဘုန်းရှင့်မြန်မာ တို့မြန်မာ

(ကာချင်း)

**ရေနံ့သာမောင်ကျော်ညွန့်**

* အသရေဆင့် နေနှယ်တင့်
ဘုန်းရှင့်မြန်မာ မြန်မာလော၊
မြန် . . . မာ၊ မြန် . . . မာ။

* လျှင်မြန်သန်မာ ဖွဲ့ခိုင်မာ
မြန်မာဟူ၍ ခေါ်တွင်လော၊
ခေါ် . . . တွင်၊ ခေါ် . . . တွင်။

* မြန်မာဟူသည်
ကမ္ဘာတည်၊ ကမ္ဘာတည်။

* မြန်မာဟူသည်
ဘာမထီ၊ ဘာမထီ။

* ဟုတ်တည်း ဆွေရင်း၊ ဆွေရင်း
ဟုတ်တည်း ရောင်းရင်း၊ ရောင်းရင်း။

* မြန်မာလူမျိုး တို့လူမျိုး
မျိုးရိုးမြင့်မြတ်သည်၊ မြင့်မြတ်သည်။

* အမျိုးသားမာန် နိုးကြားသန်
နိုင်ငံ့သားကောင်းမည်၊ သားကောင်းမည်။

* စိတ်ဓာတ်ကြံ့ခိုင် ဖွဲ့မဏ္ဍိုင်
နိုင်ငံ့ကောင်းကျိုးရည်၊ ကောင်းကျိုးရည်။

* နိုင်ငံ့ကောင်းကျိုး ဆောင်သယ်ပိုး
နိုးကြားတက်ကြွညီ၊ တက်ကြွညီ။

* နိုင်ငံအေးချမ်း ဘေးမသန်း
မွေးလန်းဖွံ့ဖြိုးစည်၊ ဖွံ့ဖြိုးစည်။

* ရေရှည်တည်တံ့ အစဉ်ခံ့
နိုင်ငံ့ပိုင်နက်တည်၊ ပိုင်နက်တည်။

* တည်စေလော . . .၊
စည်စေလော . . .၊
ညီစေလော . . .။ ။

**(၉၅) နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုဖွဲ့ဆိုအပ်ပါသည်။**

# မြန်မာနိုင်ငံအပေါ် ကုန်သွယ်မှုဆိုင်ရာပိတ်ဆို့မှုအချို့ဖြေလျှော့ရန် အမေရိကန်ပြင်ဆင်



ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အေးရှားဝေါလ်ဆိပ်ကမ်းကို တွေ့ရစဉ်။ (Photo-AWCL)

ကျော်သဲအိမ်

အေးရှားဝေါလ် ကုမ္ပဏီဆိပ်ကမ်းတစ်ခုမှတစ်ဆင့် ကုန်သွယ်ရာတွင် ငွေကြေးလွှဲပြောင်းမှုဆိုင်ရာ အခက်အခဲများရှိနေကြောင်း ဘဏ်များကတိုင်တန်းမှုများပြုလုပ်ကြပြီးနောက်ပိုင်း အမေရိကန်က မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုအချို့ကို ဖြေလျှော့ပေးရန် ပြင်ဆင်လျက်ရှိကြောင်း အေပီသတင်းဌာနက ဖော်ပြထားသည်။

အမေရိကန် ဘဏ်များသည် အရေးယူပိတ်ဆို့မှု စာရင်းဝင်ဖြစ်ခဲ့သော အေးရှားဝေါလ်ဆိပ်ကမ်းမှတစ်ဆင့် ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုများကို ယခုနှစ် ဇူလိုင်လမှစပြီး စိုးရိမ်စိတ်များဖြစ်ပေါ်ခဲ့ကြသည့်အပေါ် အမေရိကန်အစိုးရက မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အရေးယူပိတ်ဆို့မှုအချို့အား ဖြေလျှော့ပေးရန် လာမည့်သီတင်းပတ်တွင် လုပ်ဆောင် နိုင်ဖွယ်ရှိကြောင်း၊ ဤသို့ဖြစ်ရခြင်းမှာ မြန်မာနိုင်ငံသည် သမိုင်းတွင်သည့် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ချောချောမောမောဖြင့် အောင်မြင်စွာကျင်းပပြီးစီးခဲ့ရာ အမေရိကန်အစိုးရအနေဖြင့် မြန်မာ နိုင်ငံနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်လိုသည့် ဆန္ဒရှိနေခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ ထို့အတူ ကမ္ဘာ့အကြီးဆုံး ကူးသန်းရောင်းဝယ်ရေးဘဏ်များစွာပါဝင်သော The Clearing House နှင့် The Bankers Association for Finance and Trade တို့က အမေရိကန်နိုင်ငံခြားပိုင်ဆိုင်မှုများ ထိန်းချုပ်ရေးရုံး (Office of Foreign Assets Control) သို့ အရေးယူပိတ်ဆို့မှု ဖြေလျှော့ရေးနှင့်ပတ်သက်ပြီး မေတ္တာရပ်ခံထားကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုနှင့် မြန်မာနိုင်ငံအကြား ကုန်သွယ်မှုပမာဏမှာ သေးငယ်သော်လည်း တဖြည်းဖြည်းနှင့် ကြီးထွားလာခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏမှာ ၂၀၁၄ ခုနှစ်က ကန်ဒေါ်လာ ၁၈၅ သန်းသာရှိခဲ့သော်လည်း ၂၀၁၅ ခုနှစ် ပထမဆယ်လအတွင်း ကုန်သွယ်မှုပမာဏမှာ ကန်ဒေါ်လာ ၃၀၆ ဒသမ ၁ သန်းအထိ မြင့်တက်လာခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ခဲ့ခြင်းကြောင့် အမေရိကန်အစိုးရက လွန်ခဲ့သောသုံးနှစ်က မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုအပေါ် ကန့်သတ်ချက်အများအပြား ဖြေလျှော့ပေးခဲ့သည့်အပြင် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များက အေးရှားဝေါလ်ဆိပ်ကမ်းမှတစ်ဆင့် ကုန်သွယ်မှုဆိုင်ရာ ငွေကြေးလုပ်ငန်းများ လုပ်ဆောင်ခွင့်ပေးရန် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တိုက်တွန်းခဲ့ရာမှ အမေရိကန်အစိုးရက ယခုကဲ့သို့ အရေးယူပိတ်ဆို့မှုအချို့ကို ဖြေလျှော့ပေးရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သတင်းများ၌ ဖော်ပြထားသည်။

# တိုင်ရီဖိနပ်စက်ရုံ အလုပ်သမားရေးရာကိစ္စ အပြုသဘောဆောင်သောဆွေးနွေးမှု သုံးရက်ကြာဆက်လက်ဆွေးနွေးမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

နိုဝင်ဘာ ၂၂ ရက်မှ စတင်ဖြစ်ပွားခဲ့သော တိုင်ရီဖိနပ်စက်ရုံ အလုပ်ရှင်၊ အလုပ်သမားပြဿနာကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် တာဝန်ရှိသူများက ဖြေရှင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂ ရက်က လှိုင်သာယာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်း၌ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဒီဇင်ဘာ ၄ ရက်တွင် ဆက်လက်ညှိနှိုင်းဖြေရှင်းခဲ့ရာ နှစ်ဦးနှစ်ဖက်အပြုသဘောဆောင်သောဆွေးနွေးမှုကို သုံးရက်တိုင် စက်မှုဇုန်(၁) ကနောင်ခန်းမ၌ ဆက်လက်ဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

"နားလည်မှုရှိရှိနဲ့ ဆွေးနွေးကြတဲ့အတွက် လိုချင်တဲ့ပန်းတိုင်ကို ရောက်သွားမှာပါ။ အလုပ်ရှင် အလုပ်သမားဥပဒေအတိုင်း နှစ်ဦးနှစ်ဖက်ပြောလိုတဲ့အချက်ကို ဆွေးနွေးဖို့ နေရာတစ်ခုလိုလာတယ်။ နှစ်ဦးနှစ်ဖက် အဆင်ပြေတာကိုပဲ မြင်ချင်ပါတယ်။ တစ်ဦးနဲ့တစ်ဦး အမြင်စောင်းနေရင် အဆင်ပြေမှာမဟုတ်ဘူး။ အားလုံး အေးအေးချမ်းချမ်းနဲ့ ဆောင်ရွက်သွားမယ်ဆိုရင် အလုပ်သမားတွေ သာယာပျော်ရွှင်တဲ့ လုပ်ငန်းခွင်ကိုရရှိမှာပါ။ မနက်ဖြန်စက်ရုံပြင်ပက အလုပ်သမားတွေ လုပ်ငန်းခွင်ပြန်ဝင်ဖို့ အလုပ်ရှင်က သဘောတူထားပါပြီ။ ကနောင်ခန်းမမှာ သုံးရက်ဆက်ဆွေးနွေးဖို့ ရှိပါတယ်"ဟု အလုပ်သမားအလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထင်အောင်က ပြောသည်။

မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် စတင်ခဲ့သော တွေ့ဆုံညှိနှိုင်းမှုသည် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ပြီးဆုံးခဲ့ပြီး ဒီဇင်ဘာ ၇ ရက်တွင် စက်မှုဇုန်ကနောင်ခန်းမ၌ ဆက်လက်ညှိနှိုင်းမှုအတွက် နှစ်ဦးနှစ်ဖက် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

"အဲဒီနေ့ အလုပ်ရှင် အလုပ်သမားဆွေးနွေးတဲ့အခါမှာ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနနဲ့ တာဝန်ရှိတဲ့သူတွေ ပါမယ်။ အလုပ်သမားသမဂ္ဂ ကိုယ်စားလှယ်တွေလည်း ပါဝင်ဆွေးနွေးမယ်။ စက်ရုံအပြင်က အလုပ်သမားတွေလည်း မနက်ဖြန်လုပ်ငန်းခွင်ဝင်လို့ရပြီ" ဟု အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ပြောသည်။

လာမည့်သုံးရက်ကြာ ဆွေးနွေးပွဲတွင် အလုပ်သမားဝန်ကြီးဌာန လက်အောက်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တာဝန်ရှိသူတို့က နှစ်ဦးနှစ်ဖက် ရေရှည်အကျိုးစီးပွားအတွက် တွေ့ဆုံညှိနှိုင်းမှုကို အပြုသဘောဆောင်သော ဆွေးနွေးမှု၏ရလဒ်ကောင်းများရရှိစေရန် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

## မြန်မာ့အလင်းသတင်းစာ ဆက်သွယ်မှာယူနိုင် . . .

**ရန်ကုန်မြို့တွင်း မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ သတင်းစာမှာယူလိုခြင်း၊ ပုံနှိပ်အရည်အသွေးမကောင်းခြင်း၊ ကြားညှပ်အချပ်ပိုများ အပြည့်အဝမပါခြင်းစသည့် ကိစ္စအရပ်ရပ်အတွက် ဖြန့်ချိရေးဌာန ဖုန်း ၀၁-၅၄၄၃၁၇ သို့ဖြစ်စေ၊ အောက်ပါကိုယ်စားလှယ်များနှင့် စုရပ်ခေါင်းဆောင်များထံသို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်-**

| စဉ် | ကိုယ်စားလှယ်အမည် | ဆက်သွယ်ရန် ဖုန်းနံပါတ် | မြို့နယ်စုရပ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးပြည့်ဖြိုး | ၀၉-၃၂၃၆၅၈၅၉ | ဗဟန်း | စုရပ်ခေါင်းဆောင် |
| ၂ | ဦးမောင်မူ | ၀၉-၅၃၀၀၇၁၂၊ ၀၉-၇၃၀၅၃၉၆၀ | သာကေတ | စုရပ်ခေါင်းဆောင် |
| ၃ | ဦးထွန်းဦး | ၀၉-၂၅၄၃၁၆၅၉၇ | စမ်းချောင်း | စုရပ်ခေါင်းဆောင် |
| ၄ | ဒေါ်သီတာအောင် | ၀၉-၂၆၀၀၃၄၇၉၅ | တောင်ဒဂုံ | စုရပ်ခေါင်းဆောင် |
| ၅ | ဦးစန်းဝင်း(ဒေါ်ထားထားဝင်း) | ၀၉-၃၁၀၃၃၁၅၈ | မြောက်ဒဂုံ | စုရပ်ခေါင်းဆောင် |
| ၆ | ဦးငွေးကို | ၀၉-၇၃၀၇၆၀၀၁ ၀၉-၂၅၄၀၄၈၀၉၆ | မရမ်းကုန်း | စုရပ်ခေါင်းဆောင် |
| ၇ | ဦးစိုးနိုင်ဦး | ၀၉-၄၃၁၂၅၄၆၂ | အင်းစိန် | စုရပ်ခေါင်းဆောင် |
| ၈ | ဦးအောင်မှို(စထမာ) | ၀၉-၂၅၉၈၁၃၈၈၃ | မင်္ဂလာဒုံ | စုရပ်ခေါင်းဆောင် |
| ၉ | ဦးညဏ်တေဇာထွန်း | ၀၉-၂၅၀၄၉၃၂၇၀ | သဃ်န်းကျွန်း | စုရပ်ခေါင်းဆောင် |
| ၁၀ | ဦးအောင်ကျော်ထွန်း(ဒေါ်ကြည်မြ) | ၀၉-၃၁၀၂၅၂၀၁ | တောင်ဥက္ကလာပ | စုရပ်ခေါင်းဆောင် |
| ၁၁ | ဦးရွှေပေါ်သာ | ၀၉-၄၃၀၂၆၈၃၅ | မြောက်ဥက္ကလာပ | စုရပ်ခေါင်းဆောင် |
| ၁၂ | ဒေါ်တိုး | ၀၉-၇၉၉၇၇၃၃၄၇ | ကြည့်မြင်တိုင် | ကိုယ်စားလှယ် |
| ၁၃ | ဦးထွန်းဦး | ၀၁-၅၂၅၅၁၃ | စမ်းချောင်း | ကိုယ်စားလှယ် |
| ၁၄ | ဦးထွန်းဦး | ၀၉-၃၁၀၆၉၇၇၉ | အလုံ | ကိုယ်စားလှယ် |
| ၁၅ | ဦးအောင်မြင့် | ၀၉-၇၃၂၁၆၈၀၁ | ပန်းဘဲတန်း | ကိုယ်စားလှယ် |
| ၁၆ | ဦးစိုးအောင် | ၀၁-၂၅၃၂၅၅ | လသာ | ကိုယ်စားလှယ် |
| ၁၇ | ဦးကျော်ကျော် | ၀၉-၃၀၂၄၅၃၆၀ | လမ်းမတော် | ကိုယ်စားလှယ် |
| ၁၈ | ဒေါ်စန်းမြင့် | ၀၉-၇၃၁၀၄၀၆၁ | ဗိုလ်တထောင် | ကိုယ်စားလှယ် |
| ၁၉ | ဒေါ်မြင့်ကြည် | ၀၉-၂၁၅၇၀၃၉ | ပုဇွန်တောင် | ကိုယ်စားလှယ် |
| ၂၀ | ဦးခင်မောင်လှိုင် | ၀၉-၂၅၄၂၀၁၆၀၁ | ကျောက်တံတား | ကိုယ်စားလှယ် |
| ၂၁ | ဦးထွန်းရွှေ | ၀၉-၇၃၀၆၃၄၂၃ | ကျောက်တံတား | ကိုယ်စားလှယ် |
| ၂၂ | ဒေါ်ကြည်ကြည်ငွေ | ၀၉-၂၅၄၇၁၉၃၃၁ | ဗဟန်း | ကိုယ်စားလှယ် |
| ၂၃ | ဦးကျော်ကျော် | ၀၉-၂၅၄၀၆၃၀၅၉ | ဒဂုံ | ကိုယ်စားလှယ် |
| ၂၄ | ဦးညို | ၀၉-၉၇၂၃၆၆၉၀၁ | တာမွေ | ကိုယ်စားလှယ် |
| ၂၅ | ဦးအေးငွေ | ၀၉-၃၂၂၅၄၆၈၂ | တာမွေ | ကိုယ်စားလှယ် |
| ၂၆ | ဦးတင်စိုး | ၀၉-၇၃၅၄၈၃၄ | လှိုင်သာယာ | ကိုယ်စားလှယ် |
| ၂၇ | ဒေါ်တင်ရွှေ | ၀၉-၆၄၇၆၇၄ | အင်းစိန် | ကိုယ်စားလှယ် |
| ၂၈ | ဦးသန်းအေး | ၀၉-၇၃၁၁၈၀၆၈ | မြောက်ဥက္ကလာပ | ကိုယ်စားလှယ် |

■ ရှေ့ဖုံးမှ





ယမန်နေ့ နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ရှိ အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူ၊ အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်တို့က သင်တန်းကျောင်း အဝင်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး သင်တန်းကျောင်းအဝင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် နှစ်ထပ်သင်တန်းကျောင်းဆောင်ရှိ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး သင်တန်းကျောင်း အဆောက်အအုံများအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (Myanmar National Strategic Plan on Social Protection) သည် သဘာဝဘေးသင့်သူများအား ကူညီထောက်ပံ့ခြင်းအပါအဝင် လူမှုရေးအရ ကာကွယ်ထောက်ပံ့မှုများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေများကိုလည်း ပြဋ္ဌာန်းထားရှိပြီးဖြစ်၍ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို ဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လမ်းညွှန်မှုအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပထမဆုံးနှင့် တစ်ခုတည်းသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းကျောင်း (Disaseter Management Training Center) ကို ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့တွင် တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကို စိတ်ပါဝင်စားသော ဧရာဝတီတိုင်းဒေသကြီး အတွင်းမှ လူငယ်စုစုပေါင်း ၆၀ ကို ၁၂ ရက်ကြာ သင်ကြားပေးမည် ဖြစ်ပါကြောင်း၊ နောင်အနာဂတ်တွင် Certificate ပေးအပ်သည့် သင်တန်းများသာမက ခြောက်လသင်တန်း၊ တစ်နှစ်သင်တန်း စသည်ဖြင့် Diploma ပေးအပ်နိုင်မည့် သင်တန်းများ၊ ဘွဲ့ကြိုသင်တန်းများ၊ ဘွဲ့လွန်သင်တန်းများ၊ သုတေသနလုပ်ငန်းများ စသည်ဖြင့် နိုင်ငံတကာအဆင့်မီ ပညာရပ်များကို ပို့ချသွားရန် ရည်မှန်းထားပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှု စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရေးပူးပေါင်းအဖွဲ့ကိုယ်စား UN-Habitat Country မှ Programme Manager ဖြစ်သူ Mr. Bijay Karmacharya က ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံ သင်တန်းအမှတ်စဉ် (၁/၂၀၁၅)ဖွင့်လှစ်ပို့ချမှုအခြေအနေကို ကြည့်ရှု၍ သင်တန်းသား သင်တန်းသူ လူငယ်များကို အားပေးစကား ပြောကြားသည်။

အဆိုပါ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု သင်တန်းကျောင်းကြီးကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြေဧက (၂၂)ဧကပေါ်တွင် ဆောက်လုပ်ခဲ့ရာ စာကြည့်တိုက်နှင့် ကွန်ပျူတာဆောင်၊ နှစ်ထပ်စာသင်ကျောင်း၊ ဘွဲ့နှင်းသဘင်ခန်းမ၊ အုပ်ချုပ်မှုဆောင်၊ သင်တန်းသားအိပ်ဆောင်၊ သင်တန်းသူအိပ်ဆောင်၊ ဧည့်ရိပ်သာ၊ စားရိပ်သာနှင့် စားဖိုဆောင်၊ အရာထမ်းအိမ်ရာ၊ အမှုထမ်း အိမ်ရာတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်ပြီး နိုင်ငံတကာအဆင့်မီ သဘာဝဘေးစီမံခန့်ခွဲမှု ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု သင်တန်းကျောင်းဝင်းအား တွေ့ရစဉ်။ (သတင်းစဉ်)

# နဝမအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

မြန်မာ့တင်းနစ်အားကစားအဆင့်အတန်း တိုးတက်အောင်မြင်လာစေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အဓိကကူညီပံ့ပိုးသော ၂၀၁၅ ခုနှစ် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့ ဗညားဒလလမ်းရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား အလွတ်တန်းတစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး (mixed doubles) နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးအသက် ၁၀ နှစ်နှင့် အောက်၊ အသက် ၁၂ နှစ်နှင့်အောက်၊ အသက် ၁၄ နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲများ၊ အသက် ၆၀ နှစ်နှင့်အထက် နှစ်ယောက်တွဲပြိုင်ပွဲ (နှစ်ယောက်တွဲအသက်ပေါင်း ၁၃၀ ပြည့်ဖြစ်ရမည်)နှင့် အသင်းလိုက်ပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။ အသင်းလိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တွင် မှတ်ပုံတင်ထားသော ကလပ်အသင်းများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများသည် ကွင်းတာဝန်ခံ ဒေါ်မေဖြိုးကျော် ဖုန်း-၀၉-၂၅၀၁၈၇၀၄၀ ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် စုံစမ်းရေးဌာန ဖုန်း-၀၁-၃၇၂၃၆၀၊ ၃၈၁၉၉၂ တို့ထံသို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လေဖိအားနည်းရပ်ဝန်း သီရိလင်္ကာနှင့် အိန္ဒိယဘက်သို့ ရွေ့လျားသွား

**နေပြည်တော် ဒီဇင်ဘာ ၅**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ တမီးနာဒူး(လ်)ကမ်းခြေ၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် သီရိလင်္ကာနိုင်ငံနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ တမီးနာဒူး(လ်)တောင်ပိုင်း ကမ်းခြေသို့ ရွေ့လျားခဲ့ပြီးဖြစ်သည်။

**(မိုး/ဇလ)**

# ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာလ ၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၈)တွင် ဖော်ပြပါရှိသည့် **ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဝဏ္ဏကျော်ထင်ခင်အောင်မြင့်နှင့် ဇနီး** အစား **ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ခင်အောင်မြင့်နှင့် ဇနီး** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(မြဝတီ)**

# မန္တလေး၌ ကျောက်မျက်ရတနာပြပွဲ မန္တလေး၌ ကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၅**

Asia Connect International Limited က ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာပွဲအကြို စာနယ်ဇင်းမိတ်ဆက်ပွဲကို ဒီဇင်ဘာ ၃ ရက်က မန္တလေး ချမ်းအေးသာစံမြို့နယ် ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ကုမ္ပဏီဒါရိုက်တာ Michael Khaniss Jand နှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာအသင်းမှ တာဝန်ရှိသူများ၊ မန္တလေးကျောက်မျက်ရတနာအသင်းမှ တာဝန်ရှိသူများ၊ မန္တလေးအခြေစိုက်သတင်းမီဒီယာများ တက်ရောက်ခဲ့ကြောင်း သိရသည်။ ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာပြပွဲတွင် ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဟောင်ကောင်တို့မှ ခေတ်မီလက်ဝတ်ရတနာ ဒီဇိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ၇၈ လမ်း ဒိုင်းမွန်းပလာဇာ စတုတ္ထထပ်၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြပွဲတွင် စိန်ထည်ပစ္စည်းများ၊ ကျောက်မျက်ရတနာအချောထည် များ၊ စက်ပစ္စည်းများကိုပြသသွားမည်ဖြစ်ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် အာဆီယံ ၁၀ နိုင်ငံ၌ Asia Economic Community ABC Block မှ ကုန်ပစ္စည်းများရောင်းဝယ်ရာတွင် လွတ်လပ်စွာရောင်းဝယ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ထူး(မန္တလေး)**

# “တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရရဲ့ လှူဒါန်းမှုသည် မြန်မာနိုင်ငံရဲ့ သဘာဝဘေးသင့်ဒေသများရှိ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်မှုဖြစ်ပါတယ်”

ဦးစိုးအောင် (အမြဲတမ်းအတွင်းဝန်) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ နိုင်ငံတကာရေးရာပူးပေါင်းဆောင်ရွက်ရေးရုံးမှ မြန်မာနိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ဆက်သွယ်၍ ရခိုင်ပြည်နယ်တွင် ဆောက်လုပ်မည့် နေအိမ်များအနက် နေအိမ်အလုံး ၅၀၀၀ အတွက် ဆားငန်ရေဒဏ်ခံနိုင်သော အလူမီနီယံဇင့်သွပ်ပြားချပ်ရေ နှစ်သိန်းကို ပေးပို့လှူဒါန်းခဲ့သည်။**



တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရမှ မြန်မာနိုင်ငံသဘာဝဘေးသင့်ဒေသများအတွက် ပစ္စည်းများလှူဒါန်းသည့် အခမ်းအနားတွင် နှစ်နိုင်ငံတာဝန်ရှိသူများ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အဆိုပါ သွပ်ပြားများမှာအလူမီနီယံ ဇင့်သွပ်အမျိုးအစား၊အရွယ်အစား (၇×၃) ပေဖြစ်ပြီး ယခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ယူနန်ပြည်နယ် ရွှေလီမြို့မှတစ်ဆင့် မြန်မာနိုင်ငံ မူဆယ်မြို့သို့ မော်တော်ယာဉ်များဖြင့် ပေးပို့ခဲ့ရာ ဆက်လက်၍ ဒီဇင်ဘာ ၂ ရက်မှ ၄ ရက်အတွင်း မန္တလေးမြို့သို့ ကုန်တင်ယာဉ် ၄၉ စီးဖြင့် ပို့ဆောင်ခဲ့ခြင်းဖြစ်ပြီး မန္တလေးမြို့ရှိ ကုန်သွယ်လယ်ယာသိုလှောင်ရုံဝင်း အတွင်း၌ စနစ်တကျသိုလှောင် ထိန်းသိမ်းထားရှိကြောင်း လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

“တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရရဲ့ လှူဒါန်းမှုဟာ မြန်မာနိုင်ငံရဲ့ သဘာဝဘေးသင့်ဒေသတွေ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ တစ်တပ်တစ်အား ပါဝင်မှာ ဖြစ်ပါတယ်။ အဲဒီအိမ်မိုးသွပ်ပြားတွေ လှူဒါန်းမှုနဲ့ ဆက်စပ်စာရွက်စာတမ်းတွေ လွှဲပြောင်းပေးအပ်မယ့် အခမ်းအနားကို ဒီဇင်ဘာလ ဒုတိယပတ်အတွင်း နေပြည်တော်မှာ ပြုလုပ်ဖို့လျာထားပါတယ်”ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ပြောကြားသည်။

အဆိုပါ အိမ်မိုးသွပ်များ လှူဒါန်းမှုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ ဖက်ဆစ်စနစ် ဆန့်ကျင်မှုအောင်မြင်သည့် နှစ်(၇၀)ပြည့် နှစ်ပတ်လည် အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ခဲ့သည့် ခရီးစဉ်အတွင်း ကူမင်းမြို့၌ ယူနန်ပြည်နယ် ပါတီအတွင်းရေးမှူးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရေဘေးသင့်ဒေသများရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ နေအိမ်များ ဆောက်လုပ်ရာတွင် အသုံးပြုရန်အတွက် ယူနန်ပြည်နယ်အစိုးရမှ လှူဒါန်းနိုင်မည့် အခြေအနေများ ဆွေးနွေးခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပြည်သူ့အစိုးရအဖွဲ့ထံသို့ လှူဒါန်းမည့်အခြေအနေ အသေးစိတ်ကို ဆွေးနွေးညှိနှိုင်း၍ စက်တင်ဘာ ဒုတိယပတ်အတွင်း ပြန်ကြားခဲ့ပြီး စီမံဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ထံမှ သိရသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် အနေဖြင့် ၂၀၁၅ ခုနှစ် ဩဂုတ် ၇ ရက်တွင် ယူနန်ပြည်နယ်မှ တရုတ်ယွမ်ငွေ သိန်း ၃၀ တန်ဖိုးရှိ ဆန်ရိက္ခာနှင့် မိုးကာတဲ အလုံး ၁၀၀၀ တို့ကို လည်းကောင်း၊ ဩဂုတ် ၁၃ ရက်တွင် တက်ဟုန်ပြည်နယ်ခွဲမှ မြန်မာကျပ်ငွေ ၁၅၆၂၇၂၇၁၂ ခန့်တန်ဖိုးရှိ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် မိုးကာတဲ အလုံး ၁၂၀ တို့ကိုလည်းကောင်း၊ ဩဂုတ် ၁၄ ရက်တွင် ယွမ် ၂၅၉၀၀၀၀ တန်ဖိုးရှိ အသင့်တပ်ဆင်နေထိုင်နိုင်သည့်အိမ် (Modular House) ၁၅၀ နှင့် ဆန်၊ ဆိုလာမီးအိမ်နှင့် အရေးပေါ်သုံး ဆေးပစ္စည်းများကိုလည်းကောင်း၊ ဩဂုတ် ၁၆ ရက်တွင် ရွှေလီမြို့ ပြည်သူ့အစိုးရမှ ယွမ် ၂၀၄၅၀၀ တန်ဖိုးရှိ စားသောက်ကုန်နှင့် အဝတ်အထည်များကိုလည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်တွင် လင်ချန်းမြို့မှ တရုတ်ယွမ် ၁၀ သိန်း တန်ဖိုးရှိ မြန်မာကျပ်ငွေနှင့် တရုတ်ယွမ် ၂ ဒသမ ၈ သိန်း တန်ဖိုးရှိ ပစ္စည်းများကိုလည်းကောင်း လှူဒါန်းခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

မြန်မာနိုင်ငံအတွင်း ယခုနှစ် ဇွန်လမှစ၍ နိုဝင်ဘာလဆန်းအထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီး၊ ရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်တို့၌ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ကြရပြီး အိမ်ထောင်စုပေါင်း ၄၂၃၂၁၆ မှ ပြည်သူလူထု ၁၆၉၂၈၇၃ ဦးမှာ ဘေးဒုက္ခနှင့် ကြုံတွေ့ခဲ့ကြရသည်။

“ဘေးသင့်ပြည်သူတွေအတွက် ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းတွေကို အရေးပေါ်ကာလ တုံ့ပြန်မှုအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးရှိ ဝန်ကြီးချုပ်တွေက ဦးဆောင်ကာ ပြည်သူတွေနဲ့ လက်တွဲပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အမျိုးသားသဘာဝဘေး ကော်မတီကလည်း လိုအပ်တဲ့ ထောက်ပံ့ကူညီမှုတွေနဲ့ ပေါင်းစပ်ညှိနှိုင်းမှုတွေကို ပြုလုပ်ပေးနိုင်ခဲ့ပါတယ်”ဟု အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ဆက်လက် ပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် အရေးပေါ်ထောက်ပံ့နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) မှ တန်ဖိုးငွေကျပ် ၁၈၆ ဒသမ ၄၉ သန်းတန်ဖိုးရှိ ခုနစ်ပေ အမိုးသွပ်ချပ်ရေ ၆၀၀၀၀ ကို ဝယ်ယူ၍ ရန်ကုန်မြို့ရှိ ဗဟိုသိုလှောင်ရုံ၌ စနစ်တကျသိုလှောင်ထားရှိကြောင်းလည်း သိရသည်။

အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ မှတ်တမ်းများအရ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၉ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ပြည်တွင်းပြည်ပ အလှူရှင်များမှ ငွေကျပ် ၉၀၅၆ ဒသမ ၀၂ သန်း၊ အမေရိကန်ဒေါ်လာ ၃၅၄၁၂၉၂ ဒသမ ၄၀ နှင့် အဝတ်အထည်မျိုးစုံ၊ ဆန်၊ ရေသန့်၊ ခေါက်ဆွဲခြောက်၊ ဆပ်ပြာမှုန့် အစရှိသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံကို လှူဒါန်းခဲ့ကြောင်း တွေ့ရှိရသည်။

ပြည်တွင်း ပြည်ပမှ သဘာဝဘေးဒဏ်အတွက် လှူဒါန်းမှုများအပေါ် အမြဲတမ်း အတွင်းဝန် ဦးစိုးအောင်က “လက်ခံရရှိတဲ့ ပစ္စည်းအားလုံးကို ဘေးသင့်ပြည်သူတွေ လက်ဝယ် အရောက် ဖြန့်ခွဲထောက်ပံ့ပေးပြီးဖြစ်ပါတယ်။ အလှူငွေတွေကိုတော့ မြန်မာငွေနဲ့ အမေရိကန်ဒေါ်လာခွဲခြားပြီး သက်ဆိုင်ရာနိုင်ငံပိုင်ဘဏ်တွေမှာ ဥပဒေနဲ့အညီ စာရင်းဖွင့်ထိန်းသိမ်းထားပြီး ပြန်လည်ထူထောင်ရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ စနစ်တကျ သုံးစွဲဆောင်ရွက်လျက်ရှိပါတယ်” ဟု ပြောကြားသည်။

**ညီဇော်** (MNA)



ရခိုင်ပြည်နယ်တွင် ဆောက်လုပ်မည့်နေအိမ်များအတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရမှ လှူဒါန်းသည့် အလူမီနီယံဇင့်သွပ်ပြားချပ်အထုပ်များကို တွေ့ရစဉ်။

***

❖ *ကျောဖုံးမှ*

“ကျွန်တော်တို့ ဒီနိုင်ငံရေးဆွေးနွေးပွဲမူကြမ်းကို သုံးရက်အတွင်းမှာပဲ ကြိုးစားရေးဆွဲခဲ့လို့ ခုတော့မူကြမ်းတစ်စောင်ကို ရရှိခဲ့ပါပြီ။ အခြားနိုင်ငံတွေမှာ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူကြမ်းတွေကို လနဲ့ချီပြီးရေးဆွဲကြတာဖြစ်ပါတယ်။ ကျွန်တော်တို့ သုံးရက်အတွင်းမှာ မူကြမ်းတစ်စောင်ရေးဆွဲနိုင်တာဟာ NCAကို အခြေခံရေးဆွဲတာဖြစ်ပြီး အဓိကအားဖြင့်တော့ ဒီ NCA စာချုပ်ကြီးက ခိုင်မာခဲ့လို့ပဲ ဖြစ်ပါတယ်။ NCA စာချုပ်မှာပါတဲ့အချက်တွေအားလုံးကို မှီငြမ်းပြီးတော့ ရေးဆွဲခဲ့တာပါ။ ဒီရေးဆွဲပြီးတဲ့မူကြမ်းကို နိုင်ငံတော်အကြီးအကဲများထံ ပြန်ပြီးတင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကလည်း ကိုယ့်ရဲ့အကြီးအကဲများကို ပြန်လည်တင်ပြရမှာဖြစ်ပါတယ်။ လာမယ့်ဒီဇင်ဘာ ၁၄ ရက် (တနင်္လာနေ့)တွင် နေပြည်တော်မှာကျင်းပမယ့် တစ်ဖက်ကိုယ်စားလှယ် ၁၆ ဦးစီ ပါဝင်တဲ့ ၄၈ ဦးရဲ့ UPDJC အစည်းအဝေးမှာ ဒီမူဘောင်မူကြမ်းကို အတည်ပြုပြီးရင် မူဘောင်တစ်ခုကိုရရှိမှာပါ။ ဒီမူဘောင်ကို အခြေခံပြီးတော့ နိုင်ငံရေးဆွေးနွေးပွဲကြီးကို ကျင်းပသွားမှာဖြစ်ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်(မူကြမ်း)ရေးဆွဲမှု အပြီးတွင် ပြောကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)၏ အစုအဖွဲ့သုံးခုမှရှစ်ဦးစီပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၇ ရက်မှစတင်ကာ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်(မူကြမ်း)ကို သုံးရက်တိုင်တိုင်ဆွေးနွေးခဲ့ပြီးဆွေးနွေးချက်များကို ကိုယ်စားလှယ်တစ်ဖက် သုံးဦးစီ ပါဝင်သည့်အဖွဲ့က ဒီဇင်ဘာ ၁ ရက်မှ သုံးရက်အတွင်း မူကြမ်းတစ်စောင်ကို ရေးဆွဲနိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါမူကြမ်းကို လာမည့် ဒီဇင်ဘာ ၁၄ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် အတည်ပြုဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ချင်းအမျိုးသားတပ်ဦး(CNF)မှ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းကလည်း “ဒီကနေ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို အခြေခံပြီးတော့ ရေးဆွဲလိုက်တဲ့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ရေးဆွဲခြင်းက အောင်မြင်စွာနဲ့ ပြီးဆုံးသွားပါပြီ။ သုံးရက်အတွင်း ကျွန်တော်တို့အနေနဲ့ မူဘောင်(မူကြမ်း)ကိုအပြီးရေးဆွဲနိုင်တယ်ဆိုတာဟာ ကျွန်တော်တို့ နှစ်နှစ်တာကြိုးစားရေးသားလာခဲ့တဲ့ NCA ခိုင်မာမှုပေါ်မှာပဲ မူတည်ပါတယ်။ NCA စာချုပ်ပေါ်မှာအခြေခံပြီးတော့မှ ရေးသားနိုင်ခဲ့တာကြောင့် ဒီအဆင့်ကိုရောက်လာနိုင်တာဖြစ်ပါတယ်။ နိုင်ငံတကာပညာရှင်တွေ၊ ပြည်သူလူထုတွေက မေးတဲ့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို ရက်ပေါင်း ၆၀ အတွင်းမှာ အပြီးရေးဆွဲနိုင်ပါ့မလားဆိုတာကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူ့လွှတ်တော်၊ နိုင်ငံရေးပါတီများနဲ့ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အားလုံး ပူးပေါင်းဆောင်ရွက်မှုကြောင့် သုံးရက်အတွင်း ကမ္ဘာ့စံချိန်မီအောင် လုပ်နိုင်တယ်ဆိုတာကို သက်သေပြခဲ့တာပါပဲ။ ဒါကြောင့်အခုလို ပူးပေါင်းဆောင်ရွက်မှုကို ဆက်လုပ်မယ်ဆိုရင် နှစ်ပေါင်း ၆၀ကျော်ပြီဖြစ်သော ပြည်တွင်းစစ်ကို ရပ်စဲအောင်၊ ချုပ်ငြိမ်းအောင် တကယ်ပဲလုပ်နိုင်မှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းမှာရှိတဲ့ တိုင်းရင်းသားအားလုံးအေးအတူပူအမျှ ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်နိုင်တဲ့ ကျွန်တော်တို့အားလုံးလိုလားတဲ့ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးစတဲ့အခွင့်အရေးတွေကို အပြည့်အဝရှိတဲ့ဖက်ဒရယ်ပြည်ထောင်စုကြီးကိုလည်း တကယ်ပဲထူထောင်နိုင်မှာ ဖြစ်ပါတယ်။ အခုဒီနေ့ကြိုးစားတဲ့ကြိုးစားမှုပုံစံမျိုးနဲ့ ကျွန်တော်တို့အချင်းချင်း အပေးအယူ၊ ညီညီညွတ်ညွတ်မျှမျှတတ စဉ်းစားနိုင်တဲ့ပုံစံမျိုးနဲ့ တကယ်ပဲအားလုံး လက်တွဲပြီးလုပ်မယ်ဆိုရင် ပြည်ထောင်စုကြီးအတွက် အင်မတန်မှကောင်းမွန်တဲ့ အခြေခံအုတ်မြစ်ဖြစ်လာမှာ အမှန်ပါပဲ။ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးတွင်မဟုတ်ဘဲ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာလဲ ပါဝင်ဆောင်ရွက်သွားမှာပါ”ဟု ပြောကြားသည်။

ယခုရေးဆွဲနိုင်ခဲ့သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်(မူကြမ်း)သည် ယခုသဘောတူထားသည့် အခန်း ၁၀ ခန်းမှ အချက်များကို အခြေခံကာရေးဆွဲထားခြင်းဖြစ်ပြီး အခုလာမည့် ဒီဇင်ဘာ ၁၄ ရက်တွင် နေပြည်တော်၌ကျင်းပမည့် အဖွဲ့တစ်ဖွဲ့ချင်းစီက ကိုယ်စားလှယ် ၁၆ ဦးစီပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင်အတည်ပြုနိုင်ရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်နိုင်မည့် အချိုးအစားကိုလည်း အကြမ်းဖျင်းအားဖြင့် သဘောတူညီချက်များရရှိထားပြီးဖြစ်ရာ ၎င်းအစည်းအဝေးတွင် အတည်ပြုချက်များရယူနိုင်ရန် ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

“မူဘောင်တစ်ခုရေးဆွဲတဲ့အခါ တစ်ခါတစ်ခါ လနဲ့တင်မဟုတ်ဘူး။ နှစ်နဲ့တောင်ကြာတတ်ပါတယ်။ ဒီမှာက အခုလိုသုံးရက်အတွင်းပြီးတယ်ဆိုတာ NCA ကိုအချိန်တွေအများကြီးယူပြီး လုပ်ခဲ့တာကတစ်ကြောင်းနဲ့ နိုင်ငံရေးဆွေးနွေးမှု မူဘောင်နဲ့ပတ်သက်ပြီးတော့ လွန်ခဲ့တဲ့ တစ်နှစ်ခွဲ၊ နှစ်နှစ်လောက်ကတည်းက ကြိုးစားပြီးတော့ လေ့လာရေးဆွဲခဲ့လို့ ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့တွေဘက်ကလည်း လုပ်ထားတဲ့ မူဘောင်မူကြမ်းတွေရှိခဲ့တယ်။ နိုင်ငံရေးပါတီတွေကလည်း အပြင်မှာ အလွတ်သဘောနဲ့ဆွေးနွေးခဲ့တာတွေရှိတော့ တကယ့်လက်တွေ့နိုင်ငံရေးမူဘောင်ကို စတင်ရေးဆွဲတဲ့အခါမှာ အစုအဖွဲ့တစ်ခုတည်းလိုဖြစ်နေပြီး တက်လာမယ့်အစိုးရသစ်လက်ထက်မှာလည်းအဆင်ပြေအောင်၊ နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်တဲ့ အခါမှာလည်း အဆင်ပြေအောင် အချိန်တိုတိုနဲ့မူဘောင်ရခဲ့တာ ဖြစ်တယ်” ဟု ယနေ့ရရှိခဲ့သည့် နိုင်ငံရေးဆွေးနွေးမှု မူဘောင်(မူကြမ်း)နှင့် ပတ်သက်၍ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဌာနမှ ဒေါက်တာကျော်ရင်လှိုင်က မီဒီယာရှင်းလင်းပွဲတွင် ပြောသည်။ **(မြန်မာ့အလင်း)**

# သည်းခြေကျောက်တည်ခြင်း အပိုင်း (၄)

ပါမောက္ခခင်မောင်ဝင်း (အသည်း)

**သည်းခြေကျောက်ကိုဘယ်လိုကုမှာလဲ**

သည်းခြေကျောက်ကို အခြေခံနည်းနှစ်နည်းနဲ့ ကုပါတယ်။ အဲဒါကတော့ မခွဲဘဲကုတာနဲ့ ခွဲပြီး ကုတာပါ။

**မခွဲစိတ်ဘဲကုခြင်း**

**ဆေးနဲ့ကုခြင်း**

သည်းခြေကျောက်တွေ အမျိုးမျိုးရှိတဲ့အထဲက ကိုလက်စထရော (Cholesterol)အဆီကျောက်တွေကို ကျောက်ပျော်ဆေးနဲ့ ကျောက်တွေပျော်သွားအောင် ကုလို့ရပါတယ်။ ဂျပန်လဝက်ဝံ (Moon Bear)တွေရဲ့ သည်းခြေထဲမှာပါတဲ့ ဘိုင်းအက်စစ် တစ်မျိုးဖြစ်တဲ့ အာဆို ဒီအောက်စီကိုးလစ်အက်စစ်ဟာ အဆီကျောက်တွေကို ပျော်စေနိုင်ပါတယ်။ အဲဒီဆေးနဲ့ အဆီသည်းခြေကျောက်ပျော်အောင် ကုလို့ရပါတယ်။ ဒါပေမယ့် သည်းခြေကျောက် သိပ်ကြီးရင်တော့ မပျော်နိုင်ပါဘူး။ အဆီကျောက် သေးသေးလေးတွေကိုပဲ ပျော်သွားအောင်လုပ်လို့ရတာပါ။ ပြီးတော့ ပစ်ဂမင့်ရောင်ချယ် သည်းခြေကျောက်တွေကိုလည်း ဆေးနဲ့ ဖျော်လို့မရပါဘူး။




**အဆီကျောက်သေးသေးလေးတွေ ကျောက်ဖျော်ဆေးနဲ့ ဖျော်လို့ရနိုင်ပါတယ်။ အသံလှိုင်းနဲ့ ကျောက်ပျော်အောင်လုပ်တာ။**

ဒီနည်းဟာ ကျောက်တွေကို လုံးဝပျော်သွားအောင် လုပ်တာမဟုတ်ပါဘူး။ ကိုယ်ခန္ဓာရဲ့ အပြင်ဘက်ကနေ အသံလှိုင်းနဲ့ အဆီသည်းခြေကျောက်တွေကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် လုပ်ပေးရုံသက်သက်ပါ။ အဲဒီလိုလုပ်ပြီးတော့မှ ကျောက်ပျော်ဆေး စားဆေးနဲ့ သည်းခြေကျောက်အပိုင်းလေးတွေကို ပျော်သွားအောင် ကုရတာဖြစ်ပါတယ်။

**ခွဲစိတ်ကုခြင်း**

သည်းခြေအိတ်ကို ခွဲထုတ်တာကို ကိုလီဆစ်တက်တိုမီ(Cholecystectomy)လို့ ခေါ်ပါတယ်။ ကိုလီ (chole) ဆိုတာ သည်းခြေရည်၊ (cyst)ဆိုတာက အိတ်၊ အဲတော့ ကိုလီဆစ်ဆိုတာ သည်းခြေရည်ကိုလှောင်ထားတဲ့အိတ်လို့ အဓိပ္ပာယ်ရပါတယ်။ အက်တမီ(ectomy) ဆိုတာကဖြတ်တာ၊ အားလုံးပေါင်းလိုက်တော့ ကိုလီဆစ်တက်တိုမီဆိုတာက သည်းခြေအိတ်ကို ဖြတ်ထုတ်တာလို့ အဓိပ္ပာယ်ရတာပေါ့။ သည်းခြေအိတ်ကိုဖြတ်ထုတ်တာမှာ နည်းနှစ်နည်းရှိပါတယ်။


**ဗိုက်ကိုဓားနဲ့လှီးပြီးဖွင့်ထုတ်ခြင်း (Open Cholecystectomy)**

ဒီလို ဗိုက်ကိုဓားနဲ့လှီးဖွင့်ပြီး သည်းခြေအိတ်ကို ခွဲထုတ်တာဟာ ချုပ်ရိုး ၁၂ ချက်လောက်နဲ့ နှာခေါင်းပိုက် တန်းလန်း၊ ဗိုက်ထဲကလည်း ပိုက်နှစ်ချောင်းလောက် တန်းလန်း၊ အိပ်ယာထဲမှာ နှစ်ပတ်လောက်နေရမယ်။ ခွဲပြီးတော့လည်း သုံးလလောက် ပုံမှန်အလုပ်မလုပ်နိုင်ဘူး။ ဒါကြောင့်မို့လို့ ဒီလို ခွဲစိတ်ကုသတာမျိုးကို ဖြစ်နိုင်ရင် ဘယ်သူမှ မလုပ်ကြတော့ပါဘူး။ မလုပ်မဖြစ် အခြေအနေမျိုးတွေရောက်မှ ဗိုက်ကိုဖွင့်ပြီး သည်းခြေအိတ်ကို ခွဲထုတ်ပါတယ်။

**လက်ပါရိုစကုတ်ပစ် သည်းခြေအိတ်ထုတ်ခြင်း (Laparoscopic Cholecystectomy)**

ဒီလို လက်ပါရိုစကုတ်ပစ်နည်းနဲ့ ခွဲထုတ်တဲ့နည်းကို မြန်မာလို အပေါက်ကလေးနဲ့ဖောက်တဲ့နည်း။ အင်္ဂလိပ်လိုတော့ (Key Hole Surgery)လို့ ခေါ်ကြပါတယ်။ Laparo ဆိုတာ ဖောက်တာ၊ လှီးတာ။ Scopic ဆိုတာ ကြည့်တာ။ ဓားနဲ့လှီး၍ (သို့မဟုတ်) အပေါက်ဖောက်၍ ကြည့်သည်ဟု အဓိပ္ပာယ်ရပါတယ်။ ၁၉၈၇ ခုနှစ်မှာ ပြင်သစ်ခွဲစိတ်ဆရာဝန် ဖိလစ်မိုရေးက ကမ္ဘာပေါ်မှာ ပထမဆုံးအကြိမ် လက်ပရိုစကုတ်ပစ်နည်းဖြင့် အောင်အောင်မြင်မြင်နဲ့ သည်းခြေအိတ်ကို ခွဲထုတ်နိုင်ပါတယ်။ ဒီနည်းက ဗိုက်မှာအပေါက်ကလေး သုံးပေါက်ဖောက်ပြီး ခွဲထုတ်တာပါ။

ဒီနည်းရဲ့ အခြေခံနည်းစနစ်ကို ပြောရမယ်ဆိုရင်တော့ (၁) အပေါက်တစ်ပေါက်ကနေ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ကို ထိုးသွင်းပြီး ဗိုက်ကိုဖောင်းအောင် လုပ်လိုက်ပါတယ်။ (၂) နောက်တစ်ပေါက်ကနေ အလင်းရောင်ရအောင်မီးထိုးပေးပါတယ်။ (၃) နောက်တစ်ပေါက် (သို့မဟုတ်) နှစ်ပေါက်ကနေ ခွဲစိတ်ကိရိယာတွေကိုထည့်ပြီး ခွဲစိတ်ပါတယ်။ ဒီလို လက်ပရိုစကုတ်ပစ် ကိုလီစစ်တမီ နည်းနဲ့ခွဲတာကို အတိုကောက် လက်ပ်ကိုလီ(Lapchole') လို့ ခေါ်လေ့ရှိကြပါတယ်။ တိုးတက်တဲ့နိုင်ငံတွေမှာ ဒီလို လက်ပ်ကိုလီကို ပြင်ပလူနာအနေနဲ့တောင် ခွဲကြပါတယ်။ လက်ပရိုစကုတ်နဲ့ သည်းခြေအိတ်ထုတ်တဲ့ လက်ပ်ကိုလီနည်းစနစ်ရဲ့ အားသာချက်၊ ထူးခြားချက်တွေကို ဖော်ပြချင်ပါတယ်။




**ပစ်ဂမင့်ရောင်ချယ်ကျောက်တုံးကြီးတွေ ကျောက်ဖျော်ဆေးနဲ့ ဖျော်လို့မရနိုင်ပါ။**

ဆေးရုံ နှစ်ရက်ပဲတက်ရပါတယ်။ ခွဲပြီးနောက်တစ်နေ့မှာ ထမင်းဟင်းပုံမှန်စားလို့ရပါတယ်။ ခွဲပြီး နှစ်ပတ်မှာ ပုံမှန်လှုပ်ရှား အားကစားတွေတောင် လုပ်လို့ရပါတယ်။ ဒါကြောင့် ရုံးထိုင်အလုပ်လုပ်တဲ့ သူတစ်ယောက် အနေနဲ့ဆို ခွင့်သုံးရက်ယူရင် ရပါတယ်။ ဘေးအန္တရာယ် လုံးဝ မရှိသလောက်ပါပဲ။ ကုန်ကျစရိတ်အနေနဲ့လည်း ဗိုက်ခွဲပြီးသည်းခြေအိတ်ထုတ်တာနဲ့စာရင် ပိုပြီးသက်သာပါတယ်။ အထူးသဖြင့် အလုပ်မပျက်ဘူး။

အမေရိကန်နိုင်ငံမှာတော့ မနက်ဆေးရုံတက်၊ လက်ပရိုစကုတ်နည်းနဲ့ သည်းခြေအိတ်ထုတ်ပြီး ညနေ အိမ်ပြန်ကြပါတယ်။ ပြင်ပလူနာအနေနဲ့ ခွဲစိတ်တာပေါ့။ အမေရိကန်နိုင်ငံမှာ လက်ပရိုစကုတ်နည်းနဲ့ သည်းခြေအိတ်ခွဲတာ တစ်နှစ်မှာ အတွင်းလူနာအနေနဲ့ ခွဲတာက ၄၁၄၀၀၀ ရှိပါတယ်။ ပြင်ပလူနာအနေနဲ့ ၅၀၃၀၀၀ ခွဲစိတ်ကြပါတယ်။ ဆိုလိုတာက ဒီလို လက်ပရိုစကုတ်နည်းနဲ့ သည်းခြေအိတ်ခွဲပြီး ကုတာဟာ သိပ်ကို လွယ်ကူပြီး အဆင်ပြေတဲ့အတွက် အများစုက ပြင်ပလူနာအနေနဲ့ ခွဲနေကြပါပြီ။

**တစ်ပေါက်တည်းခွဲတဲ့ SILS**

လက်ပရိုစကုတ် အပေါက်ဖောက် သည်းခြေအိတ်ခွဲထုတ်တဲ့နည်းဟာ ယနေ့မြန်မာနိုင်ငံမှာ ဗိုက်ကို အပေါက်လေးပေါက်ဖောက်ပြီး ခွဲနေရပေမယ့် တဖြည်းဖြည်းနဲ့ တိုးတက်ပြောင်းလဲလာတော့ တိုးတက်တဲ့နိုင်ငံတွေမှာ အပေါက် သုံးပေါက်လောက် ဖောက်တာကနေ တစ်ပေါက်တည်းခွဲကုတဲ့ SILS (Single Incision Laparos copic Surgery) တွေကို ပြောင်းလဲပြီးခွဲလာကြပါတယ်။

**သဘာဝအပေါက်တွေကနေ သည်းခြေအိတ်ခွဲထုတ်တဲ့ NOTES**

သည်းခြေအိတ်ထုတ်တာကို လက်ပရိုစကုတ်နည်းနဲ့ခွဲတာဟာ ဗိုက်ကိုအပေါက်လေးတွေ ဖောက်ပြီး ခွဲတာကနေ တဖြည်းဖြည်းနဲ့ ဗိုက်အရေပြားတွေကို မဖောက်တော့ဘဲ သဘာဝအပေါက်ဖြစ်တဲ့ ပါးစပ်၊ မိန်းမကိုယ် Vagina လို အပေါက်တွေကနေ ပိုက်တွေထည့်ပြီး သည်းခြေအိတ်ကိုခွဲထုတ်တဲ့ နည်းစနစ်တွေကို စမ်းသပ်တီထွင်လာကြပါတယ်။ အဲလို သဘာဝ အပေါက်ကနေခွဲတာကို Natural Orifice Trans luminal Endoscopic Surgery (NOTES)လို့ ခေါ်ပါတယ်။

အခုအခါမှာ NOTES နည်းနဲ့ သည်းခြေအိတ်ကို ပါးစပ်ထဲကနေ အစာအိမ်ကိုဖောက်ပြီး သည်းခြေအိတ်ကို ထုတ်တယ်။ အဲလို အစာအိမ်ကိုဖြတ်ပြီးခွဲတာကို Transgastric နည်းနဲ့ခွဲတယ်လို့ ပြောတယ်။ မိန်းမကိုယ် (Vagina) ကိုပိုက်ထည့်ပြီး သည်းခြေအိတ်ကိုခွဲထုတ်တာကိုတော့ Transvaginal ချဉ်းကပ်နည်းနဲ့ ခွဲတယ်လို့ပြောပါတယ်။ တကယ်ကို မယုံနိုင်စရာ တီထွင်ခွဲစိတ်မှုတွေပါ။ ။

(ဆက်လက်ဖော်ပြပါမည်)

**သည်းခြေအိတ်ထုတ်တာကို လက်ပရိုစကုတ်နည်းနဲ့ ခွဲတာဟာ ဗိုက်ကို အပေါက်လေးတွေ ဖောက်ပြီးခွဲတာကနေ တဖြည်းဖြည်းနဲ့ ဗိုက်အရေပြားတွေကို မဖောက်တော့ဘဲ သဘာဝအပေါက်ဖြစ်တဲ့ ပါးစပ်၊ မိန်းမကိုယ် Vagina လို အပေါက်တွေကနေ ပိုက်တွေထည့်ပြီး သည်းခြေအိတ်ကို ခွဲထုတ်တဲ့ နည်းစနစ်တွေကို စမ်းသပ်တီထွင်လာကြပါတယ်။**

# ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်၏ စီမံကိန်းသက်တမ်းတိုးမြှင့်

**မန္တလေး ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအာဏာလွှဲပြောင်းမှုကာလအတွင်း ထိခိုက်နစ်နာလွယ်သော ပြည်သူများထံ စားနပ်ရိက္ခာအထောက်အပံ့များ ဆက်လက်ရောက်ရှိစေရန်အတွက် ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်က မြန်မာနိုင်ငံရှိ ၎င်း၏ စီမံကိန်းကို သက်တမ်းနှစ်နှစ် တိုးမြှင့်လိုက်ကြောင်း သိရသည်။

မူလက လက်ရှိစီမံကိန်းကို ယခုနှစ်ကုန်တွင် ရပ်နားရန်ဖြစ်သော်လည်း မကြာမီက ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ်များအနေဖြင့် ၂၀၁၆ ခုနှစ် နှစ်ဦးတွင် အစိုးရအဖွဲ့ဖွဲ့စည်းပြီး အာဏာလွှဲပြောင်းရယူမည်ဖြစ်ရာ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ စီမံကိန်းများကို ၂၀၁၇ ခုနှစ် အထိသက်တမ်းတိုးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ဌာနေကိုယ်စားလှယ် Dom Scalpelli က "ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်အနေနဲ့ ဆင်းရဲနွမ်းပါးမှု၊ စားနပ်ရိက္ခာမလုံလောက်မှုနဲ့ အာဟာရချို့တဲ့မှုကို ဆက်လက်အာရုံစိုက်လုပ်ဆောင်သွားပါမယ်။ လွန်ခဲ့တဲ့နှစ်များအတွင်း မြန်မာနိုင်ငံကသိသာ ထင်ရှားတဲ့ တိုးတက်မှုတွေလုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမယ့် လုပ်ဆောင်စရာတွေ ကျန်နေပါသေးတယ်။ ဒီအရေးပါတဲ့ အကူးအပြောင်းကာလရှည်အတွင်းမှာ မြန်မာပြည်သူတွေကို ဆက်လက်အကူ အညီပေးသွားဖို့ရာ အရေးကြီးပါတယ်" ဟု ပြောကြားသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၂၆ ရာခိုင်နှုန်းခန့်၊ လူပေါင်း ၁၃ သန်းကျော်သည် ဆင်းရဲနွမ်းပါးမှု အခြေပြမျဉ်းအောက်တွင်ရှိပြီး မြန်မာနိုင်ငံရှိ ကလေးသူငယ် စုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းကျော်သည် ရေရှည်အာဟာရချို့တဲ့မှုကြောင့် ကြီးထွားမှုနှုန်းတန့် (အရပ်ပုခြင်း)သည့် လက္ခဏာများရှိနေသည်ကို တွေ့ရကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ရေကြီးမြေပြိုမှုများကြောင့် လူပေါင်း ၄၄၀၀၀၀ ခန့်တို့ စားနပ်ရိက္ခာလိုအပ်လျက်ရှိပြီး ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်အတွင်း ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်များတွင် ပေါ်ပေါက်ခဲ့သောပဋိပက္ခများကြောင့် နေရပ်/အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသော လူပေါင်း ၁၇၂၀၀၀ ကျော်တို့သည်လည်း စားနပ်ရိက္ခာအကူအညီ ဆက်လက် လိုအပ်နေဆဲဖြစ်ကြောင်း၊ စားနပ်ရိက္ခာ မလုံလောက်သောလူပေါင်း ၂ ဒသမ ၉သန်းအတွက် ယခုသက်တမ်းတိုးလိုက်သောစီမံကိန်းမှ စားနပ်ရိက္ခာနှင့် ငွေကြေးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ရဲ့ မြန်မာနိုင်ငံမှာရှိတဲ့လုပ်ငန်းတွေကို ပင်မရည်မှန်းချက်ဖြစ်တဲ့ ၂၀၃၀ ပြည့်နှစ်မှာ ငတ်မွတ်ခေါင်းပါးမှု အလုံးစုံပပျောက်ရေး ပြည့်စုံရန်အတွက် ကူညီပံ့ပိုးရေးအစီအစဉ်တွေကို ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဌာနေကိုယ်စားလှယ်ခေါင်းဆောင်က ဆက်လက်ပြောသည်။ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်၏ ပြန်လည်သုံးသပ် ရေးဆွဲထားသော မြန်မာနိုင်ငံဆိုင်ရာ လုပ်ငန်းနည်းဗျူဟာ အစီအစဉ်ဖြင့်ပံ့ပိုးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

# စည်းကမ်းဖောက်ဖျက်သော သုံးတန်နှင့်အထက် ကုန်တင်ယာဉ်များကို အရေးယူဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေး ခြောက်မြို့နယ်အတွင်း သုံးတန်နှင့်အထက် ကုန်တင်ယာဉ်များအား ယာဉ်ထိန်းရဲတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနနှင့် ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီအဖွဲ့များပါဝင်သည့် စစ်ဆေးဖမ်းဆီးရေး အဖွဲ့မှ နေ့စဉ်လှည့်လည်စစ်ဆေး၍ ဒဏ်တပ်အရေးယူဆောင်ရွက်လျက်ရှိရာ (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်ကာလအတွင်း စည်းကမ်းဖောက်ဖျက်သော သုံးတန်နှင့်အထက်ကို ကုန်တင်ယာဉ် ၅၄၂စီး အပါအဝင် စည်းကမ်းမဲ့ယာဉ် စုစုပေါင်း ၄၀၇၂စီးကို ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက်၊ စက်မှုရပ်ကွက်နှင့်အတူ မန္တလေးမြို့နယ်တွင် ကုန်တင်ယာဉ်ကြီးများ၊ တွဲယာဉ်ကြီးများဖြင့် ကုန်ပစ္စည်းများ၊ သယ်ယူပို့ဆောင်ခြင်း၊ ကုန်တင်ကုန်ချပြုလုပ်ခြင်း၊ ကုန်တင်ယာဉ်ကြီးများ လမ်းပေါ်ရပ်နားခြင်း ဆောင်ရွက်မှုများမရှိရန်နှင့် ပြည်သူလူထုသွားလာရာ၌ အနှောင့်အယှက်မဖြစ်စေရန်ရည်ရွယ်၍ ပြည်ကြီးမင်္ဂလာ အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းကို ၂၀၁၃ ခုနှစ် မတ်လ ၁၃ ရက်က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဒီစီအီး(မန်းကိုယ်ပွား)**

**နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်**

**နေပြည်တော် ဒီဇင်ဘာ ၅** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မြန်မာ့အလင်း)**



# စာရေးရာမှာ ရှောင်စရာ(၁)

မောင်ခင်မင်(ဓနုဖြူ)

"လာ . . . လာ ငါ့တူ မလာတာတောင်ကြာသွားပြီ။ ဘယ်ပျောက်နေသလဲ"

"ဟုတ်ကဲ့ဦးလေး. . .။ ကျွန်တော် မန္တလေးဘက် ခရီးလွန်နေလို့ ဦးလေးဆီ မရောက်တာပါ"

"မင်းလာရင်တော့ မေးစရာတစ်ခုခုပါလာမယ် ထင်ပါရဲ့"

"ဒီတစ်ခါတော့ ကျွန်တော့်ကို စာသင်သလို သင်ပေးပါ ဦးလေးရယ်"

"ဟေ . . . ဘာသင်ပေးရမှာလဲကွ"

"ဟိုတစ်ရက်က ကျွန်တော် 'အလင်္ကာပန်းကုံး' စာအုပ်ကိုဖတ်ရင်း 'ဒေါသပိုင်း'မှာ စာရေးရင် သင့်တတ်တဲ့ အပြစ်ဒေါသတွေအကြောင်း တွေ့လိုက်ရပါတယ်"

"ဟုတ်ပါပြီ"

"အဲဒီအပိုင်းက စာရေးတဲ့အခါမှာ ရှောင်ရမယ့် အပြစ်တွေကို ပြထားတာမဟုတ်လား ဦးလေး"

"ဟုတ်တယ်လေ"

"ကျွန်တော်ဖတ်ကြည့်တော့ တချို့အပိုင်းတွေကို သိပ်နားမလည်ဘူး။ ပါဠိအသုံးတွေလည်း ပါနေတယ်။ ဒါကြောင့် အဲဒီဒေါသတွေအကြောင်း ကျွန်တော့်ကိုနားလည်အောင်သင်ပေးပါ ဦးလေးရယ်"

"အင်း. . . အဲဒီဒေါသဆိုတဲ့ အပြစ်တွေက စာရေးရာမှာ ရှောင်စရာအချက်တွေမို့ သိထားဖို့ ကောင်းတာပေါ့ကွယ်။ ပြောရဦးမယ်။ ကိုလိုနီခေတ်တုန်းက အထက်တန်း မြန်မာစာသင်ရိုးတွေမှာ အဲဒီဒေါသတွေကို သင်ခန်းစာအဖြစ်ထည့်ပြီး သင်တယ်ကွဲ့"

"ဩော်. . . ဟုတ်လားဦးလေး။ ခုလည်း အဲဒီဒေါသတွေ သင်တယ်မဟုတ်လား"

"တို့သိသလောက်တော့ ဆရာ ဆရာမတွေက အပြစ်ဒေါသ အကြောင်းသင်တဲ့အခါမှာ ဘယ်လိုအရေးအဖွဲ့က ဘာဒေါသသင့်တယ်လို့ ခရီးသွားဟန်လွှဲ ရှင်းပြတာ လောက်ပဲရှိတယ်။ အပြစ်ဒေါသအကြောင်း သီးသန့် မသင်ကြတော့ဘူးလေ။ သင်ရိုးတွေမှာလည်း မပါတော့ဘူး"

"သင်ဖို့ကောင်းတာပေါ့နော်"

"သင်ရင်တော့ တစ်စုတစ်စည်းတည်း မှတ်မိတာပေါ့ကွယ်။ စာရေးရာမှာ အပြစ်မသင့်အောင် ရှောင်လို့ရတာပေါ့။ ကဲ. . . ဗီရိုထဲက ဟိုစာအုပ်နှစ်အုပ် ထုတ်လိုက်စမ်းပါ"

" ဟုတ်ကဲ့ . . . . ဩော် အလင်္ကာပန်းကုံးရယ်၊ ဒါက အထက်တန်း မြန်မာကဗျာဖွဲ့နည်းကျမ်းတဲ့"

"ဟုတ်တယ်။ မင်းပြောတဲ့အလင်္ကာပန်းကုံးထဲက ဒေါသအပိုင်းရယ်၊ ဝဇီရဗုဒ္ဓိ ဆရာကြီး ဦးဖိုးစိန်ရေးတဲ့ အထက်တန်း မြန်မာကဗျာ ဖွဲ့နည်းကျမ်းထဲမှာ အဲဒီဒေါသတွေကို မြန်မာလိုနာမည်တွေပေးပြီး ရှင်းပြထားတာ တွေ့တယ်။ အဲဒီနှစ်အုပ်ကိုကြည့်ပြီး မင်းကို ဒေါသအပြစ်တွေ အကြောင်းပြောပြမယ်။ ကဲ . . . လိုက်မှတ်ပေတော့ "

"ဟုတ်ကဲ့ ဦးလေး"

ပထမဆုံး 'ပဒဒေါသ' လို့ခေါ်တဲ့ ပုဒ်မှာဖြစ်တတ်တဲ့ အပြစ်တွေအကြောင်းပြောပြမယ်။ ဆရာကြီးဦးဖိုးစိန် ပေးထားတဲ့ မြန်မာနာမည်တွေကို မှတ်မိအောင်မှတ်ပေ့။ ပါဠိနာမည်တွေလည်း မှတ်နိုင်ရင်ကောင်းတာပေါ့"

"ဟုတ်ကဲ့ပါ"

"ပထမပြောမှာက 'တစ်ပါးအနက်ရှိ အပြစ်'တဲ့၊ ပုဒ်တစ်ခု၊ စကားတစ်လုံးဟာ စာရေးသူဆိုလိုက်တဲ့ အနက်အပြင် တခြားအနက်တစ်မျိုးပါ ထွက်နေတဲ့ အပြစ်ပေ့။ ပါဠိလိုတော့ 'အတ္ထန္တရဒေါသ'တဲ့"

"စကားတစ်လုံးတည်း အနက်နှစ်မျိုးဖြစ်နေတာပေါ့ နော်"

"ဟုတ်တယ်။ဆိုပါတော့။ 'တိမ်ဖုံးနေ၍ လမင်းကို မမြင်ရပါ' ဆိုတဲ့စကားကိုကြည့်ရင် 'တိမ်'ဆိုတာ အနက် နှစ်မျိုး ထွက်နေတယ်"

"ဘယ်လိုထွက်တာလဲ ဦးလေး"

" စဉ်းစားကြည့်လေ။ မျက်စိကို တိမ်စွဲနေလို့၊ တိမ်ဖုံးနေလို့ လမင်းကို မမြင်ရတာလည်း ဖြစ်နိုင်တယ်။ လမင်းကို တိမ်ဖုံးနေလို့ မမြင်ရတာလည်း ဖြစ်နိုင်တယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ"

" အဲဒီလို အနက်နှစ်မျိုး ထွက်နေတဲ့အတွက် ဒေါသ သင့်တာပေ့ါ"

"ဒီလိုဆိုရင် အနက်တစ်မျိုးတည်း ထွက်အောင် ဘယ်လိုရေးရမှာလဲဟင်"

"ခုပြစ်တဲ့သာဓကက စကားအဆက်အစပ် မပြည့်စုံတာတို့ မရှင်းတာတို့ကြောင့် အနက်နှစ်ခွထွက်တဲ့ သာဓကပါ။ 'မျက်စိကို တိမ်ဖုံးနေ၍ လမင်းကို မမြင်ရပါ' ဒါမှမဟုတ် 'လမင်းကို တိမ်ဖုံးနေ၍ မမြင်ရပါ'လို့ ရေးရင် အနက်နှစ်ခွ မဖြစ်တော့ဘူးပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

"စကားအဆက်အစပ် ပြည့်စုံရင်၊ ရှင်းရင် ဘယ်အနက်ကို ဆိုလိုတယ်ဆိုတာ ကွဲပြားတာပေ့ါ။ သာဓကပြပ့ါမယ်။ 'တောင်ဘက်ကလား၊ မြောက်ဘက်ကလား'လို့ မေးရင် တောင်ဘက်ဆိုတာ ဘာကိုဆိုလိုတာလဲ"

"တောင်အရပ်၊ တောင်မျက်နှာကို ဆိုလိုတာပါ ဦးလေး"

"ဟုတ်ပြီ။ 'တောင်ဘက်ကလား၊ ပင်လယ်ဘက်ကလား'လို့ မေးရင်ကောကွယ်"

"ဒါဆိုရင်တော့ 'တောင်'ဆိုတာ 'တောင်ကုန်းတောင်တန်း'ကို ဆိုလိုတာပါ"

"အေး . . . အတူတွဲသုံးတဲ့ စကားအဆက်အစပ် အရ အနက်အဓိပ္ပာယ် နှစ်ခွမဖြစ်အောင် သုံးနိုင်တာပေ့ါ။ ကဲ . . . နောက်တစ်ခုက 'အသိခက်အပြစ်'တဲ့။ ပါဠိလိုတော့ ကိလိဋ္ဌဒေါသလို့ခေါ်တယ်"

"ရှင်းပြပါ ဦးလေး"

"အများနားမလည်နိုင်တဲ့ စကားလုံးခက်ခက်ကြီးတွေ သုံးရင် အဲဒီအပြစ်သင့်တာပေ့ါကွယ်။ သာဓကပြရရင် ရုပ်မြင်သံကြားက အသံလွှင့်တဲ့ ပုဂ္ဂိုလ်တစ်ယောက်က ပြောတယ်။ 'ဒီအကြောင်းအရာကို ကျွန်တော် ပကတူး ကတည်းက အစီအရင်ခံပြီးပါပြီ'တဲ့"

"ဟင်. . .'ပကတူး'ကတည်းက ဆိုတာဘာလဲ ဦးလေး"

" ကဲ. . . မင်းတောင် မသိဘူးမဟုတ်လား"။ တကယ်တော့ ' ပကတူး' ဆိုတာ 'ရှေးဦး၊ အရင်' လို့ အဓိပ္ပာယ်ရတဲ့ ပေါရာဏစကားပဲ။ အခုမသုံးတော့ဘူး။ ရှေးစာတွေထဲမှာပဲရှိတယ်။ ဒီတော့ အသိခက်တာပေ့ါ။ 'ဒီအကြောင်းအရာကို ကျွန်တော်အရင်ကတည်းက အစီရင်ခံပြီးပါပြီ'လို့ ပြောရင် လူတိုင်းနားလည်တာပေ့ါကွာ။ အပြစ်မသင့်ဘူးပေ့ါ"

" ဘာဖြစ်လို့ အဲဒီလိုစကားလုံး ခက်ခက်တွေသုံးကြတာလဲ ဦးလေး"

"တချို့ကလည်း စကားလုံးကြီးကြီးသုံးရင် ခံ့ညားတယ် ထင်ကြတာပေ့ါ"။ ဒီနေရာမှာ စာပေပညာရှင် ဆရာကြီး ဦးတင်ဇ ပြောတဲ့စကားတစ်ခွန်းကို သတိရတယ်။ ဦးတင်ဇဆိုတာ ပင်လုံစာချုပ်လက်မှတ်ထိုးတုန်းက ပါခဲ့တဲ့ပုဂ္ဂိုလ်ပဲ။ ဘာပြောသလဲဆိုရင် 'ဝေါဟာရ' ဆိုတဲ့ ပါဠိစကားဟာ ' စကားလုံး' လို့ အဓိပ္ပာယ်ရတာမို့ အဓိပ္ပာယ်အတူတူပါပဲ. . . တဲ့။ ဒါပေမယ့် ကျွန်တော်တို့ မြန်မာတွေဟာ 'ဒီစကားလုံးက' လို့ ပြောရတာထက် 'ဒီဝေါဟာရက' လို့ပြောရတာကို ပိုသဘောကျတတ်ကြတယ်. . . တဲ့။ ပိုပြီးခံ့ညားတယ်လို့ ထင်တတ်ကြတယ်. . . တဲ့။ အဲဒီလိုပြောဖူးတယ်"

" မှတ်သားစရာပဲနော် ဦးလေး"

"ဒါကြောင့်. . . စာရေးတဲ့အခါ အသိခက်တဲ့ စကားလုံးကြီးကြီးတွေရှောင်ပြီး လူတိုင်းနားလည်လွယ်တဲ့ စကားလုံးမျိုး သုံးသင့်တာပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ခုက 'ဂုဏ်လွန်အပြစ်'တဲ့။ ပါဠိလို 'အချုတ္တဒေါသ' လို့ခေါ်တယ်။ တစ်ခုခုကို အထူးပြုဖော်ပြရာမှာ လွန်လွန်ကဲကဲ အထူးပြုတာမျိုးပေ့ါ"

"ဟုတ်ကဲ့ပါ"

"အလင်္ကာကျမ်းမှာတော့ 'အရပ်ဆယ်မျက်နှာကို ထွန်းလင်းတောက်ပစေတတ်သော ပိုးစုန်းကြူး' ဆိုတဲ့ သာဓကကိုပြတယ်။ ပိုးစုန်းကြူးရဲ့ ဂုဏ်နဲ့မတန်အောင် လွန်လွန်ကဲကဲ ဂုဏ်တင်တာမျိုးပေ့ါကွယ်"

" 'အရပ်ဆယ်မျက်နှာကို ထွန်းလင်းတောက်ပစေနိုင်သော နေမင်း' ဆိုရင်တော့ အပြစ်မသင့်ဘူးထင်တယ်နော် ဦးလေး"

"အေးပေ့ါ။ နေမင်းဆိုရင်တော့ လွန်ကဲရာ မရောက်ဘူးလေ။ အလင်္ကာပန်းကုံးထဲမှာလည်း သာဓကတစ်ခုပေးထားတယ်။ 'လောင်းမင်းတရားတူ၊ ဆင်ဖြူများရှင့်သွေး၊ မောင်တူ လူယဉ်ကျေး၊ 'ဂေါတမမြေး' ဆိုတဲ့ကဗျာပေ့ါ. . .။ စာဆိုတော် ဦးမင်းရေးတာ. . တဲ့။ ဂုဏ်လွန်တဲ့ အပြစ်သင့်နေလို့ ပုဆိုးတစ်ထည်ပေးပြီး ကဗျာကိုဖျက်ခိုင်းရတယ်. . . တဲ့။

"မှတ်သားစရာပါပဲနော်"

"နောက်တစ်ခုကတော့ 'ဂုဏ်ယုတ်အပြစ်' တဲ့ ပါဠိလို 'ဟီနတ္တကဒေါသ'လို့ခေါ်တယ်။ ဂုဏ်လွန်အပြစ်နဲ့ဆန့်ကျင်ဘက်ပဲ။ တစ်ခုခုကို အထူးပြုဖော်ပြရာမှာ အထူးပြုတဲ့ဂုဏ်က ရှိသင့်တာထက်နိမ့်နေရင် ဂုဏ်ယုတ်အပြစ် သင့်တာပေ့ါကွယ်။ အလင်္ကာကျမ်းမှာတော့ 'ပိုးစုန်းကြူးရဲ့အရောင်ကို ပယ်ဖျောက်နိုင်စွမ်းရှိသော နေမင်း' လို့ သာဓကပြတယ်။

"ဟင်. . . နေမင်းရဲ့ဂုဏ် နိမ့်ကျသွားတာပေ့ါနော်"

"အေး. . . ပေ့ါ။ 'ကကြီးခခွေးအစဆုံး အလွတ်ရသော ပညာရှိကြီး' ဆိုတာမျိုး ဖြစ်နေတာပေ့ါ"

"ကျွန်တော် တစ်ခုစဉ်းစားမိလို့ပါ ဦးလေး"

"ဆိုပါဦး"

" 'ဂုဏ်လွန်အပြစ်' တို့ 'ဂုဏ်ယုတ်အပြစ်' တို့က အတည်အတံ့ ရေးတဲ့စာမျိုးမှာ အပြစ်သင့်ပေမယ့်၊ တမင်သရော်ချင်လို့ဖြစ်ဖြစ်၊ ဟာသလုပ်ချင်လို့ဖြစ်ဖြစ် ရေးတာဆိုရင်တော့ ဆီလျော်တယ်ထင်လို့ပါ"

"အေးပေ့ါ၊ ရေးတဲ့သူရဲ့ ရည်ရွယ်ချက်ပေါ် တည်မှာပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

"ကဲ. . . နောက်တစ်ခုပြောပြီးရင် နားကြဦးစို့။ နောက်တစ်ခုတော့ 'အနက်မဲ့အပြစ်'တဲ့။ အနတ္ထဒေါသလို့ခေါ်တယ်။ အနက်အထူးအထွေမရှိဘဲ ပုဒ်ပြည့်ရုံ ထည့်ရေးတာမျိုးကို သာဓကပြတယ်"

> **"အလင်္ကာပန်းကုံးထဲက သာဓကလေး ကောင်းတယ်" မြဝတီမင်းကြီး ဦးစကို သူကြီးတစ်ယောက်က ထန်းရွက်ယပ် အရိုးရှည်တစ်ခု လာဆက်ပြီး 'ရွက်ရင့်ရိုးရှည်ပါဘုရား' လို့ ကဗျာဆန်ဆန်လျှောက်တယ်။ မြဝတီမင်းကြီးက ရှေ့ဆက်ဦးလို့ဆိုတော့ 'ခက်ဆင့်ဖြိုးစည်ပါဘုရား' လို့ လျှောက်တယ်**

"ဟုတ်ကဲ့ ဦးလေး"

"အလင်္ကာပန်းကုံးထဲက သာဓကလေး ကောင်းတယ်"။ မြဝတီမင်းကြီးဦးစကို သူကြီးတစ်ယောက်က ထန်းရွက်ယပ် အရိုးရှည်တစ်ခုလာဆက်ပြီး 'ရွက်ရင့်ရိုးရှည်ပါဘုရား' လို့ ကဗျာဆန်ဆန် လျှောက်တယ်။ မြဝတီမင်းကြီးက ရှေ့ဆက်ဦးလို့ဆိုတော့ 'ခက်ဆင့်ဖြိုးစည်ပါဘုရား'လို့ လျှောက်တယ်။ ရှေ့ထပ်ဆက်ခိုင်းတော့ မရတော့ပါဘူးလို့ လျှောက်ပေမယ့် ရအောင်ဆက်ရမယ်လို့ ဆိုတဲ့အတွက် သူကြီးက 'ဖက်ဖင့်ဖိုးဖည်ပါဘုရား'လို့ လျှောက်လိုက်တယ်တဲ့။ မြဝတီမင်းကြီးက ရယ်မောပြီး အဲဒီလိုဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ကာရန်ရအောင် စပ်တတ်ရမယ်လို့ပြောပြီး ချီးမွမ်းသတဲ့ "

"ဖက်ဖင့်ဖိုးဖည်ဆိုတော့ အဓိပ္ပာယ်မရှိဘူးပေ့ါနော်"

"ဒါကြောင့် အနက်မဲ့ဒေါသ သင့်တာပေ့ါ။ ကဲ. . . နောက်နေ့မှ ဆက်ကြရအောင်"

"ဟုတ်ကဲ့. . . ဦးလေး"

# မန္တလေးတွင် သက်တမ်းလွန်ပစ္စည်းများ မီးရှို့ဖျက်ဆီး



**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေးခရိုင် အတွင်းရှိ သက်တမ်းလွန်ပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းကို ဒီဇင်ဘာ ၄ ရက်က ပုသိမ်ကြီးမြို့နယ် အေးရိပ်ငြိမ်သုသာန်၌ ပြုလုပ်ရာ မန္တလေးမြို့တော်ဝန်နှင့် စည်ပင်သာယာရေး ကော်မတီဝင်များ၊ FDA မှ တာဝန်ရှိသူများ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ သက်တမ်းလွန်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အဆိုပါ သက်တမ်းလွန်ပစ္စည်းများမှာ လူသုံးကုန်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ကာလတန်ဖိုး ၁၇၅၃ ဒသမ ၅၄၄၁၂ သိန်းတန်ဖိုးရှိ သက်တမ်းလွန်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ဆေးကုမ္ပဏီများမှ သက်တမ်းလွန် ဆေးဝါးများနှင့် မြို့နယ်အတွင်းရှိ ဆေးဆိုင်များမှ သက်တမ်းလွန်ပစ္စည်းများကို ခြောက်လတစ်ကြိမ် တစ်နှစ်တစ်ကြိမ် မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ပြည်သူများကိုလည်း FDA မှ တာဝန်ရှိသူများ တိုင်းကျန်းမာမှ တာဝန်ရှိသူများ စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ပူးပေါင်းစစ်ဆေးခြင်းများ ခေါ်ယူပညာပေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

Green Farm Development Co.ltd., Marketing Manager ဒေါ်မေသဇင်ကျော်က "သက်တမ်းလွန်ပစ္စည်းများ ဖျက်ဆီးရာတွင်ပါဝင်သော ထိုင်းနိုင်ငံထုတ် ဟန်နုမာန် Sp တံဆိပ် ၈၈၈ နှင့် ၃၃၃ အထွက်တိုးကြက်စာပြောင်းဖူးမျိုးစေ့တွေ သိန်း ၁၅၀ ကျပ်တန်ဖိုးအား ဖျက်ဆီးခဲ့ပါတယ်။ ခုလိုဖျက်ဆီးရတဲ့အကြောင်းအရင်ကတော့ သက်တမ်းလွန်ပစ္စည်းများ သုံးစွဲသူမိဘပြည်သူများ ထံသို့မရောက်ရှိအောင် ပြုလုပ်ခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

**ကျော်ထူး(မန္တလေး)**

# နည်းပညာနှင့် သက်မွေးပညာသင်တန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၅**

နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနနှင့် ဆီမီယိုအဖွဲ့ (SEA-MEO)တို့ပူးပေါင်း၍ အာဆီယံနိုင်ငံများအကြား နည်းပညာနှင့်သက်မွေးပညာသင်တန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ နတ်မောက်လမ်းရှိ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း ဘက်စုံခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲဖွင့်ပွဲတွင် နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆီမီယိုအတွင်းရေးမှူးချုပ်ရုံး ညွှန်ကြားရေးမှူး Dr. Gatot Hari Priowirjanto က အမှာစကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အာဆီယံနိုင်ငံများအကြား ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ သင်တန်းကျောင်းများအချင်းချင်း ဆရာအရည်အသွေး မြှင့်တင်ရေးဆိုင်ရာများ၊ ကျောင်းသားများ အပြန်အလှန်စေလွှတ်သင်ကြားရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မြန်မာ၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့မှ ဟိုတယ်နှင့်ခရီးသွားလာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကဏ္ဍများမှ နှီးနွှယ်သောဌာနများ၊ ကျောင်းများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**(ပညာရေး)**



## နေအိမ်အသစ်များဆောက်လုပ်ပြီးစီး

ကလေးမြို့နယ် ကျောက္ကာကျေးရွာတွင် ရေနစ်မြောပါပျက်စီးသွားသည့် လူနေအိမ်များအစား နေအိမ် ၁၀၁ လုံး ဆောက်လုပ်ပြီးစီးမှုကို ဒီဇင်ဘာလပထမပတ်အတွင်း တွေ့ရစဉ်။ **ဂျူနိုင်း**

# စစ်တွေမြို့နယ်တွင် အိမ်တိုင်ရာရောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**စစ်တွေ ဒီဇင်ဘာ ၅**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တွင် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်း အစီအစဉ်အရ ပထမအကြိမ်အိမ်တိုင်ရာရောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ စစ်တွေမြို့နယ်တွင် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းမှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မွေးကင်းစမှ အသက်ငါးနှစ်အောက်ကလေးငယ်များအားလုံးကို တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများကြီးကြပ်ကာ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် အသွင်ပြောင်းပိုလီယိုရောဂါပိုးကြောင့် အကြောသေရောဂါဖြစ်ပွားခဲ့သော ကလေးငယ်နှစ်ဦးကိုတွေ့ရှိခဲ့ရပြီး ကလေးငယ်များပိုလီယိုရောဂါကူးစက်မခံရရေးအတွက် ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ ပထမအကြိမ်အဖြစ် လည်းကောင်း၊ ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ဇန်နဝါရီလ ၁၆ ရက်မှ ၁၈ ရက်အထိ တတိယအကြိမ်ဖြစ်လည်းကောင်း မွေးကင်းစမှ အသက်ငါးနှစ်အောက်ကလေးတိုင်းအား ပိုလီယိုကာကွယ်ဆေးများကို မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားနှင့်မြေပုံမြို့နယ်များတွင် အိမ်တိုင်ရာရောက် တိုက်ကျွေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုကြီးစော**
**ဓာတ်ပုံ-ညေစော**



# ကျေးလက်ဒေသများမီးလင်းရေး ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၅**

မဟာဓာတ်အားလိုင်းမရောက်ရှိသည့် ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိနိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ကမ္ဘာ့ဘဏ်နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ငါးနှစ်တာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းနှင့်ပတ်သက်၍ ဒီဇင်ဘာ ၄ ရက်က ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ကျင်းပသည့် မဟာဓာတ်အားလိုင်း ပြင်ပမီးလင်းရေးစနစ်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက "ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုပြီး မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ကာလတို၊ ကာလရှည်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေ၊ ပြည်တွင်းပြည်ပကုမ္ပဏီတွေနဲ့ပူးပေါင်းပြီး Public Private Partnership အသွင်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ မဟာဓာတ်အားလိုင်း ပြင်ပစနစ်နဲ့ အမျိုးသားလျှပ်စစ်မီးလင်းရေးဆောင်ရွက်တဲ့ စီမံချက်မှာလည်း မီးလင်းရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ဘတ်ဂျက်၊ ကမ္ဘာ့ဘဏ်ရဲ့ချေးငွေ၊ ဒေသခံပြည်သူတွေရဲ့ အချိုးကျထည့်ဝင်ငွေတို့နဲ့ ဆောင်ရွက်သွားမှာဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စတင်အကောင်အထည်ဖော်မယ့် မီးလင်းရေးလုပ်ငန်းများကို ကမ္ဘာ့ဘဏ်ရဲ့ လမ်းညွှန်ချက်အတိုင်း Intrenational Competitive Bidding (ICB Method) နဲ့ စိတ်ပါဝင်စားတဲ့ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ ဝင်ရောက်ယှဉ်ပြိုင်လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

ထိုသို့ ကျေးလက်ဒေသမီးလင်းရေးကို လုပ်ဆောင်ရာတွင် နေရောင်ခြည်စွမ်းအင်သုံး(ဆိုလာစနစ်)ဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တစ်အိမ်သုံး ဆိုလာမီးလင်းရေးစနစ်တွင် တစ်အိမ်လျှင် မီးလုံး ၊ ဖုန်းအားသွင်းခြင်းနှင့် တီဗွီကြည့်ခြင်းများပြုလုပ်နိုင်မည့် ဝပ် (၃၀ ၊ ၄၅ ၊ ၆၀ ) စသည်ဖြင့် သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေး ရည်မှန်းချက်ဖြင့် ကမ္ဘာ့ဘဏ်အုပ်စု၏ နည်းပညာအကူအညီဖြင့် အမျိုးသားအဆင့် လျှပ်စစ်မီးရရှိရေးစီမံကိန်း ( National Electrification Plan ) ကို ၂၀၁၄ ခုနှစ်တွင် ပြုစုရေးဆွဲခဲ့ပြီး မဟာဓာတ်အားလိုင်းများ တိုးချဲ့ခြင်းနှင့် မဟာဓာတ်အားလိုင်းများမရောက်နိုင်သည့် ကျေးလက်ဒေသများမီးလင်းရေးဆိုသည့် နည်းလမ်းနှစ်မျိုးဖြင့်ဆောင်ရွက်ခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၂၃၀၈ ရွာကိုမီးလင်းနိုင်စေရန် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၂၈၇၄ ရွာကို မီးလင်းနိုင်စေရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သီဟသူ**



# ရေတိုက်စား၍ ပျက်စီးသွားသောလမ်းများပြုပြင်

**ကျွန်းလှ ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ခြမ်း အင်တိုင်း-ကျွဲတဲ-အင်လှ-လိပ်ဆင်းတောင်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားချဉ်းကပ်လမ်းများရေတိုက်စား၍ ပျက်စီးသွားရာ ယခုအခါ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လမ်းပေါ်ရှိ ပေ ၂၀၀ တံတား၊ ပေ ၁၀၀ တံတား၊ ပေ ၃၀ တံတား၊ ပေ ၂၀ တံတားနှင့် ၁၀ ပေတံတား စုစုပေါင်း တံတားငါးစင်းတွင် ချဉ်းကပ်လမ်းပျက်စီးမှုများ အမြန်ပြုပြင်ပြီးစီးရန် သက်ဆိုင်ရာမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ခြမ်း ကျေးရွာများသည် ပွင့်လင်းရာသီတွင် ဆည်ပတ်လမ်းမှ သွားလာကြကြောင်း၊ တံတားချဉ်းကပ်လမ်းများ ပျက်စီးနေသောကြောင့် တံတားအောက်လမ်းမှသွားရ၍ အခက်အခဲဖြစ်ရကြောင်း၊ ယခုလိုပြုပြင်ပြီးစီးလျှင် ကုန်တင်ကားများ၊ လိုင်းကားများ တံတားပေါ်မှ ဖြတ်သန်းသွားနိုင်ပြီဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို-ကျွန်းလှ**

# သဘာဝဘေးသင့်ပြည်သူများအတွက် အိမ်ရာများ လွှဲပြောင်း

**တီးတိန် ဒီဇင်ဘာ ၅**

ချင်းပြည်နယ် တီးတိန်မြို့ ကယ်ဆယ်ရေးစခန်း၌ နေထိုင်လျက်ရှိသော သဘာဝဘေးသင့်ပြည်သူများအတွက် စကော့လမ်းရပ်ကွက်နှင့် ရှောင်စွန်းကျေးရွာအကြား တက်လွီးကျေးရွာလမ်းခွဲ အစိုးရပိုင်ထင်းရှူးစိုက်ခင်းတွင် ဆောက်လုပ်ပေးထားပြီး ရာနှုန်းပြည့်ပြီးစီးသော တန်ဖိုးသင့်အိမ်ရာများ လွှဲပြောင်းပေးအပ်ခြင်းကို ဒီဇင်ဘာလ ပထမပတ်က ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ သဘာဝဘေးသင့် ပြည်သူများအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဦးစီးဌာန သစ်ထုတ်လုပ်ရေးလုပ်ငန်းများမှ စုစုပေါင်းအိမ်ရာ ၄၁ လုံးတို ကို အလျား ၃၂ ပေ၊ အနံ ပေ ၂၀၊ အမြင့် ၁၅ ပေအရွယ်အစားဖြင့် တန်ဖိုးသင့်အိမ်ရာများ ဆောက်လုပ်လျက်ရှိရာ နှုန်းပြည့်ပြီးစီးသော အိမ်ရာ ၁၁ လုံးအား သစ်ထုတ်လုပ်ရေးလုပ်ငန်းအသီးသီးက မြို့နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီဥက္ကဋ္ဌ ဦးဂိုးဆွင်းခိုင်နှင့်အဖွဲ့ဝင်များထံသို့ လွှဲပြောင်းအပ်နှံကြောင်း သိရသည်။

တီးတိန်မြို့နယ်အတွင်း ဇူလိုင်လကုန်နှင့် ဩဂုတ်လဆန်းပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကငင်၊ ဝုန်မွောလ်၊ ထင်ဇန်၊လိုင်ဘုံ၊ တွီးဆောင်း၊ တွီးဗျဲလ်နှင့် ဆွောင်းဒေ့ါကျေးရွာတို့တွင် မြေပြိုကျကာ လူနေအိမ်များ ပြိုကျပျက်စီးခံခဲ့ရပြီး မြေပြိုမှုကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

# ထောက်ပံ့ပစ္စည်းလှူဒါန်းခြင်းနှင့် ရွေ့လျားဆေးခန်းဖွင့်

**ဖလမ်း ဒီဇင်ဘာ ၅**

ချင်းပြည်နယ် ဖလမ်းခရိုင်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်နှင့်အဖွဲ့ဝင်များ၊ ပြည်သူ့ဆေးရုံ အထွေထွေရောဂါကု ဒေါက်တာယမင်းကျော်သူနှင့် သားဖွားဆရာမများအဖွဲ့သည် ဖလမ်းမြို့နယ် ကြောင်ပဟဲင်းကျေးရွာ၌ သက်ကြီးရွယ်အိုများ၊ ချို့တဲ့ အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ လှူဒါန်းခြင်းနှင့် ရွေ့လျားဆေးခန်းဖွင့်လှစ်ခြင်းကို ဒီဇင်ဘာ ၃ ရက်က အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

ခရိုင်/ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ဦးဆောင်ပြီး အသက် ၆၀ ကျော်ဘိုးဘွား ၁၀ ဦးနှင့် ချို့တဲ့ အိမ်ထောင်စု ၅၆ စုအား စားသောက်ကုန်ပစ္စည်းများ၊ စောင်များ၊ ဆေးဝါးများလှူဒါန်းကြပြီး ကျေးရွာပြည်သူများ၏ ကျန်းမာရေးအခြေအနေများကို စစ်ဆေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# ၂၁၀ ခရီးသည်တင်ယာဉ်အရှိန်လွန်ပြီး မှတ်တိုင်ရပ်ထားသောယာဉ်အား နောက်မှဝင်တိုက်




**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်မြို့တွင်း ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက မဟာဗန္ဓုလလမ်း အတိုင်း အနောက်မှ အရှေ့သို့ ယာဉ်မောင်း ဦးကျော်စိန်မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်အမှတ်(၂၁၀) 3B/--- သည် ၃၇ လမ်းထိပ် အရောက် အရှိန်လွန်ပြီး ကားမှတ်တိုင်တွင် ရပ်တန့်ထားသော ယာဉ်မောင်း ကိုသူရ မောင်းနှင်သည့် အမှတ်(၂၅၈) ခရီးသည်တင် ယာဉ် 5D/----ကို နောက်ဘက်မှ ဝင်ရောက်တိုက်မိပြီး အရှိန်လွန်ကာ ဘယ်ဘက်ယာဉ်ကြောကို ကျော်လွန်၍ ရေပေးဝေသည့် အဝီစိရေ စက်အုတ်ခုံကို ထပ်မံတိုက်မိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် အမှတ်(၂၅၈) ခရီးသည်ယာဉ်၏ နောက်ကျောဘက်ပျက်စီးသွားပြီး ဝင်တိုက်ခဲ့သည့် အမှတ်(၂၁၀) ခရီးသည်တင်ယာဉ်မှာ ခေါင်းပိုင်း ပျက်စီးခဲ့ပြီး ယာဉ်မောင်းမှာ (မစိုးရိမ်ရ) ဒဏ်ရာရခဲ့သည်။

ယာဉ်နှစ်စီးပေါ်ပါ ခရီးသည်များ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကို သက်ဆိုင်ရာ ယာဉ်မှုစစ်က အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

# ဝန်းသိုမြို့နယ်တွင် မီးရထားနှင့် ကားတိုက်

**ဝန်းသို ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် ဂျိုးတောင်ဘူတာနှင့် နမ်းခမ်းဘူတာကြား မီးရထားနှင့်ကားတိုက်မိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၄ ရက် နံနက် ၁၁ နာရီခန့်က ဝန်းသိုမြို့နယ် ဂျိုးတောင်ဘူတာမှနမ်းခမ်းဘူတာဘက်သို့ထွက်ခွာလာသော မန္တလေး မြစ်ကြီးနား ခရီးစဉ်တွင် စက်ခေါင်းမောင်း ဦးဇော်လှိုင်ထွန်း၊ ရထားထိန်း ဦးမျိုးအောင်တို့ မောင်းနှင်လာသော အမှတ်(၄၃) အဆန်ကုန်တင်စာပို့ရထားသည် ဂျိုးတောင်ဘူတာနှင့် နမ်းခမ်းဘူတာအကြား အရောက်တွင် တရားမဝင်သံလမ်းကူးနေရာမှ ဖြတ်ကူးမောင်းနှင်သော ခြောက်ဘီးကုန် တင်ယာဉ်နှင့် စက်ခေါင်းအမှတ် DD 968 တို့ တိုက်မိရာ ကားမှာ သံလမ်းအတိုင်း ငါးပေခန့်ပါသွားပြီး ရထားတွင်ပါသော ကုန်တွဲအမှတ် GBHV 40058 ၏ အနောက်တံခါးရွက် ပြုတ်သွားပြီး တွဲလောင်းအနေအထားဖြစ်သွားကြောင်း သိရသည်။

ယင်းဖြစ်ရပ်ကြောင့် အစုန်အဆန်ရထားများ အသွားအလာကြန့်ကြာမှုများဖြစ်ခဲ့သဖြင့် တရားမဝင်သံလမ်းကူးမှုယာဉ်မဆင်မခြင်မောင်းနှင်သူအား ဂျိုးတောင်ရဲကင်းစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# လိုက်ထရပ်ယာဉ်တိမ်းမှောက် သုံးဦးသေ၊ ၁၈ ဦးဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ချမ်းသာကုန်းကျေးရွာအနီး ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ်(၈၆/၇)နှင့် (၈၇/၀)ကြားတွင် ဒီဇင်ဘာ ၃ ရက်က ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ ပြည်ဘက်သို့ မိုးညိုမြို့နယ် သက္ကယ်တန်းကျေးရွာနေ ခင်မောင်လတ်(၃၀နှစ်)မောင်းနှင်လာသော 2E/---- လိုက်ထရပ်အဖြူရောင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်ဘက်မှ ချမ်းသာကုန်းကျေးရွာနေ ဦးမြင့်အောင်(၅၁နှစ်) စီးနင်းလာသည့် ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိပြီး လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ဦးမြင့်အောင်တွင် ဒဏ်ရာများရရှိသေဆုံးသွားခဲ့သည်။ လိုက်ထရပ်ယာဉ်ပေါ်မှ ခရီးသည်များဖြစ်သည့် သက္ကယ်တန်းကျေးရွာနေ ဒေါ်တင်နု(၆၈နှစ်)နှင့် ဒေါ်သန်းကြည် (၆၄နှစ်)တို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ခရီးသည် ၁၈ ဦး ဒဏ်ရာများရရှိခဲ့ကာ ယာဉ်မောင်း ခင်မောင်လတ်မှာ အခင်းဖြစ်နေရာမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်းသိရသည်။ ထွက်ပြေးတိမ်းရှောင်နေသည့် ယာဉ်မောင်း ခင်မောင်လတ်အား လက်ပံတန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကိုရဲ)**

# ငွေ ၂၂၈ သိန်းခိုးယူသူကို သုံးရက်အတွင်း ဖမ်းဆီးရမိ



**မိတ္ထီလာ ဒီဇင်ဘာ ၅**

ရန်ကုန်-မန္တလေး အမြန်လမ်း မိတ္ထီလာမြို့နယ် သီးကုန်းယာဉ်ရပ်နားစခန်း၌ နိုဝင်ဘာ ၁၄ ရက် ည ၇ နာရီက ဦးပြေသိန်း (၄၄ နှစ်)သည် နတ်မောက်မြို့မှ အထည်ဖိုးငွေများ သိမ်းယူပြီး ဝမ်းတွင်းမြို့သို့ ပြန်လာစဉ် ထမင်းစားခေတ္တနား၍ ကားရှေ့ခန်းရှိ ပစ္စည်းများကို စစ်ဆေးရာ ခရီးဆောင်အိတ်အတွင်း ထည့်ထားသည့် အထည်ဖိုးငွေကျပ် ၁၉၈ သိန်းနှင့်ဘေးအိတ်တွင် ထည့်ထားသည့် ငွေကျပ်သိန်း ၃၀ စုစုပေါင်း အထည်ဖိုးငွေကျပ် ၂၂၈ သိန်းခိုးယူခံရသဖြင့် အလည်ရွာရဲစခန်းသို့ တိုင်ကြားခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များသည် ခိုးမှုပေါ်ပေါက်ရေးအတွက် သဲတောနှင့် ဝမ်းတွင်း၌ စုံစမ်းရာ ယခင်က ဦးပြေသိန်း၏ ယာဉ်မောင်း သိန်းအောင်ထိုက် (၃၂ နှစ်)အား မသင်္ကာ၍ ခေါ်ယူစစ်ဆေးရာ ၄င်းကခိုးယူခဲ့ကြောင်း ဝန်ခံခဲ့သည်။

ခိုးယူရရှိသော ငွေကျပ် ၂၂၆၅၀၀၀၀ ကို ၄င်း၏ညီဖြစ်သူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နေ ပန်းရန်လုပ်သည့် သန်းဇော်ထံ ပြင်ဦးလွင် CB ဘဏ်မှ ငွေလွှဲပို့ထားကြောင်း ပြောကြားသည်။

ယခုအခါ သန်းဇော်ထံမှ လွှဲထားသည့်ငွေများ ပြန်လည်ရရှိပြီဖြစ်၍ အမြန်ဆုံး တရားစွဲရန် စီစဉ်ဆောင်ရွက်နေသည်။ အထည်ဖိုးငွေကျပ် ၂၂၈ သိန်းဖိုးကို သုံးရက်အတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# အကောက်ခွန်မဲ့ကျောက်စိမ်းတုံးများ ဖမ်းမိ

**မူဆယ် ဒီဇင်ဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ အေးရှားဝေါလ်တိုးဂိတ်အနီး သယ်ဆောင်လာသော ယာဉ်ကို ရပ်တန့်စစ်ဆေးရာ အကောက်ခွန်မဲ့ ကျောက်စိမ်းတုံး၊ ခဲ၊ ခြမ်းဖြတ်စ(အရွယ်)စုံများကို ဒီဇင်ဘာ ၂ ရက်က ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အကောက်ခွန်မဲ့ကျောက်စိမ်းတုံးများကို မူဆယ်မြို့နယ် ဌာနဆိုင်ရာပေါင်းစုံ ဦးမောင်မောင်လွင် ဦးဆောင်သော(Mobile Team)လှုပ်ရှားအဖွဲ့မှ ဒီဇင်ဘာ ၂ ရက် နံနက်က ဖမ်းဆီးရမိခဲ့သည်။ အကောက်ခွန်မဲ့ကျောက်စိမ်းတုံးအရွယ်စုံ စုစုပေါင်းတန်ဖိုးမှာ ၃၉၁ ကီလိုဂရမ်ရှိပြီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၁ သိန်းဖြစ်ကြောင်း သိရ သည်။

အဆိုပါ အကောက်ခွန်မဲ့ကျောက်စိမ်းတုံး (အရွယ်စုံ)များကို ကျောက်မျက်ရတနာဒိုင်သို့လည်းကောင်း၊ မော်တော်ယာဉ်ကို အကောက်ခွန်ဦးစီးဌာနသို့လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။



**အယ်လ်စိုး(မူဆယ်)**


## ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရခိုင်ပြည်နယ်၊မောင်တောခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ မောင်တောမြို့တွင် ၂၀၁၅-၂၀၁၆ ခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်မည့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံ(၄၄'×၇၀')RCC နှစ်ထပ်အဆောက်အအုံဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

**(၁) တင်ဒါပုံစံရောင်းချမည့်ရက်** - ၈-၁၂-၂၀၁၅ ရက်
**(၂) တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၄-၁၂-၂၀၁၅ရက် ညနေ ၄း၃၀နာရီ
**(၃) တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၁၅-၁၂-၂၀၁၅ရက် နံနက် ၉း၃၀နာရီ
**(၄) တင်ဒါတင်သွင်းရမည့်နေရာ** - မောင်တောခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး
မောင်တောခရိုင်၊ မောင်တောမြို့
တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဖုန်း-၀၉-၂၅၁၁၃၇၃၁၁

## ကံမမြို့နယ်လုံးဆိုင်ရာ (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကံမမြို့နယ်အသင်း(ရန်ကုန်)၏ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား
## ဖိတ်ကြားလွှာ

ကံမတစ်မြို့နယ်လုံးမှ အငြိမ်းစား ဆရာ ဆရာမကြီး (၁၃၅)ဦးတို့အား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။ ပူဇော်ကန်တော့ခံမည့် ဆရာကြီး ဆရာမကြီးများ ဖိတ်စာရ/မရ တက်ရောက်ကြပါရန်နှင့် ရန်ကုန်မြို့မှ လိုက်ပါမည့်သူများ/အလှူငွေ ထည့်ဝင်လိုသည့် ကျောင်းသူ ကျောင်းသားဟောင်းများ အောက်ပါဖုန်းများသို့ ဆက်သွယ်ကြပါရန်။

**ကျင်းပမည့်နေ့ရက်** - ၂၆-၁၂-၂၀၁၅ ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - ၈း၃၀ နာရီ
**ကျင်းပမည့်နေရာ** - ကံမ အထက၊ မြဝတီခန်းမ

(၁)ဦးသိန်းတန် ဖုန်း-၀၁-၅၀၄၉၁၀၊
(၂)ဦးဇင်မင်းလှိုင် ဖုန်း-၀၉-၂၅၀၆၈၄၄၀၇၊
(၃)ဦးသက်ထွန်း ဖုန်း-၀၉-၂၅၄၀၂၁၀၄၉၊
(၄)ဆရာ ဦးအေးနိုင်(ကံမ) ဖုန်း-၀၉-၇၉၆၉၉၆၄၈၆

## ရွှေကြေးစည် မှ ကျိုက်ထီးရိုး (နေ့စဉ်-နံနက်/ည)

▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းလိုဏ်ဂူ
▲ ဆက်၍-(မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ ကျောက်စိမ်းဘုရား)
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာအနီး၊ မင်းကွန်း၊ ကျောက်စိမ်းဘုရား
▲ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင်
▲ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား
▲ ကျိုက္ခမီ၊ မော်လမြိုင်၊ စက်စဲ၊ နွားလပိုတောင်-(ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
▲ (သာမညူ-မြဝတီ-မဲဆောက်)(အကောက်တောင်)(ဇလွန်)(နေပြည်တော်)

အပတ်စဉ် သောကြာ Dec 24

ပန်းဆိုးတန်း ☎01-240860/01-372290 ဒေါ်ပုံ 09-49282825 ကမာကြည် 09421029191

## ဦးသန့်ဇော် B.Sc.IC.Q.DA, DMP, MBA, ACCA (pro)

LCCI I,II & III

ဒီဇင်ဘာလဆန်းသင်တန်းများစပြီ

Sec (A): Mon to Wed 6:00 - 7:45 pm (သုံးလအပြတ်)
Sec (D): Mon to Wed 9:00 - 11:00 am (အတန်းသစ် 14 Dec 2015)

ORION ၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း။ 09 5115997

## တိုက်ခန်းအမြန်ရောင်းမည်

မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၄)လမ်း၊ ပထမထပ်(၁)ခန်း၊ ၁၂½ပေ×ပေ၅၀ ရောင်းမည်။ အိမ်သာ၊ ရေချိုးခန်း၊ ကြွေပြားခင်းပြီး၊ တရားဝင်ဆောက်လုပ်ခွင့် BCC အပါ လူနေရန်အသင့်၊ ဘုရင့်နောင်ဈေးအနီး၊ ဗဟိုလမ်းမကြီးအနီး၊ မနော်ဟရီလမ်းမကြီးအနီး၊ ယာဉ်ဝင်ယာဉ်ထွက်အဆင်ပြေ၊ ရောင်းဈေး ပထမထပ် (၂၇၀ သိန်း)

အကျိုးဆောင်များလည်း ဆက်သွယ်နိုင်သည်။

**ဆက်သွယ်ရန်-ဖုန်း-၀၉-၂၅၈၀၆၄၁၇၃၊ ၀၉-၄၁၀၀၅၆၆၁**

## ရောင်းမည်။

(1)ဘုရင့်နောင်ပွဲရုံတန်း၊ အင်ကြင်းလမ်းနှင့်ခရေလမ်းထောင့်ကွက်63' x 74'
(2)လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားလမ်းမပေါ်လမ်းထောင့်ကွက်60' x 40'
(3)ပြင်ဦးလွင်မြို့၊ ဓားသွေးကျောက်ရွာ၊ ရွာမြေ 70' x 70'
09-799991920, 09-5001920

## JES Driver Academy

စနေ/တနင်္ဂနွေ သင်တန်း

JES Driver Academy မှ စနေ/တနင်္ဂနွေ သင်တန်းကို(၁၉-၁၂-၂၀၁၅) စနေနေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဆက်သွယ်ရန် - အမှတ်(၆)၊ ပထမထပ်၊ (၁၂)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

09 8581144, 09 32173735, 09 263145979
09 797815723,09 32250319, 09 263464993

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/6363 Suzuki Swift ZC72S Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးရဲအောင် ၁၂/သဃက(နိုင်)၁၃၅၃၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်မျိုးအောင် ၁၂/ပဇတ(နိုင်)၀၃၅၁၄၀ သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်၍ မိမိ၏သဘောဆန္ဒအလျောက်နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ တာဝန်မယူကြောင်း ကြေညာပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးမောင်မောင်သန်း**

ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ရာဇဝင်

# သစ်ရိပ်ဝါးရိပ်တို့ဖြင့် သဘာဝအလှအပကိုခံစားရင်း ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရား ဖူးမြော်ရအောင်

သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကျေးငှက်တို့၏ အော်မြည်သံများကိုနားဆင်ရင်း မနက်စောစော ဘုရားဝတ်ပြုရသည်မှာ ထူးကဲသည့် စိတ်ခံစားမှုကို ရရှိစေပါသည်။ မြေသင်းနံ့နှင့်ပေါင်းစပ်ကာ ဝါးရုံပင်များ၏ လေတိုးသံကြောင့် နိုင်ငံခြားသားအချို့သဘောကျနှစ်ခြိုက်မှုကို မြင်တွေ့ရသည်။ ထိုနေရာသည် လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၈ နှစ်ခန့်က အလွန်ပင်တောထူထပ်ခဲ့သည်။ ယခုအချိန်တွင်တော့ လက်ညှိုးထိုးပြရန်ပင် သစ်ရိပ်ဝါးရိပ်များ ရှားပါးလာနေပြီဖြစ်သည်။



ခြောက်ထပ်ကြီးဘုရားသည် ရှေးဟောင်းသမိုင်းဝင် ဘုရားတစ်ဆူဖြစ်သည့်အတွက် တစ်နေ့လျှင် ပြည်တွင်း ပြည်ပဘုရားဖူးခရီးသွား သုံးထောင်မှ တစ်သောင်းကြား ဝင်ရောက်နေသည့် နေရာဖြစ်သည်။ နိုင်ငံခြားသားများ အဝင်အထွက်အများဆုံး ဘုရားတစ်ဆူလည်းဖြစ်ပြီး ရှေးလက်ရာများအပြင် မပျောက်မပျက်တည်ရှိနေသေးသည့် ရန်ကုန်မြို့တွင်းမှ သဘာဝသစ်ရိပ်ဝါးရိပ်တို့ ခြုံလွှမ်းရာနေရာတစ်ခုလည်းဖြစ်သည့်အတွက် လာရောက်သူအပေါင်းတို့ အေးချမ်းစွာနားခိုနိုင်သည့် အနေအထားများ ကျန်ရှိနေသေးသည်ကို မြင်တွေ့ရသည်။ ယခုထက်ပိုမိုကာ လာရောက်လေ့လာသူများကို ဆွဲဆောင်စေနိုင်မည့် သဘာဝလက်ဆောင်ဆိုင်များနှင့် ပတ်ဝန်းကျင်အနေအထားကို မပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်ပါက ရန်ကုန်မြို့၏ လေ့လာစရာနေရာကြီးတစ်ခုဖြစ်လာနိုင်သည်ဟု ခြောက်ထပ်ကြီးဘုရားသို့ လာရောက်ဖူးမြော်သည့် ဂျပန်နိုင်ငံသား ဗုဒ္ဓဘာသာကိုးကွယ်သူ အရှေ့တိုင်းသုတေသနပညာရှင် မာလေရှင်နာဟိုက သူ၏ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားထားသည်။

**ခြောက်ထပ်ကြီး ရွှေသာလျောင်း ဘုရားကြီးသည် ခေတ်ဟောင်း ဘုရားတစ်ဆူ မဟုတ်ခဲ့သော်လည်း ကိုလိုနီ ခေတ်အတွင်း ပေါ်ထွက်ခဲ့သည့် ဘုရားများတွင် အကြီးမားဆုံးသော ရန်ကုန်မြို့၏ တန်ခိုးကြီးဘုရား ဖြစ်ခဲ့သည်**

ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီးကို ၁၈၉၉ ခုနှစ်တွင် အင်္ဂလိပ်အစိုးရမှပေးအပ်သည့် ဆာဘွဲ့ကိုရရှိထားသူ ပွဲစားကြီး ဆာဘိုးသာက စတင်တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ခြောက်ထပ်ကြီးဘုရားကြီးကို တည်ဆောက်ခဲ့ရာ ခြောက်နှစ်ခန့် ကြာမြင့်ခဲ့ပြီး မူလပုံစံမှာ အနောက်တောင်အရပ်(အရှေ့ရွှေဂုံတိုင်လမ်းမကြီး) သို့ မျက်နှာမူနေဟန်ဖြင့် အုံးတော်တွင် လက်ထောက်ထားသည့် ကိုယ်တစ်ပိုင်းမတ်နေသည့် ဟန်ဖြင့် တည်ထားခဲ့ခြင်းဖြစ်သည်။

စတင်တည်ဆောက်စဉ်က မြန်မာပန်းရန်၊ ပန်းပုပညာရှင်များကို အသုံးပြုခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဘုရားကြီးအား အိန္ဒိယပန်းရန်၊ ပန်းပုပညာရှင်များက တာဝန်ယူတည်ဆောက်ခဲ့ကြသဖြင့် အိန္ဒိယဟန်မျက်နှာတော်ကိုဖူးမြင်ရပြီး အလုံးစုံပြီးစီးသွားသော်လည်း ရုပ်သွင်တော်မှာ အကြမ်းထည်ကဲ့သို့ပင်ဖြစ်နေခဲ့ရကြောင်း မူလခြောက်ထပ်ကြီးဘုရားကြီးအား ဖူးတွေ့ခဲ့ပြီး ဘုရားကြီးတည်ဆောက်ရာတွင် လုပ်အားပေးဆောင်ရွက်ခဲ့သည့် အရှေ့ရွှေဂုံတိုင်လမ်းမှ အသက် ၁၀၁ နှစ်အရွယ် အဖွားဒေါ်သိန်းတင်က ပြောကြားသည်။

လက်ရာများမှာ အဆင့်အတန်း ပြည့်မီမှုမရှိသည့်အပြင် အာရုံခံတန်ဆောင်းမရှိခြင်းကြောင့် ခြောက်ထပ်ကြီး မြတ်စွာဘုရားသည် ရေရှည်တည်တံ့မှု အားနည်းလျက်ရှိလာခဲ့ရာ ၁၉၅၀ ပြည့်နှစ်များတွင် ရှေးလက်ရာများလည်း မပျက်စီးစေဘဲ ပိုမိုသပ္ပာယ်သည့် ရုပ်သွင်တော်နှင့် ဦးခေါင်းတော်ကိုလည်း လက်ထောက်သည့်သဏ္ဍာန်မှ လျောင်းတော်မူသဏ္ဍာန်အဖြစ်သို့ ပြောင်းလဲထုလုပ်ခြင်း၊ မျက်နှာတော်ကိုလည်း ရွှေ့ပြောင်းတော်မူခြင်းစသည်တို့ကို ရှေးတည်ထားသည့်အပေါ်တွင် အမှီပြုကာ ပြင်ဆင်မှုအကြီးစားများ လုပ်ဆောင်ခဲ့သည့်အပြင် အာရုံခံတန်ဆောင်းကြီးကိုလည်း စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

"ပြုပြင်တဲ့အခါ အခက်အခဲတွေ အမျိုးမျိုးရှိခဲ့ပါတယ်။ ဘုရားကြီးက လမ်းမဘက်ကို မျက်နှာမူနေခဲ့တာပါ။ အခုမြင်တွေ့နေရတာကတော့ အတွင်းဘက်ကို မျက်နှာမူနေတာပါ။ သို့သော် ရှေးကဒီဇိုင်းအချို့နဲ့ မူရင်းသဏ္ဍာန်ကိုတော့ ပြန်ယူခဲ့ရပါတယ်။ ပညာရှင်ကြီး ဦးသောင်းနဲ့ မြန်မာပန်းရန်ပညာရှင်တွေရဲ့ လက်ရာဖြစ်ပါတယ်။ မျက်လုံးတော်ကို ကြီးမားတဲ့ မှန်သားမျက်လုံးတော်ရရှိအောင် နဂါးဖန်ချက်စက်ရုံကနေ ထုတ်လုပ်ပေးခဲ့တာဖြစ်ပါတယ်။ ပြန်လည်ပြုပြင်ခဲ့တာ နှစ်ပေါင်းခြောက်ဆယ်ကျော်ခဲ့ပါပြီ။ နှစ်တစ်ရာကျော်က



အခင်းအကျင်းတွေတော့ မရှိသလောက်ဖြစ်နေပြီ။ သို့သော် ပြည်တွင်း၊ ပြည်ပဘုရားဖူးတွေအတွက်တော့ ထူးခြားတဲ့ဘုရားတစ်ဆူအဖြစ် မပြတ်လာရောက်နေကြပါတယ်။ လျောင်းတော်မူရုပ်ပွားတော်ကြီးတွေက ရန်ကုန်မှာ ကြီးမားတာ ဒီတစ်ဆူပဲရှိပါတယ်။ ဒါ့အပြင် အခုနောက်ပိုင်းမှာ ပတ်ဝန်းကျင်ကလည်း တောင်ကုန်းပေါ်မှာရှိနေတာဆိုတော့ အေးချမ်းဆိတ်ငြိမ်ပြီး နေရာလည်းကျယ်ဝန်းတာကြောင့်လို့ ထင်ပါတယ်။ ဘုရားဖူးတွေအဆိုအရ ရန်ကုန်မြို့ရဲ့ ကြီးကိုးကြီးထဲမှာ ခြောက်ထပ်ကြီးက လူအဝင်အများဆုံး ဘုရားတစ်ဆူဖြစ်တာတော့အသေအချာပါပဲ"ဟု ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးမှ ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ထို့အပြင် ဘုရားကြီး၏ခြေဖဝါးတော်တွင် မြတ်စွာဘုရား၏ ခြေဖဝါးပြင်နှစ်ဖက်၌တည်ရှိသည့် ၁၀၈ ကွက်စီသော စက်လက္ခဏာတော်တို့ကို ထုလုပ်ပူဇော်ထားပြီး မြတ်စွာဘုရား၏ ဘဝဖြစ်စဉ်များကို ရုပ်လုံးဖော်ထားခြင်းကြောင့်လည်း လာရောက်လေ့လာသူများပြားရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလက္ခဏာတော်များသည် မြတ်စွာဘုရားဖွားမြင်စကပင်ပါဝင်ခဲ့ပြီး ပရောဟိတ်များသည် မြတ်စွာဘုရား၏ လက္ခဏာတော်များကိုဖတ်ရှုရာမှ တစ်ဦးတည်းသော ကောဏ္ဍညနွယ်ဖွား သုဒတ္တပုဏ္ဏားမှ ဘုရားစင်စစ်ဧကန်ဖြစ်ရမည်ဟု ဟောခဲ့ဖူးသည်။

ဘုရားသို့တက်ရောက်ရာ စောင်းတန်းများတွင်လည်း လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော်ခန့်က ရေးထိုးထားခဲ့သည့် ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်များမှ ဖြစ်စဉ်များ၏ သရုပ်ဖော်ပုံပန်းချီလက်ရာများကို မြင်တွေ့နိုင်ပြီး ခေတ်ဟောင်းလက်ရာနှင့် ခေတ်သစ်လက်ရာ ပန်းချီပန်းပုအနုသုခုမများ ပြည့်နှက်နေသည့် ဆင်းတုတော်အဆူဆူတို့ကိုလည်း ခြောက်ထပ်ကြီးဘုရားပရိဝုဏ်အတွင်း ဖူးမြော်နိုင်သည်။

"မြတ်စွာဘုရားက လဲလျောင်းနေပြီး မျက်နှာတော်ကလည်းအေးချမ်းမှုကို ပေးစွမ်းပါတယ်။ ငြိမ်းချမ်းတဲ့ ဗုဒ္ဓအရိပ်ကို ရန်ကုန်လို တိုးတက်စည်ကားတဲ့ နေရာမှာ ရှိနေသေးတာ အလွန်ကောင်းပါတယ်။ ကျွန်မတို့ဆီမှာ အခုလို ရှေးဟောင်းအမွေအနှစ်တစ်ခုကို ထိန်းသိမ်းဖို့အတွက် အလွန်ခက်ခဲနေပါတယ်။ ဆက်လက်ပြီး ရှေးမူမပျက် ထိန်းသိမ်းဖို့လိုအပ်တယ်"ဟု ခြောက်ထပ်ကြီးဘုရားသို့ လာရောက်ဖူးမြော်သည့် ထိုင်းနိုင်ငံသူ ပရောင်ဆမ်က ဘုရားအတွက် အလှူငွေထည့်ဝင်ရင်း သူ့အတွေ့အကြုံကို ပြောကြားသည်။

ထို့ပြင် ခြောက်ထပ်ကြီးရွှေသာလျောင်းဘုရားကြီးတည်ရှိရာ ခြောက်ထပ်ကြီးဘုရားကြီးတိုက်သည် ပရိယတ္တိနှင့် ပဋိပတ္တိလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ဘုန်းတော်ကြီးကျောင်းပေါင်း ငါးဆယ်ကျော် စုစည်းထားသည့် ကျောင်းတိုက်ကြီးဖြစ်ပြီး နှစ်စဉ်စာသင်သား သံဃာတော်များစွာကို မွေးထုတ်ပေးလျက်ရှိသည်မှာ နှစ်ပေါင်း ၁၀၀ကျော်ခဲ့ပြီဖြစ်သည်။

ဆာဘိုးသာ၏ လှူဒါန်းတည်ဆောက်မှုမှာ ခြောက်ထပ်ကြီးဘုရားကြီးသာမက ရွှေဂုံတိုင်လမ်း၏ တစ်ဖက်ကမ်းရှိ ငါးထပ်ကြီးဘုရားကြီးလည်း ပါဝင်ခဲ့သည်။ ထိုနားတစ်ဝိုက်တွင် ယနေ့တိုင် ဆာဘိုးသာပိုင်ဆိုင်ခဲ့သည့် မြေနေရာများပေါ်တွင် ရပ်ကွက်တစ်ခုသဖွယ်ရှိနေသေးပြီး ဆာဘိုးသာခြံဟု လူသိများသည်။

ယခုအခါ ခြောက်ထပ်ကြီးဘုရားကြီး၏ စောင်းတန်းများကို ရှေးမူမပျက် မွမ်းမံတည်ဆောက်ထားပြီး ရှေးဟောင်းအနုသုခုမ လက်ရာဆိုင်များ၊ ပန်းချီ၊ ပန်းပုဆိုင်များ၏ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များဖြင့် စည်ကားလျက်ရှိသည်။ လာရောက်ဖူးမြော်သူအပေါင်းမှာလည်း အေးချမ်းတိတ်ဆိတ်မှုနှင့် ကျယ်ဝန်းသည့် ပရိဝုဏ်မှ လေ့လာစရာများကြောင့် တစ်နေ့တခြားတိုးပွားလျက်ရှိကြောင်း ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးသည် ခေတ်ဟောင်းဘုရားတစ်ဆူမဟုတ်ခဲ့သော်လည်း ကိုလိုနီခေတ်အတွင်း ပေါ်ထွက်ခဲ့သည့် ဘုရားများတွင် အကြီးမားဆုံးသော ရန်ကုန်မြို့၏ တန်ခိုးကြီးဘုရားဖြစ်ခဲ့သည်။ ဘုရားကြီး၏ အတိုင်းအတာမှာ အရှည် ၂၁၇ ပေရှိကြောင်းသိရသည်။

ကျယ်ဝန်းလှသည့် ဘုရားပရိဝုဏ် ယာဉ်ရပ်နားရာနေရာသို့ လေအိတ်ကားကြီး ခြောက်စီးခန့်အစဉ်အတိုင်း ဝင်ရောက်လာသည်။ အများစုက ကားပေါ်မှဆင်းသည်နှင့်တစ်ပြိုင်နက် ထုထည်ကြီးမားစွာနှင့် ခံ့ညားထည်ဝါစွာ လျောင်းတော်မူနေသည့် ဗုဒ္ဓရုပ်ပွားတော်ကြီးထံ အသော့နှင်ကြသည်။ ခြောက်ထပ်ကြီး ရွှေသာလျောင်းမြတ်စွာဘုရားကြီးအား နေ့စဉ်ဖူးမြော်သူများဖြင့် အစဉ်စည်ကားလျက်ရှိနေပါသည်။

# ရန်ကုန်မှသည် ဥက္ကံဆီသို့

ခ ရီး သွ ာ း ဆ ေ ာ င် း ပါ း




**သတင်း-မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ-မောင်ချစ်ကြည်**

ဥက္ကံမြို့ကိုရောက်တော့ နံနက် ၁၁ နာရီ အပူရှိန်ပြင်းပြင်းအောက်တွင် သွားလာလှုပ်ရှားနေသော ဒေသခံများကိုတွေ့မြင်ရသည်။ အချို့က ဦးထုပ်၊ ခမောက်ဆောင်းထားသော်လည်း လူအများအပြားမှာ နေပူအောက်တွင် သည်အတိုင်းသွားလာနေကြသည်။ ဥက္ကံမြို့က ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ရှိသော်လည်း ကျွန်တော်ပထမဆုံးအကြိမ်အဖြစ် ရောက်ဖူးခြင်းဖြစ်သည်။

ဥက္ကံမြို့က တိုက်ကြီးမြို့နယ်အတွင်းရှိပြီး ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း ပါဝင်သော်လည်း ရန်ကုန်မြို့နှင့် ၅၃ မိုင်ခန့် ဝေးကြောင်း ကိုယ်တိုင်ကားဖြင့်လာမှ သိရသည်။ ရန်ကုန်မှ နံနက် ၆ နာရီခန့် စတင်ထွက်ခွာခဲ့သော ကျွန်တော်တို့တိုက်ကြီးမြို့တွင် ခေတ္တနားပြီးနောက် ဆက်တိုက်ထွက်ခွာခဲ့ရာ ဥက္ကံမြို့သို့ ၁၁ နာရီခန့်တွင် ရောက်ရှိခဲ့ခြင်းဖြစ်သည်။ တိုက်ကြီးမြို့နှင့် ဥက္ကံမြို့က ကားဖြင့်အတန်ကြာ မောင်းနှင်ရလေသည်။ ဥက္ကံမြို့အဝင် ဆိုင်းဘုတ်က အခြားမြို့များရှိ မြို့ဝင်ဆိုင်းဘုတ်များထက် ပိုမိုကြီးမားကြောင်း သတိပြုမိလာသည်။

"ဥက္ကံနွားပွဲဈေးက ဟိုး. . . ရှေ့ကသစ်ပင်အုပ်အုပ်တွေ့လား. . . အဲဒီမှာရှိတယ်" ဟု ဥက္ကံမြို့သားတစ်ဦးက ညွှန်ပြသဖြင့် ကားပေါ်မှဆင်းကာ ဆိုင်ကယ်ဖြင့် သွားရန်စီစဉ်ရသည်။ နွေရာသီဖြစ်သော်လည်း လမ်းများကဆိုးရွားသည်။ နွေ၊ မိုး၊ ဆောင်း ကားကြီးများ အဝင်အထွက်ရှိ၍လားမသိ ချိုင့်များ၊ ကျင်းများက ကြီးကြီးမားမားဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ နေပူပူ၊ ဖုန်တထောင်းထောင်းထနေပြီး ချိုင့်ခွက်များပြည့်နေသော မြေသားလမ်းကြောင့် ဆိုင်ကယ်စီးရသည်မှာ မလွယ်။ မိုးရာသီတွင် မော်တော်ယာဉ်များမည်သို့ မောင်းနှင်သွားလာသည်ကိုမသိရ၊ ဆိုင်ကယ်နောက်တွင် ထိုင်မစီးနိုင်။ ထိုင်ခုံနှင့်ပင်ထိသည်မရှိ။ ကားလမ်းမှနေ၍ နွားပွဲဈေးကမဝေးသဖြင့် တော်သေးသည်။ အချိန်တိုအတွင်း နွားပွဲဈေးသို့ ရောက်ခဲ့သည်။



ဥက္ကံမြို့ နွားပွဲဈေးပြုလုပ်ရာ ကွင်းအတွင်း လှမ်းကြည့်လိုက်ရာ နွားများကို အရွယ်အစားအမျိုးမျိုးတွေ့ရသည်။ နွားထီး၊ နွားမများနှင့် ကျွဲအချို့ကို တိုင်များတွင်ချည်ထားကာ အရောင်းအဝယ်စကားပြောနေကြသည့်လူများ၊ အဖော်လိုက် ပါလာသူများ၊ ပွဲစားများ၊ နွားများကို လိုက်လံကြည့်ရှုနေသည့် တောင်သူများကိုလည်း တွေ့မြင်ရသည်။ နွားကောင်ရေ စုစုပေါင်း ၁၀၀၀ ခန့်ရှိပြီး ခိုင်းနွား၊ ခိုင်းကျွဲများကို အနည်းငယ်သာ တွေ့ရသည်။ သစ်ပင်အချို့အောက်တွင် ချည်ထားသော နွားများရှိသလို နေပူတွင် ကြိုးချည်ထားရှိသော နွားများလည်းရှိရာ ဖုန်ထူထူ၊ နေပူရှိန်ပြင်းပြင်းအောက်တွင် နွားပွဲဈေးက လှုပ်ရှားသက်ဝင်လျက်ရှိနေသည်။

ကျွန်တော်တို့ နွားပွဲဈေးအတွင်းဝင်ရောက်ခဲ့ပြီး နွားပွဲဈေးကြီးကြပ်သူများနှင့် တွေ့ဆုံရန် သွားသော်လည်းမရှိ၊ ဥက္ကံနွားပွဲဈေးက နှစ်ပေါင်းများစွာရှိခဲ့ပြီဖြစ်သည်။ ယခင်က ဥက္ကံမြို့အဝင်ဘက်တွင်ရှိသော်လည်း ယခုအခါ ဥက္ကံမြို့ ကျန်စစ်သားရပ်ကွက်၌ ပြောင်းရွှေ့ပြုလုပ်ခဲ့သည်မှာ နှစ် ၅၀ ကျော်ခဲ့ပြီဖြစ်သည်။ သီတင်းအပတ်စဉ် စနေနေ့တိုင်း နံနက် ၆ နာရီမှ ညနေအထိ အရောင်းအဝယ်ပြုလုပ်ကြပြီး သီတင်းတစ်ပတ်လျှင် တစ်ရက်သာ အရောင်းအဝယ်ပြုလုပ်ကာ တစ်နှစ်ပတ်လုံး နွားပွဲဈေးရှိနေသည်။

နွားနှင့်ကျွဲများကို မျက်မြင်အတိုင်း ပြသထားပြီး ကြိုက်ရောင်းကြိုက်ဝယ်ဖြစ်သည်။ ရောင်းသူကခေါ်သည့်ဈေးနှုန်းရလျှင် ရောင်းသလို၊ ဝယ်သည့်သူကလည်း နွားကြိုက်လျှင် ဈေးပေးသည်။ အရောင်းအဝယ်သည် တစ်ထိုင်တည်းပြတ်သည်။ စိုက်ပျိုးချိန်ကာလတွင် နွား၊ ကျွဲများ နွားပွဲဈေးအတွင်း လာရောက်ရောင်းချမှုနည်းပါးသွားတတ်သော်လည်း နွားပွဲဈေးအတွင်း နွား၊ ကျွဲကောင်ရေ ၅၀၀ ခန့်တော့ ရှိနေတတ်သည်။ လယ်ယာလုပ်ငန်းခွင်ပြီးချိန်တွင် ခိုင်းနွားအသစ်ဝယ်လိုသူများက ခိုင်းပြီးသား နွား၊ ကျွဲများကို လာရောက်ရောင်းချမှုများသလို ပိုလျှံနေသော နွားများကိုလည်း လာရောက်ရောင်းချသဖြင့် နွားကောင်ရေ တစ်ထောင်ခန့် ရှိနေတတ်ခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဥက္ကံနွားပွဲဈေးက အကြီးဆုံးဖြစ်ပြီး မြောင်းတကာနွားပွဲဈေးက သီတင်းအပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်သော်လည်း ဥက္ကံနွားပွဲဈေးလောက် မကျယ်ပြန့်ချေ။

အတန်ကြာလေ့လာပြီး ကျွန်တော်တို့ နွားပွဲဈေးမှ ပြန်ထွက်ခဲ့သည်။ ဥက္ကံမြို့ အနီးဝန်းကျင်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံလုပ်ငန်းများလုပ်ကိုင်ကြရာ ရိတ်သိမ်းပြီးစ လယ်ကွင်းများကို တမျှော်တခေါ် တွေ့ရသည်။ ဥက္ကံမြို့ ဆန်စက်အချို့တွင် စပါးအိတ်များ အစီအရီ ထပ်ထားသည်မှာကား လမ်းပေါ်မှကြည့်လျှင် စက်ရုံကို ဖုံးကွယ်လုနီးပါးဖြစ်နေသည်။ ဆန်စက်များလည်ပတ်နေပြီး စက်ရုံရှေ့မြေကွက်လပ်တွင် နေလှန်းထားသောစပါးများ၊ အိတ်သွတ်နေသော အလုပ်သမားများကို တွေ့ရသည်။ "တန်ဆောင်မုန်းလကုန်ဆိုတော့ စပါးတွေရိတ်သိမ်းပြီး ဆန်စက်တွေမှာ ကြိတ်ခွဲဖို့ရောက်ရှိလာတာပါ။ နှစ်တိုင်းရောက်နေကျ ဆန်ထွက်အတိုင်းပါပဲ" ဟု ဆန်စက် အလုပ်သမားတစ်ဦးက ပြောသည်။

ဥက္ကံမြို့ဆန်စက်တိုင်းနီးပါးတွင် ဆန်အိတ်များဖြင့် စုပုံနေရာ အနီးဝန်းကျင်ကျေးရွာများမှ စပါးများဖြစ်ပြီး ဆန်ကြိတ်ခွဲရန်အတွက် ထော်လာဂျီများ၊ လှည်းများ၊ ကားများဖြင့် သယ်ဆောင်လာကြခြင်းဖြစ်သည်။ ယခုမိုးရာသီ၌ ရာသီဥတုပုံမှန်မဖြစ်ခဲ့သော်လည်း ဥက္ကံမြို့ဝန်းကျင်တွင် စပါးအထွက်နှုန်း သိသိသာသာ မထိခိုက်ခဲ့ကြောင်း သိရသည်။

ကျွန်တော်တို့ ဥက္ကံမြို့တွင်း လိုက်လံကြည့်ရှုခဲ့ရာ နေအိမ်တိုက်တာများဖြင့် စည်ကားနေသောမြင်ကွင်းကို တွေ့ရသည်။ ဥက္ကံဈေးအတွင်း၌လည်း ဈေးရောင်းဈေးဝယ်များဖြင့် ပြည့်ကျပ်လျက်ရှိသည်။ ဒေသထွက်ကုန်ကျွဲကောသီးများ၊ သံပရာသီးများ၊ ပန်းပွင့်များကိုလည်း ပေါပေါများများ ရောင်းချနေသည်ကိုတွေ့ရသည်။ တိုက်ကြီးသံပရာသီးက နာမည်ကြီးသည်။ အသီးအရွယ်အစား ပုံမှန်ဖြစ်သော်လည်း အရည်ရွှမ်းသဖြင့် လူကြိုက်များသည်။ တိုက်ကြီး မြို့နယ်အတွင်း သံပရာခြံများရှိရာ ရန်ကုန်ဈေးကွက်သို့ လှိုင်လှိုင်တင်ပို့နိုင်လာသည်။

ဈေးမှပြန်ထွက်ခဲ့ပြီး ဥက္ကံမြို့အထွက် ဂုံညင်းတန်းကျေးရွာအနီးတွင်ရှိသော ဥက္ကံသကြားစက်ရှိရာသို့ထွက်လာခဲ့သည်။ရန်ကုန်တိုင်းဒေသကြီးအတွင်းတစ်ခုတည်းသောသကြားစက်ဖြစ်ရာ စိတ်ဝင်စားမိသည်။ ဥက္ကံမြို့ထွက်အရောက် သကြားစက်ဘက်သို့ လမ်းညွှန်ထားသော ဆိုင်းဘုတ်ကိုတွေ့ရသည်။ ဥက္ကံမြို့မှသကြားစက်အထိ ၁၉ မိုင် ရှိပြီး ကတ္တရာလမ်းခင်းထားရာ အချို့နေရာများ၌ ကတ္တရာလမ်းအပေါက်များဖြစ်နေသည်က လွဲပြီး ကောင်းမွန်မှုရှိနေသေးသည်။ အချိန်တိုအတွင်း သကြားစက်ကိုရောက်ရှိခဲ့ရာ ဥက္ကံသကြားစက်က လည်ပတ်မှုမရှိဘဲ ရပ်နားထားကြောင်း သိရသည်။

ကားလမ်းပေါ်မှ ဥက္ကံသကြားစက်ကိုလှမ်းကြည့်လေ့လာမိသည်။ ဥက္ကံသကြားစက်ကို ၁၉၉၈ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်မှ ကြံများစတင်ကြိတ်နိုင်ခဲ့ရာ တစ်နိုင်ငံလုံး သကြားထုတ်လုပ်မှု၏ ၃ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ယခုအခါ ကြံစိုက်ခင်းများ လျော့နည်းကျဆင်းလာပြီး ကုန်ကြမ်းမရရှိသဖြင့် ရပ်နားထားခဲ့ရခြင်းဖြစ်သည်။ ကြံစိုက်ပျိုးမှုနည်းပါးလာခြင်းမှာ ဆင်ရိုင်းများ ဝင်ရောက်စားသောက် ဖျက်ဆီးသောကြောင့်ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။

"ကြံပင်တွေဆိုတာ ဆင်တွေ အလွန်ကြိုက်တဲ့ အစားအစာတစ်မျိုးဖြစ်တယ်လေ။ ပဲခူးရိုးမတောင်တန်းတွေပေါ်မှာလူတွေကြောင့် ဝါးတောတွေ ပြုန်းတီးခဲ့တော့ ဆင်တွေလည်း ကြံစိုက်ခင်းတွေဆီဆင်းလာကြတော့တာပဲ" ဟု ဒေသခံကိုစိုးရွှေက ပြောသည်။ ဆင်ရိုင်းများက စပါးခင်းများ သီးမှည့်ချိန်၊ ကြံစိုက်ခင်းများဖြစ်ထွန်းချိန်တွင် ပဲခူးရိုးမပေါ်ကဆင်းလာပြီး အုပ်လိုက်လာရောက်စားသောက်တတ်ကြသည်။ ကြံစိုက်ခင်းများ မဖြစ်ထွန်းခြင်းနှင့် ဆင်များဘေးအန္တရာယ်မှ စိုးရွံ့ခြင်းများကြောင့် ဥက္ကံမြို့ဝန်းကျင်တွင် ကြံစိုက်ပျိုးသူများ နည်းပါးသွားခြင်းဖြစ်သည်။

"အခုတောင် ချောင်းစောက်ရွာဘက်မှာ ညပိုင်းဆင်တွေ ဝင်ရောက်တယ်လို့ ပြောနေကြတယ်" ဟု ၄င်းက ဆက်ပြောသဖြင့် စိတ်ဝင်စားသွားသည်။ ဥက္ကံသကြားစက်လမ်းမှဆက်သွားလျှင် ကတ္တရာလမ်း မရှိသော်လည်း ဆိုင်ကယ်ဖြင့် သွားလျှင်ရနိုင်ကြောင်း ပြောပြသဖြင့် ချောင်းစောက်ရွာဘက်သို့ ဆိုင်ကယ်ဖြင့်ထွက်လာခဲ့သည်။ ဥက္ကံသကြားစက်လမ်းလွန်သည်နှင့် ဖုန်တထောင်းထောင်းထနေသော လှည်းလမ်းကို တွေ့ရသည်။ နောက်တွဲယာဉ်များ သွားလာမှုများ၍လားမသိ။ လှည်းလမ်းမကျ၊ ကားသွားနိုင်သည့် မြေသားလမ်းမကျ ဖြစ်နေသည်။

ကျေးရွာ ၁၀ ရွာခန့် အသုံးပြုသွားလာလျက်ရှိသည့် ဒေသခံများ အားကိုးနေရသည့် လမ်းဖြစ်သော်လည်း မိုးရာသီ၌ သွားလာ၍မရအောင် ခက်ခဲနေသော လမ်းလည်း ဖြစ်သည်။ လမ်းအူကြောင်းမှာ တဘူးလှဆည်အထိ ရောက်ရှိသော်လည်း သစ်ထုတ်၊ ဝါးထုတ်လမ်းအဆင့်ထက် မပိုသဖြင့် ဒေသခံကျေးရွာများ လမ်းအသုံးပြုရန် ခက်ခဲလျက်ရှိကြောင်း သိရသည်။ အနီးဝန်းကျင်မှ ကျေးရွာများ ပညာရေး၊ ကျန်းမာရေးအပြင် အရေးပေါ်ကိစ္စရပ်များအတွက် နွေ၊ မိုး၊ ဆောင်း အသုံးပြုနိုင်သည့် လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ပါက ကျေးရွာများ အလျင်အမြန် ဖွံ့ဖြိုးလာမည်ကို တွေးနေမိသည်။ ကျေးရွာများမှ တာဝန်ရှိသူများက တင်ပြသော်လည်း အကြောင်းမထူးကြောင်း သိရသည်။

ကျေးရွာငါးရွာခန့်ကျော်လွန်သည်နှင့် ချောင်းစောက်ရွာသို့ ရောက်ရှိလာသည်။ ချောင်းစောက်ရွာမှာအောက်ချောင်းစောက်ရွာနှင့် အပေါ်ချောင်းစောက်ရွာဟူ၍ နှစ်ရွာရှိနေသည်။ တောဆင်ရိုင်းများဝင်ရောက်သောင်းကျန်းမှု မကြာခဏကြုံတွေ့ရသဖြင့် အပေါ်ချောင်းစောက်ရွာအဖြစ် ကုန်းအမြင့်ပိုင်းသို့ ခွဲထွက်ကာ တစ်ရွာတည်ခဲ့ခြင်းဖြစ်သည်။ ဆင်ရိုင်းများဒဏ်ကြောင့် ပြောင်းရွှေ့ခဲ့သောရွာဖြစ်သည့် အပေါ်ချောင်းစောက်ရွာအတွင်းဝင်ရောက်ခဲ့ရာ အိမ်ကြီးအိမ်ကောင်း အနည်းငယ်သာရှိပြီး အိမ်ခြေမှာ ၁၀၀ ခန့်ရှိသည်။ လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သော်လည်း ဆင်များအန္တရာယ် နှစ်စဉ်ကြုံတွေ့နေရကြောင်းသိရသည်။

"ပြီးခဲ့တဲ့ညက ဆင်ရိုင်းရှစ်ကောင်အုပ် ရွာတောင်ဘက်ကိုဝင်သွားတယ်။ စပါးခင်းတွေဝင်ရောက်စားသောက်ပြီး မနက်လင်းအားကြီးအချိန်မှာ ပြန်ထွက်သွားကြတယ်။ ရွာသားတွေဘယ်သူမှ ထွက်မမောင်းရဲကြဘူး" ဟုကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက ပြောပြသည်။ တောပြုန်းတီးမှုများလာခြင်း၊ တောင်ယာလုပ်ငန်းများချဲ့ထွင်လာခြင်းတို့ကြောင့် တောဆင်ရိုင်းများ စားကျက် နည်းပါးလာကာ ကျေးရွာများ စိုက်ခင်းများကို ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်က ဆင်ရိုင်းများကြောင့် ဒေသခံရွာသား သုံးဦးသေဆုံးခဲ့ရသဖြင့် ယခုနှစ်တွင်လည်း ဒေသခံရွာသားများစိုးရိမ်နေခြင်းဖြစ်သည်။ ယခုနှစ်တွင်လည်း နေ့စဉ်နီးပါးဆင်ရိုင်းများ ဝင်ရောက်မှုဒဏ်ကို ကြုံတွေ့ခံစားနေကြရသည်ဟု ဦးသန်းဝင်းကပြောသည်။ ဆင်ရိုင်းများဝင်ရောက်မှု၊ လှည့်လည်သွားလာကျက်စားမှုများကို ကမ္ဘာ့လှည့်ခရီးသွားများ ဧည့်သည်အချို့လာရောက် လေ့လာကြကြောင်းသိရသည်။ ပြည်တွင်းပြည်ပ ရုပ်သံအဖွဲ့များကလည်း ဆင်ရိုင်းများ၏ သွားလာလှုပ်ရှားမှုများကို စွန့်စားပြီး လာရောက်ရိုက်ကူးကြသော်လည်း၊ပီပီပြင်ပြင်မရရှိကြောင်း၊ဆင်အန္တရာယ်ကို စိုးရွံ့၍ဖြစ်ကြောင်း၊ ဒေသခံကျေးရွာများကလည်း ထဲထဲဝင်ဝင် အကူအညီမပေးရဲကြကြောင်း သိရသည်။

ကျွန်တော်တို့လည်း ဆင်ရိုင်းများကို မမြင်တွေ့ခဲ့ရ၊ ဆင်ရိုင်းများရှိနေဆဲ တောအုပ်ညို့ညို့ ချောင်းစွယ်တစ်ခုဆီသို့ ညွှန်ပြသဖြင့် လှမ်းကြည့်ခဲ့ရုံကမပို၊ တောထဲတောင်ထဲဆင်ရိုင်းများနှင့် ရုတ်တရက်ဘွားခနဲတိုးပါက မည်သို့ပြေးရမည်ကိုပင် တွေးနိုင်မည်မဟုတ်၊ ရွာထဲဆင်ဝင်သွားရာလမ်းကြောင်းကို ပြောပြနေသဖြင့် နားထောင်ပြီးနောက် ချောင်းစောက်ရွာမှ ပြန်ထွက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုက်ကြီးမြို့နယ် ဥက္ကံမြို့ကထူးခြားသည်ကအမှန်၊ နွားပွဲဈေးက စည်ကားသလို ရွာများသို့ တောဆင်ရိုင်းဝင်ရောက်မှုကလည်း နာမည်ကြီးသည်။ လမ်းပန်းဆက်သွယ်ရေး အားနည်းမှုကြောင့် ကျေးရွာများဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေခြင်းမှာမဖြစ်သင့်။ ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်နိုင်ပါမှ အရှိန်အဟုန်ဖြင့် တိုးတက်လာမည့် ကျေးလက်များကို အပြန်လမ်းတစ်လျှောက် အတွေးထဲမြင်ယောင်နေမိတော့သည်။

**ဥက္ကံသကြားစက်ကို ၁၉၉၈ ခုနှစ်က စတင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်မှ ကြံများစတင်ကြိတ်နိုင်ခဲ့ရာ တစ်နိုင်ငံလုံး သကြားထုတ်လုပ်မှု၏ ၃ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်**

# တနိုင်းခကို ဖြတ်ခဲ့သည်

မြင့်စိုး (နတလ)



တိုက်တီးကျေးရွာ အထက်နားဆီမှစ၍ ချင်းတွင်းမြစ်ဟု မခေါ်ကြတော့ဘဲ တနိုင်းခချောင်းဟူ၍သာ ဒေသခံ တိုင်းရင်းသားများက ခေါ်ဝေါ်သမုတ်ကြသည်။ ကချင်ပြည်နယ် တနိုင်းနှင့် ရှင်ဗွေယန်ဒေသများမှ မြစ်ဖျားခံသော တရုံချောင်း၊ တဝမ်ချောင်းများအပါအဝင် ချောင်းငယ်များစုပေါင်းပြီးမှ တနိုင်းခအနေဖြင့် စီးဆင်းလာခြင်းဖြစ်သည်။ တကားချောင်းနှင့် ပေါင်းဆုံသောနေရာတွင် အင်္ဂလိပ်အက္ခရာ (Y) ပုံသဏ္ဌာန်တည်ရှိနေ၏။ ဆောင်းဦးရာသီဖြစ်၍ တကားချောင်းရေမှာ ကြည်လင်သန့်ရှင်းနေပြီး အချို့နေရာများတွင် ရေအနက် တစ်ပေခန့်ပင်မရှိ။ စက်လှေမောင်းသူ၏ ကျွမ်းကျင်မှုဖြင့် ရေပြင်ကိုရှုပ်၍ မောင်းနှင်ခဲ့ကြောင်း တွေ့ရသည်။ တကားသို့ အသွားနေ့က တိုက်တီးကျေးရွာလှေဆိပ်သို့ရောက်သည်နှင့် စက်လှေမှ ဆင်းကာ ဆိုင်ကယ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြခြင်းဖြစ်၏။ တကားမှ နိုဝင်ဘာလ ၂၃ ရက် အပြန်ခရီးတွင်မူ နာဂငြိမ်းချမ်းရေးအဖွဲ့က တကားချောင်းအတိုင်း စက်လှေဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ကြသည်။ တကားနှင့် တိုက်တီးအကြား ဝမ်းပလာ ကူးတို့ဆိပ်ကိုလည်း ဖြတ်ကျော်ခဲ့ရသည်။

နေပြည်တော်မှာ တစ်ချိန်လုံးကားဖြင့် သွားလာလှုပ်ရှားနေရသကဲ့သို့ ရန်ကုန်မြို့ကို ခေတ္တခဏ ပြန်ရောက်ချိန်မှာလည်း ပြည့်နှက်နေသောကားများနှင့်အတူ မြို့ပြ၏မွန်းကျပ်မှုက အစဉ်အမြဲထုထောင်းနှိပ်စက်လျက်ရှိရာ ယခုလို စက်လှေဖြင့်သွားလာရသော ရေလမ်းခရီးသည် ကျွန်တော့်အတွက် လွတ်လပ်ပေ့ါပါးပြီး စိတ်ချမ်းမြေ့ဖွယ်ရာဖြစ်ခဲ့သည်။ ချင်းတွင်းမြစ်အတိုင်း ဆန်တက်သွားလာရင်း မြစ်ကမ်း ဝဲ/ယာတစ်လျှောက်ရှိ တိန်အင်း-လက်ပံသာ -မှန်ပင်-ကောင်းမှု-ဖောင်းဆိုင်-နမ့်ဖာ-ကြားမှော်-မဒူးမုန်းရွာဟောင်း-မဒူးမုန်းရွာသစ်စသော ကူးတို့ဆိပ်များ၌ အတက်အဆင်းပြုလုပ်ကြသည်။

ခရီးသည် အတက်အဆင်းပြုလုပ်ရုံမျှမက ဘုရားကျောင်းကန် စေတီပုထိုးပြုပြင်ရန်၊ ကထိန်အလှူဒါနပြုလုပ်ကြရန်အတွက် အလှူခံတာကိုလည်းတွေ့ခဲ့ရသည်။ သို့သော် အလှူခံသူက တစ်ယောက်တည်း။ စက်လှေပေါ်သို့ တက်လာရန်လည်း မလို၊ စက်လှေပေါ်သို့ အလှူခံဖလားကို ပို့ပေးလိုက်ပြီး သူက လှေဦးထိပ် ကမ်းနဖူးတွင် ထိုင်စောင့်နေရုံသာ။ ခရီးသည်များက အလှူငွေထည့်ရင်း ဖလားကို ရှေ့မှနောက်၊ နောက်မှရှေ့၊ လက်ဆင့်ကမ်း ပေးပို့ပေးကြသည်။ ကိုယ်တိုင်လှူခွင့်ရသကဲ့သို့ ကိုယ်တိုင် အလှူခံဖလားအား ထိတွေ့သယ်ယူခွင့်ရသော အလှူမျိုးပါတကား။

မြစ်ကမ်းနဘေးမှာတော့ ရွှေကျင်နေသူ၊ ငါးပိုက်ချနေသူ၊ မြေနုကျွန်းကလေးများတွင် ထွန်ယက်စိုက်ပျိုးနေသူ၊ တဲကလေးများထိုး၍ လာသမျှစက်လှေတွေကို စက်သုံးဆီနှင့် စားသောက်ကုန်များ ရောင်းချနေသူများ



တွေ့ရသကဲ့သို့ သင်အူများဖြာပြီး နေလှမ်းနေသူများကို တွေ့ရသောအခါ သင်ဖြူးဖျာထွက်သော ကျွန်တော့်ဇာတိ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့လေးကို ဖျတ်ကနဲသတိရမိပြန်သည်။ သည်ဘက်မှာကတော့ သင်ဖျာအချောထည်ရက်လုပ်ခြင်းမရှိကြဘဲ ကုန်ကြမ်းကို မုံရွာဘက်သို့ပို့၍ရက်လုပ်ပြီး ကုန်ချောဖျာများ ပြန်လည်သယ်ယူ ရောင်းချတတ်ကြကြောင်း သိရသည်။

မဒူးမုန်းရွာသစ်သည် အိမ်ခြေ ၃၀၀ ကျော်ခန့်ရှိသော ရွာကြီးတစ်ရွာဖြစ်သည်။ ချင်းတွင်းမြစ်ကမ်းကိုမေးတင်ကာ ၎င်း၏အရှေ့ဘက် နမ့်စီပွန်ဒေသမှ ကျောက်စိမ်းလုပ်ကွက်၊ ရွှေလုပ်ကွက်များမှ လိုအပ်သော စားသောက်ကုန်၊ စက်သုံးဆီများ ရောင်းဝယ်ဖောက်ကားနေသည့် ရွာတစ်ရွာဖြစ်သည်။ မဒူးမုန်းရွာသစ်နှင့် တိုက်တီးကျေးရွာအကြား ရေလမ်းခရီး အတွေ့အကြုံကလည်း တစ်သက်မမေ့စရာ ဖြစ်ခဲ့သည်။ အကြောင်းမှာ လူလုပ်အတားအဆီး မဟုတ်ဘဲ သဘာဝအတိုင်း ကျောက်တုံးကျောက်ဆောင်ကြီးများက ပိတ်ဆို့ကာရံထားရှိသော ဆည်ကြီး၊ ကျောက်စိမ်းဆည်၊ နတ်သမီးဆည် စသည်တို့ကို ဖြတ်ကျော်ခဲ့ရ၍ဖြစ်သည်။ စက်လှေမောင်း၍မရ။ သာမန်ကျော်ဖြတ်ခဲ့ခြင်းမျိုးမဟုတ်။ ကျောက်တုံး၊ ကျောက်ဆောင်များပေါ် ဖြတ်စီး နေသည့် ရေစီးကကြမ်းလွန်းသည်။

ပထမဆုံးတွေ့ရသော ဆည်ကြီး တွင် ခန္တီးကလာသည့် စက်လှေက ခရီးဆုံးသည်။ လူတွေဆင်း၊ ပါလာ သည့် ကုန်တွေကိုချ၊ ဆည်ကိုကျော်ပြီး တစ်ဖက်တွင် လာစောင့်နေသော စက်လှေပေါ်ကို လူတွေကုန်တွေ ပြောင်းတင်၊ ထိုနေရာမှ ဆက်ထွက် ပြီး မိနစ် ၂၀ ခန့် မောင်းပြီးသောအခါ ကျောက်စိမ်းဆည်ကို ရောက်သည်။ ကျောက်တုံးကြီးများက အစိမ်းရောင်သန်းနေသဖြင့် ကျောက်စိမ်းဆည်ဟု ခေါ်တွင်ကြကြောင်း သိရသည်။ ကျောက်စိမ်းဆည်မှာလည်း ထိုနည်းနှင်နှင်ပင်။ ပါလာသည့် လူတွေဆင်း၊ ကုန်တွေချ၊ ဆည်တစ်ဖက်မှ လာစောင့်နေသော နောက်လှေတစ်စင်းပေါ်သို့ပြောင်းတင်၏။ ပြီးလျှင် ဆက်ထွက်ကြသည်။ ဟိုဘက်ကပါလာသည့် လူတွေ၊ ကုန်တွေကိုလည်းသည် ဘက်လှေပေါ်ပြောင်းတင်ပြီး ပြန်လည်ထွက်ခွာသွားကြသည်ဖြစ်ရာ အဆိုပါ သဘာဝဆည်ကြီးနှစ်ခုကို နေ့စဉ် စက်လှေသုံးစင်းအသုံးပြု၍ အသွား၊အပြန်ပြုလုပ်ကြရကြောင်း တွေ့မြင်ခဲ့ရသည်။

ဆည်များပေါ်တွင် ဈေးဆိုင်လေးများဖွင့်၍ ရောင်းချနေသူများ၊ ကုန်ပစ္စည်းများကို ဟိုဘက်၊ သည်ဘက် ထမ်းပိုးသယ်ယူပေးသည့် အလုပ်သမားလေးများအတွက်မူ အထိုက်အလျောက်ဝင်ငွေရရှိစေသော သဘာဝဆည်များဖြစ်ကြသည်။ ရေစီးကြမ်း၍ စက်လှေများပြန်အထွက်၌ အခန့်မသင့်ပါက တိမ်းမှောက်တတ်ပြီး အသက်ဆုံးရှုံးမှုများရှိခဲ့ကြောင်း သိရသည်။ မိုးတွင်းအခါတွင်၌မူ ကျောက်ဆောင်များပေါ် ရေကျော်သွားပြီဖြစ်၍ သတိပြုမောင်းနှင်ရင်း ဖြတ်ကျော်နိုင်သည်။ စက်လှေပြောင်းစီးရန် မလိုတော့ပေ။

တိုက်တီးကျေးရွာသည် အိမ်ခြေ ၃၀ ခန့်ရှိပြီး ပရဟိတဘုန်းတော်ကြီးကျောင်းတစ်ကျောင်း တွေ့လိုက်ရသဖြင့် စေ့ငုကြည့်ရာ တိုင်းရင်းသားကလေးငယ် ၅၀ ခန့်ကို လက်ခံစောင့်ရှောက်ထားကြောင်း၊ ယင်းကလေးငယ်များကို ရန်ကုန်မြို့၊ နာဂလိုင်ဂူ၊ ကလေးဝတောရကျောင်းသို့ ဆက်သွယ်ပို့ဆောင်ပေးပြီး ပညာသင်ယူစေခဲ့ကြောင်း သိလိုက်ရသောအခါ နတလဦးစီးဌာနနှင့် တိုက်တီးပရဟိတကျောင်းသည် ရေစက်ဆုံနေကြောင်း သတိပြုမိ၏။

အကြောင်းမှာ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းမှ ပရိယတ္တိစာသင်တိုက်များဖြစ်သော ကလေးဝတောရ၊ ရတနာ့ဗိမာန်၊ ပိတောက်ရွှေဝါ ကျောင်းများတွင် ပညာသင်ကြားနေသော ကိုရင်၊ သီလရှင်၊ ကျောင်းသား ကျောင်းသူလေးများအတွက် လစဉ်ဆန်၊ ဆီ၊ ဆား၊ ပဲများ လှူဒါန်းထောက်ပံ့ပေးနေ၍ ဖြစ်ပါသည်။ ကျွန်တော့်စိတ်ထင် ၁၅ နှစ်ကျော် ကာလတိုင်ခဲ့ပြီ ဖြစ်၏။

ခန္တီးမြို့မှ စက်လှေဖြင့် နံနက် ၈ နာရီခွဲအချိန် ထွက်ခွာလာသော ကျွန်တော်တို့အဖွဲ့သည် တိုက်တီးကျေးရွာသို့ ညနေ ၃ နာရီခွဲအချိန်တွင် ရောက်ရှိခဲ့ရာ ဈေးဆိုင်တန်းတွင်ခေတ္တနားပြီး တကားကျေးရွာသို့ ဆိုင်ကယ်များစီး၍ ဆက်လက်ထွက်ခွာခဲ့ကြသည်။ လမ်းတစ်လျှောက် ကျေးရွာများဖြစ်သော ကဲဆန်/ကျမ်းတုံးနှင့် ဟွေနုတ်ကျေးရွာတို့တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နတလမှခွင့်ပြုသည့် အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်နေမှုများကို ဝင်ရောက်ကြည့်ရှုခဲ့ကြသည်။ ညနေ ၅ နာရီကျော်ကျော်၌ တကားကျေးရွာသို့ ရောက်ရှိခဲ့ကြရာ နာဂငြိမ်းချမ်းရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက ဝမ်းပန်းတသာ ကြိုဆိုကြသည်။

တကားကျေးရွာသည် အိမ်ခြေ ၄၀၀ ကျော်ရှိသော ရွာကြီးတစ်ရွာဖြစ်ပြီး မြေပြန့်လွင်ပြင် ပေါ်များသည်။ နတလအနေဖြင့် တကားဒေသဖွံ့ဖြိုးရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နန့်ဖာ-တိုက်တီး-တကား မြေလမ်း ၅၅ မိုင်၊ ကျောက်ခင်းလမ်း ၁၀ မိုင်၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း နှစ်ကျောင်း၊ တကား အခြေခံပညာအလယ်တန်းကျောင်းမှ ပညာရေးဝန်ထမ်းများအတွက် လေးခန်းတွဲဝန်ထမ်းအိမ်ရာ တစ်လုံးတို့ကို ခွင့်ပြုပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်လည်း နန့်ဖာ-တိုက်တီး-တကားလမ်းတွင် မြေလမ်း ၁၀ မိုင်၊ ကျောက်ခင်းလမ်း ငါးမိုင်၊ တကား ကျေးရွာအတွင်း ကျောက်ခင်းလမ်း သုံးမိုင်နှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့်အပြင် တကားကျေးရွာ အိမ်ထောင်စုများအတွက် ဆိုလာမီး အစုံ ၄၂၀ ကို တပ်ဆင်ပေးခဲ့သည်။

တကားကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသည် ကျောင်းသားကျောင်းသူပေါင်း ၄၄၀ တက်ရောက်သင်ကြားနေပြီး ဆရာ ဆရာမ ၁၉ ဦး ရှိသည်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၌ အဋ္ဌမတန်းကို ခြောက်ဦးဖြေဆိုခဲ့ရာ ခြောက်ဦးစလုံး အောင်မြင်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၌ ၁၁ ဦးဖြေဆိုခဲ့ရာ ရှစ် ဦးအောင်မြင်ခဲ့သည်။ အဋ္ဌမတန်းအောင်မြင်သည့်ကလေးများ ပညာဆက်လက်သင်ယူရန်အတွက် ခန္တီးမြို့နှင့် နန်းယွန်းမြို့များသို့လည်းကောင်း၊ ကချင်ပြည်နယ် တနိုင်းမြို့နှင့် ရှင်ဗွေယန်မြို့များသို့လည်းကောင်း သွားရောက်သင်ယူကြရကြောင်း သိရသည်။ အခြေခံပညာအထက်တန်းကျောင်းခွဲ ဖွင့်လှစ်ခွင့်ရရှိရေးအတွက် အထက်ဌာနများသို့ တင်ပြပြီး မိမိတို့ရွာအနေဖြင့်လည်း လိုအပ်သည်များကို ယခုကတည်းက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ပြင်ဆင်ဆောင်ရွက်ထားကြရန် စေတနာရှေ့ထား၍ တိုက်တွန်းမှာကြားခဲ့သည်။

တကားကျေးရွာ ရွာဦးစေတီသို့ သွားရောက်ဖူးမြော်၍ ဘုန်းတော်ကြီးကျောင်းအတွက် အလှူငွေများ လှူဒါန်းခဲ့ကြသည်။ နာဂတိုင်းရင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော ဦးအန်းကန့်၏နေအိမ်သို့ သွားရောက်လည်ပတ်ခဲ့ရာ (၉၂)နှစ်အရွယ်ရှိ ၎င်း၏မိခင်ဖြစ်သူ ဒေါ်လောင်ရှန်းကို နှုတ်ဆက်ရင်းကန်တော့ခဲ့သည်။

တကားကျေးရွာတွင် အိမ်ကြီး နည်းသော်လည်း နာဂရိုးရာအိမ် ကလေးများကို ဝင်းခြံကျယ်ကျယ်ဖြင့် ဆောက်လုပ်ထားကြကြောင်း တွေ့ရသည်။ နောက်တစ်နေ့နံနက်၌ တကားချောင်းအတိုင်း စက်လှေဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ တနိုင်းခချောင်းအတွင်းသို့ဝင်ရောက်ပြီး ထိုမှ တိုက်တီးကူးတို့ဆိပ်သို့ စုန်ဆင်းခဲ့ကြသည်။ တိုက်တီးကူးတို့ဆိပ်မှ လာလမ်း အတိုင်း ဆည်သုံးဆည်ကိုဖြတ်၍ ခန္တီးမြို့သို့ ပြန်လည်ဝင်ရောက်ခဲ့သည်။ အပြန်ခရီးတွင် နာဂတိုင်းရင်းသား သွေးချင်းများနေထိုင်ရာ တကားဒေသ ဖွံ့ဖြိုးရေးအတွက် နတလမှ ကူညီပံ့ပိုး ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများကို စိတ်ကူးပုံဖော်ကြည့်မိသည်။ မိတ်ဆွေများရှိရာ တကားကျေးရွာသို့ ထပ်မံသွားရောက်ခွင့်ကြုံဦးမည်ဟုလည်း အလေးအနက်ယုံကြည်မိပါသည်။ ။

**မဒူးမုန်းရွာသစ်နှင့် တိုက်တီးကျေးရွာအကြား ရေလမ်းခရီး အတွေ့အကြုံကလည်း တစ်သက်မမေ့စရာ ဖြစ်ခဲ့သည်။ အကြောင်းမှာ လူလုပ်အတားအဆီး မဟုတ်ဘဲ သဘာဝအတိုင်း ကျောက်တုံးကျောက်ဆောင်ကြီးများက ပိတ်ဆို့ကာရံထားရှိသော ဆည်ကြီး၊ ကျောက်စိမ်းဆည်၊ နတ်သမီးဆည် စသည်တို့ကို ဖြတ်ကျော်ခဲ့ရ၍ဖြစ်သည်။**

# ရှေးဟောင်းမျိုးဆက်သစ်များဆီသို့

မောင်သာ(ရှေးဟောင်းသုတေသန)



**ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (၁၀)နှစ်ပြည့်အခမ်းအနား တက်ရောက်ရန် ရန်ကုန်မြို့ နိုဝင်ဘာလ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် ထွက်ခွာလာခဲ့ကြသော ကျွန်တော်တို့သည် ပြည်မြို့သို့ ထိုနေ့ညနေခင်းတွင် ရောက်ရှိခဲ့ကြသည်။**

ပြည်မြို့မှ ပြည်-ပေါက်ခေါင်း ကားလမ်းအတိုင်း မိနစ်အနည်းငယ်ဆက်သွားခဲ့ပြီးနောက် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းသို့ ရောက်ရှိခဲ့သည်။ ရန်ကုန်မှလာရောက်ခဲ့ကြသည့် ဧည့်သည်အဖွဲ့တွင် မြန်မာ့သမိုင်းအဖွဲ့ဝင် ဒေါက်တာတိုးလှ (ရှေးဟောင်းသုတေသန)နှင့် အမျိုးသားပြတိုက်ဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးကျော်ဝင်း(မနုသကျော်ဝင်း)နှင့် ဦးစန်းဝင်း၊ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်းတို့နှင့်အတူ ကျွန်တော်လည်း အဖွဲ့ဝင်တစ်ဦးအဖြစ် လိုက်ပါလာခဲ့သည်။

ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)သည် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် မှော်ဇာကျေးရွာရှိ သရေခေတ္တရာမြို့ဟောင်းအတွင်း၊ မြို့ဟောင်း၏မြောက်ဘက်မြို့ရိုး၊ နတ်ပေါက်တံခါးပေါက်အနီး မှော်ဇာကျေးလက်လမ်းပေါ်တွင် တည်ရှိသည်။ သရေခေတ္တရာသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းသုံးခုအနက် တစ်ခုဖြစ်ပြီး သင်တန်းကျောင်းကို ပြည်-ပေါက်ခေါင်းကားလမ်း၏ လက်ယာဘက်၊ ပြည်မြို့မှ ငါးမိုင်အကွာရှိ မြေနေရာအကျယ် အဝန်း ၃၉ ဧက အတွင်း၌ ဖွင့်လှစ်ထားသည်။

ရှေးဟောင်းသုတေသနဟူသည့် ဝေါဟာရကို ရှေးဟောင်းသုတေသနပညာရှင် ဆရာကြီးဦးမြင့်အောင်က "ရှေးဟောင်း သုတေသနပညာရပ်သည် ရှေးဟောင်းယဉ်ကျေးမှု၌အကျုံးဝင်သော ကျောက်ခေတ်များမှ ကျောက်လက်နက်ပစ္စည်းများမှစ၍ ကြေးခေတ်၊ သံခေတ်၊ မြို့ပြတည်ထောင်သောခေတ်စသော ခေတ်အသီးသီးတွင်ထွန်းကားခဲ့သည့် လူသုံးပစ္စည်းဟူသရွေ့ကိုလည်းကောင်း၊ လူနေအိမ်ခြေမှစ၍ ကျေးရွာမြို့ပြများဆိုင်ရာ အဆောက်အအုံများ၊ စေတီပုထိုးအမျိုးမျိုးများကိုလည်းကောင်း၊ ယုတ်စွအဆုံး သင်္ချိုင်းကုန်းဟောင်းများအထိ လေ့လာသောပညာရပ်ဖြစ်သည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

နိုင်ငံတစ်ခု၏သမိုင်းကို ဖော်ထုတ်ရာတွင် ပညာရှင်များက ယေဘုယျအားဖြင့် သမိုင်းမတင်မီကာလနှင့် သမိုင်းတင်ကာလဟု ပိုင်းခြားခဲ့ကြသည်။ စာပေအရေးအသားပေါ်ပေါက်နေပြီဖြစ်သည့် သမိုင်းတင်ကာလကို ကျောက်စာ၊ ပေစာ၊ အိုးစာ၊ ခေါင်းလောင်းစာ စသည်တို့တွင်တွေ့ရှိကြရသည့် စာပေအထောက်အထားများဖြင့် ဖော်ထုတ်နိုင်သော်လည်း သမိုင်းမတင်မီကာလများကိုမူ ရှေးဟောင်းသုတေသနတူးဖော်မှုများဖြင့်သာ ရှာဖွေဖော်ထုတ်ကြရသည်။ ထို့ကြောင့် ရှေးဟောင်းသုတေသနပညာရပ်သည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုလုပ်ငန်းတွင် အရေးကြီးသော ပညာရပ်တစ်ခုဖြစ်လာသည်နှင့်အညီ ရှေးဟောင်းသုတေသနပညာရှင်များမွေးထုတ်ရန် လိုအပ်လာခဲ့သည်။ ထို့အတူ ယဉ်ကျေးမှုအမွေအနှစ်များအား သုတေသနပြုခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာပညာရပ်များကို တိုးတက်လာသော နည်းပညာများဖြင့် လက်တွေ့သင်ကြားပို့ချပေးရန် လိုအပ်လာခဲ့ပေသည်။

ထိုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ရန်ကုန်တက္ကသိုလ်တွင် ၁၉၉၄- ၁၉၉၅ စာသင်နှစ်၌ ရှေးဟောင်းသုတေသနပညာဌာနကိုထူထောင်၍ ဘွဲ့လွန်ရှေးဟောင်းသုတေသနဒီပလိုမာသင်တန်းကို ဖွင့်လှစ်ကာ ရှေးဟောင်းသုတေသနပညာရှင်များကို စတင်မွေးထုတ်ခဲ့သည်။ ယင်းသင်တန်းကို ရန်ကုန်တက္ကသိုလ်တွင် ယနေ့တိုင် နှစ်စဉ်ဖွင့်လှစ်လျက်ရှိပြီး ရှေးဟောင်းသုတေသနပညာရှင်များ ပေါ်ထွက်လျက်ရှိသည်။ နောက်ပိုင်းတွင် ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်များတွင် ရှေးဟောင်းသုတေသန ဘွဲ့ကြိုသင်တန်းများကို ဖွင့်လှစ်ကာ ရှေးဟောင်းသုတေသန မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများအား ပြုစုပျိုးထောင်ပေးခဲ့သည်။

"ပညာရေးဝန်ကြီးဌာနက ရှေးဟောင်းသုတေသနမျိုးဆက်သစ်များကို ပျိုးထောင်နေသကဲ့သို့ လက်တွေ့တူးဖော်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကိုဆောင်ရွက်နေသည့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကလည်း ရှေးဟောင်းသုတေသနမျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ရန် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းကို ပြည်မြို့၌ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် စတင်ဆောက်လုပ်၍ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ဖွင့်လှစ်ကာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့်ပူးပေါင်းလျက် ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာ တစ်နှစ်သင်တန်းကို ဖွင့်လှစ်ခဲ့သည်။

ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)မှ သင်တန်းကျောင်း၏ ပညာသင်နှစ် ၁၀ နှစ်တာကာလအတွင်း ဒီပလိုမာဘွဲ့ရ သင်သန်းသား သင်တန်းသူ ၂၄၆ ဦး ပေါ်ထွန်းခဲ့သကဲ့သို့ ဌာနတွင်းအရာရှိ မွမ်းမံသင်တန်းခြောက်ကြိမ်တွင် သင်တန်းသား သင်တန်းသူ ၈၇ ဦး တက်ရောက်အောင်မြင်ခဲ့သည်။

ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)( Field School of Archaeology) တွင် နှစ်စဉ်ဖွင့်လှစ်ပို့ချလျက်ရှိသည့် ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာ ဒီပလိုမာတစ်နှစ်သင်တန်းသို့ ဘွဲ့တစ်ခုခုရရှိထားပြီးသူတိုင်း လျှောက်ထားနိုင်ကြသည်။ လျှောက်ထားသူများသည် ဝင်ခွင့်စာမေးပွဲဖြေဆိုကြရပြီး အောင်မြင်ကြသူများသည် နှစ်စဉ်နိုဝင်ဘာလတွင် စတင်တက်ရောက်ကြရသည်။ သင်တန်းကာလ ၁၀ လအတွင်း စာတွေ့လက်တွေ့သင်ကြားကြရပြီး ပထမနှစ်ဝက်စာမေးပွဲနှင့် ဒုတိယနှစ်ဝက်စာမေးပွဲများကို ဖြေဆိုကြရသည်။ စာမေးပွဲများဖြေဆိုအောင်မြင်ကြသူများကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)ဘွဲ့နှင်းသဘင်တွင် ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာ ဒီပလိုမာဘွဲ့ (PGDAA) (Post Graduate Diploma in Applied Archaeology) အား နှစ်စဉ်ချီးမြှင့်လျက်ရှိသည်။

မဟာဝိဇ္ဇာသင်တန်းတက်ရောက်ရန် အရည်အချင်းပြည့်မီသူများသည် ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနတွင် မဟာဝိဇ္ဇာ(ရှေးဟောင်းသုတေသနပညာ)သင်တန်းတက်ရောက်ရန် လျှောက်ထားနိုင်ကာ မဟာဝိဇ္ဇာဝင်ခွင့်စာမေးပွဲကို ဖြေဆိုကြရသည်။ ဝင်ခွင့်စာမေးပွဲအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ်၌ မဟာဝိဇ္ဇာသင်တန်းမှစတင်၍ မိမိတို့အောင်မြင်မှု အရည်အချင်းအလိုက် မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများအထိ တက်ရောက်ခွင့်ရှိသည်။ လက်ရှိအချိန်တွင်လည်း ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းဆင်း သင်တန်းသားအချို့သည် ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနတွင် ဘွဲ့လွန်သင်တန်းအသီးသီးကို တက်ရောက်သင်ယူလျက် ရှိနေကြပေသည်။

ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာဒီပလိုမာတစ်နှစ်သင်တန်းတွင် ဘာသာရပ် ၁၄ ခုကို ပို့ချလျက်ရှိသကဲ့သို့ ဌာနတွင်း၊ ဌာနပြင်ပနှင့် ယူနက်စကိုအပါအဝင် ပြည်ပပညာရှင်များကလည်း စာတွေ့လက်တွေ့သင်ခန်းစာများကို အခါအားလျော်စွာလာရောက်ပို့ချပေးလျက်ရှိကာ သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ရှေးဟောင်းသုတေသန ကွင်းဆင်းတူးဖော်မှုနည်းပညာ၊ ရှေးဟောင်းသုတေသနဆိုင်ရာ သိပ္ပံပညာရပ်များ၊ သမိုင်းမတင်မီကာလ ရှေးဟောင်းသုတေသနပညာ၊ အကြိုသမိုင်းကာလ ရှေးဟောင်းသုတေသနပညာ၊ သမိုင်းတင်ကာလ ရှေးဟောင်းသုတေသနပညာ၊ ခေတ်ဟောင်းအနုပညာနှင့် ဗိသုကာပညာ၊ ကျောက်စာနှင့် ဒင်္ဂါးများလေ့လာမှုပညာ၊ ခေတ်ဟောင်းအနုပညာနှင့် ရုပ်ထုဗေဒ၊ ပြတိုက်ပညာ၊ အဆောက်အအုံ ထိန်းသိမ်းပြုပြင်ခြင်း၊ ဓာတုဗေဒနည်းဖြင့် ပြုပြင်ထိန်းသိမ်းခြင်း၊ အမျိုးသားယဉ်ကျေးမှုဝတ္ထုပစ္စည်းများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် လက်တွေ့ကွင်းဆင်းတူးဖော်မှုပညာဟူသည့် သင်ရိုး ၁၄ ခုကို သင်ယူကြရသည်။

သင်တန်းသားများသည် ရှေးဟောင်းနေရာတစ်ခုအား မတူးဖော်မီ ပဏာမကွင်းဆင်းလေ့လာမှု၊ လက်တွေ့တူးဖော်သုတေသနပြုလုပ်မှု၊ ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် ရှေးဟောင်းအမွေအနှစ်နယ်မြေဒေသများသို့ ကွင်းဆင်းလေ့လာမှုတို့ကို စာတွေ့လက်တွေ့သင်ယူကြရသည်သာမက ကွင်းဆင်းအစီရင်ခံစာ၊ တူးဖော်မှုအစီရင်ခံစာ၊ ဘွဲ့ယူစာတမ်းများကိုလည်း ရေးသားပြုစုကြရသည်။

ဤသို့ စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးမှုများကြောင့် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)မှ ရှေးဟောင်းသုတေသနမျိုးဆက်သစ်များ မွေးထုတ်နိုင်ခဲ့ကာ သင်တန်းဆင်းအများစုသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအပါအဝင် ရှေးဟောင်းသုတေသနဘာသာရပ်နှင့် နီးနွယ်သည့် အလုပ်ဌာန၊ အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိနေကြပေသည်။

ကြိုဆိုရေးအဖွဲ့က ကျောင်းသို့ရောက်ရှိလာကြသော ကျွန်တော်တို့အား ဧည့်ရိပ်သာတွင် နေရာချထားပေးပြီးနောက် အခမ်းအနားသို့ လာရောက်ကြသော သိကျွမ်းခင်မင်ခဲ့သော ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူဟောင်းများနှင့် ကျွန်တော် ပြန်လည်ဆုံတွေ့ခဲ့ရသည်။ ၁၀ နှစ်တာကာလအတွင်း အမိကျောင်းတော်မှ ဆင်းသွားခဲ့ကြသူများ တစ်ဦးနှင့်တစ်ဦး ပြန်လည်ဆုံတွေ့ကြမည့်ပွဲဖြစ်သဖြင့် အားလုံးက စိတ်လှုပ်ရှားပျော်ရွှင်လျက်ရှိနေကြပေသည်။

ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း ၁၀ နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် စာတမ်းဖတ်ပွဲတစ်ခုကိုကျင်းပခဲ့ရာ စာတမ်းဖတ်ပွဲနေ့တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်(မင်းဘူးအောင်ကြိုင်)နှင့် ဒေါက်တာခင်ဇော်(စာရေးဆရာ နိုင်ဇော်)တို့ ရောက်ရှိလာခဲ့ကြသည်။ စာတမ်းဖတ်ပွဲတွင် သုတေသနစာတမ်းခြောက်စောင်ကို ဖတ်ကြားခဲ့ကြရာ စာတမ်းဖတ်ကြားသည့် ပညာရှင်များအနက် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)အပတ်စဉ်(၁)တွင် တက်ရောက်အောင်မြင်ခဲ့ပြီး သင်တန်းထူးချွန်ပထမဆုရရှိခဲ့သော ဦးစောနိုင်ဦး (ဦးစီးအရာရှိ)လည်းပါဝင်ခဲ့ရာ သင်တန်းကျောင်း၏ ရှေးဟောင်းသုတေသနမျိုးဆက်သစ်များ ပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့မှု၏ အောင်မြင်သောရလဒ်တစ်ခု ဖြစ်ပေသည်။

သုတေသန စာတမ်းများဖတ်ကြားပွဲသည် ဆွေးနွေး၊ မေးမြန်း၊ အကြံပြု၊ မှတ်ချက်ပေးမှုများဖြင့် စည်ကားသိုက်မြိုက်ခဲ့သည်။ သုတေသနလုပ်ငန်းသည် တိုးတက်ဖွံ့ဖြိုးမှု၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်နှင့်အညီ ရှေးဟောင်းသုတေသနစာတမ်းများသည် ရှေးဟောင်းသုတေသနလုပ်ငန်းများ တိုးတက်အောင်မြင်နိုင်ရန် အထောက်အပံ့တစ်ရပ်ဖြစ်ပေသည်။ မျက်မှောက်ခေတ်မျိုးဆက်သစ်လူငယ်များသည် မြန်မာတို့၏ လူမျိုးဂုဏ်၊ ဇာတိဂုဏ်များကို လေးစားတန်ဖိုးထား၍ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်၊ ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ရှင်သန်ခိုင်မာစေရန်နှင့် ရှေးဟောင်းသုတေသနပညာရပ်များကို စနစ်တကျလေ့လာသင်ယူနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)သည် လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နေသည်မှာ ၁၀ နှစ်တိုင်ခဲ့ပြီဖြစ်ပေသည်။

သင်တန်းကျောင်း၏ စာတမ်းဖတ်ပွဲနှင့် ညစာစားပွဲသို့ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့်ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ ပညာရှင်များ တက်ရောက်ခဲ့ကြသကဲ့သို့ ကျောင်းဆင်းသင်တန်းသားဟောင်းများနှင့် လက်ရှိသင်တန်းသားများစုံညီစွာ တက်ရောက်ခဲ့ကြသည်။ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း၏ မြင်ခင်းပြင်တွင် အတူတကွ မိတ်ဆုံညစာစားကြရင်း မိတ်ဟောင်းဆွေဟောင်း၊ ကျောင်းသားဟောင်းများ ပြန်လည်ဆုံတွေ့ခဲ့ကြကာ ရှေးဟောင်းနှောင်းဖြစ်များ၊ အတွေ့အကြုံများဖလှယ်ကြရင်း ပျော်ရွှင်ဖွယ်ညချမ်းလေးတစ်ခုဖြစ်ခဲ့ကြရသည်။ ညစာစားပွဲ ကျင်းပနေချိန်တွင် မိုးများရွာသွန်းခဲ့သော်လည်း မိုးရေများကြားမှာပင် မိတ်ဆုံစားပွဲကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည့် ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း ၁၀ နှစ်ပြည့် အခမ်းအနားသည် ကျွန်တော်တို့ အားလုံးအတွက် ကြည်နူးဖွယ်အမှတ်တရတစ်ခုပင် ဖြစ်ခဲ့ပါပေသည်။

**သုတေသနလုပ်ငန်းသည် တိုးတက်ဖွံ့ဖြိုးမှု၏ အခြေခံ အုတ်မြစ်တစ်ခုဖြစ်သည်နှင့်အညီ ရှေးဟောင်းသုတေသနစာတမ်းများသည် ရှေးဟောင်းသုတေသနလုပ်ငန်းများ တိုးတက်အောင်မြင်နိုင်ရန် အထောက်အပံ့တစ်ရပ်ဖြစ်**

မြန်မာ့ရိုးရာအားကစား

# ကန်တော်ကြီးဂရင်းမြက်ခင်းပြင်ပေါ်မှ အသည်းကောင်းသူတို့၏ လေးပွင့်ဆိုင် နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး

သတင်းဆောင်းပါး-
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

မန်းနယ်မြေရှိ ကန်တော်ကြီးဂရင်းမြက်ခင်းပြင်ပေါ်တွင် အသည်းကောင်းသူမောင်တို့၏ လေးပွင့်ဆိုင်ပွဲကောင်းများကို အေးချမ်းသော ဒီဇင်ဘာ ၁၁ ရက်၏ ညနေတွင် အထက်မြန်မာပြည် မန်းနယ်မြေမှ ရိုးရာလက်ဝှေ့ဝါသနာရှင် ပြည်သူများ ရှုမျှော်ခံစားကြရပေတော့မည်ဖြစ်သည်။

အဆိုပါ အသည်းကောင်းသူတို့၏ လေးပွင့်ဆိုင်ဖြစ်သော မြန်မာ၊ ထိုင်း၊ မက္ကဆီကိုနှင့် ကိုစတာရီကာ နိုင်ငံတို့မှ လက်ဝှေ့သူရဲကောင်း အကျော်အမော်များ လာရောက်ယှဉ်ပြိုင်ထိုးသတ်နိုင်ရေးကို H & S Group နှင့် မန်းနယ်မြေမှ စွမ်းကေကေကလပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မန္တလေးမြို့ ကန်တော်ကြီး ဂရင်းမြက်ခင်းပြင်ပေါ်၌ ဒီဇင်ဘာ ၁၁ ရက် ညနေ ၆ နာရီတွင် စတင်ယှဉ်ပြိုင်ထိုးသတ်မှုမြင်ကွင်းများကို တွေ့မြင်ရှုစားကြရမည်ဖြစ်သည်။ ၄င်း လေးပွင့်ဆိုင် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး၌ အထက်မြန်မာပြည် ရိုးရာလက်ဝှေ့ချစ် ပရိသတ်များရင်ထဲ စွဲကျန်ရစ်စေမည့် ပွဲကောင်းများကို ထည့်သွင်းထားသည်ကို တွေ့ရသည်။ ပြည်တွင်း ရိုးရာလက်ဝှေ့လောကမှ အသည်းကောင်း မောင်များဖြစ်သည့် စိုးလင်းဦး၊ ထက်အောင်ဦး၊ ဗိုလ်စိုးအောင်နှင့် ရဲသွေးနီတို့ကို ထိုင်း၊ မက္ကဆီကိုနှင့် ကိုစတာရီကာတို့မှ မွေထိုင်းလက်ဝှေ့ကျော်များနှင့် တွဲဖက်ယှဉ်ပြိုင် ထိုးသတ်နိုင်မည့် တွဲဆိုင်းများ ပါဝင်သလို ပြည်တွင်းမှ အသည်းကောင်း ပွဲတောင်းသူများ၏ တွဲဆိုင်းများလည်း ထည့်သွင်းထားသည်ကို တွေ့ရသည်။ တွဲဆိုင်းအားလုံး ၁၀ ပွဲ ပါဝင်မည်ဖြစ်ပြီး ပြည်ပ ငါးချီ အထူးစိန်ခေါ်ပွဲများ မြန်မာပြည် ပထမတန်း လက်ဝှေ့ကျော်စိုးလင်းဦး (ဒို့ရိုးရာ)နှင့် ထိုင်းနိုင်ငံ ၏ ပထမတန်း မွေထိုင်း လက်ဝှေ့ကျော် ဖက်ချိုင်းဆန်၊ ထက်အောင်ဦး (တောင်ကလေး)နှင့် ရီကာဒို (မက္ကဆီကို)၊ ဗိုလ်စိုးအောင် (စွမ်းကေကေ)နှင့် ဂျွန်နသန် (ကိုစတာရီကာ)၊ ရဲသွေးနီ (တောင်ကလေး)နှင့် တာဝီဂျစ် (ထိုင်း)တို့က နိုင်ငံ တကာ ငါးချီအထူးစိန်ခေါ်ပွဲများ အဖြစ် ယှဉ်ပြိုင် ထိုးသတ်သွားမည်ဖြစ်ပြီး အခြား ပြည်တွင်း ငါးချီစိန်ခေါ်ပွဲ တွဲဆိုင်းများအဖြစ် နေနေ (စွမ်းကေကေ)နှင့် စောဒါဝိတ် (တောင်ကလေး)၊ မင်းထက်အောင် (ဒို့ရိုးရာ)နှင့် ဇော်ချစ်အောင် (စွမ်းကေကေ) တို့ ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ထို့အပြင် ကျန်ကျောင်း (စွမ်းကေကေ)နှင့် ကိုကိုအောင် (ထွန်းသွင်)၊ စွမ်းထက်နိုင် (စွမ်းကေကေ)နှင့် စောထူးအောင် (ဒို့ရိုးရာ)၊ အောင်နေဦး (ဒို့ရိုးရာ) နှင့် သူရလိပ် (စွမ်းကေကေ)၊ သူရဆင် (စွမ်းကေကေ) နှင့် အောင်ကျော်စိုး (ဒို့ရိုးရာ) တွဲဆိုင်းများကလည်း လေးချီအထူး စိန်ခေါ်ပွဲများအဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

မြန်မာပြည် ပထမတန်း လက်ဝှေ့ကျော်စိုးလင်းဦးနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် မွေထိုင်း လက်ဝှေ့ကျော် ဖက်ချိုင်းဆန်(ထိုင်း)သည် အရပ် ၅ ပေ ၇ လက်မ၊ ဝိတ် ၆၇ ကီလို၊ အသက် ၂၄ နှစ်ရှိ MAC ချန်ပီယံ တစ်ဦးဖြစ်ပြီး ထိုးသတ်ခဲ့သော ပွဲပေါင်း ၉၈ ပွဲတွင် နိုင်ပွဲ ၇၂ ပွဲ၊ သရေ နှစ်ပွဲနှင့် ရှုံးပွဲ ၂၄ ပွဲ ထိုးသတ်ထားသူဖြစ်သည်။ သူနဲ့အတူ ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာပြည် ပထမတန်းလက်ဝှေ့ကျော် ဆန်းမင်းနိုင်(စိုးလင်းဦး)သည် အရပ် ၅ပေ ၈ လက်မ၊ အသက် ၂၃ နှစ်၊ ဝိတ် ၆၇ ကီလို ထိုးသတ်ခဲ့သည့် ပွဲပေါင်း ၆၂ ပွဲတွင် နိုင်ပွဲ ၃၁ ပွဲ၊ သရေ ၃၀ ပွဲနှင့် ရှုံးပွဲတစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ထားကာ ရရှိပိုင်ဆိုင်ခဲ့သော ဆုများမှာ ဒုတိယတန်း(ထပ်ဆင့်)ဒင်္ဂါး ရွှေအောင်လံ ဆုရှင်(၂၀၁၀၊ ၂၀၁၁)နှင့် ရွှေခါးပတ်ချန်ပီယံ ၂၀၁၀ ဆုတို့ကို ပိုင်ဆိုင်ထားသူဖြစ်ကာ ပြိုင်ဘက်တိုင်းကို သွေးအေးအေးနှင့် ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်း ပိုင်ဆိုင်ထားသူဖြစ်သည်။

ပြည်သူများ စိတ်ဝင်စားမည့် နိုင်ငံတကာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတစ်ပွဲကတော့ ထက်အောင်ဦး (တောင်ကလေး)နှင့် ရီကာဒို (မက္ကဆီကို) တို့၏ တွဲဆိုင်းဖြစ်သည်။ ထက်အောင်ဦး(တောင်ကလေး) သည် အသက် ၂၇ နှစ်၊ ဝိတ် ၆၅ ကီလို၊ အရပ် ၅ပေ ၇ လက်မရှိကာ ယှဉ်ပြိုင် ထိုးသတ်ခဲ့သော ၅၂ ပွဲတွင် နိုင်ပွဲ ၃၄ ပွဲ၊ သရေ ၁၃ ပွဲ၊ ရှုံးပွဲ ငါးပွဲထိုးသတ်ထားပြီး ၂၀၁၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ချန်ပီယံဆုတံဆိပ် သိမ်းပိုက်ထားသူဖြစ်သည်။ သူနဲ့အတူ ရင်ဆိုင်ယှဉ်ပြိုင် ထိုးသတ်မည့် ရီကာဒို (မက္ကဆီကို)သည် အသက် ၂၈ နှစ်၊ ဝိတ် ၆၅ ကီလို၊ အရပ် ၅ ပေ ၇ လက်မရှိကာ ထိုးသတ်ခဲ့ဖူးသော ပွဲပေါင်း ၆၂ ပွဲတွင် နိုင်ပွဲ ၄၆ ပွဲ၊ သရေ နှစ်ပွဲ၊ ရှုံးပွဲ ၁၄ ပွဲယှဉ်ပြိုင် ထိုးသတ်ထားပြီး မက္ကဆီကို WBC ချန်ပီယံတစ်ဦးလည်း ဖြစ်သည်။

အလားတူ ပြည်သူများစိတ်ဝင်စားမှုရှိမည့် မန်းနယ်မြေ၏ တစ်ခုတည်းသော စွမ်းကေကေကလပ်မှ ဗိုလ်စိုးအောင်နှင့် ဂျွန်နသန်(ကိုစတာရီကာ) တို့၏ပွဲသည်လည်း ဇွဲပါ အသည်းမာသည့် ဗိုလ်စိုးအောင်ကပဲ ပွဲသိမ်းနိုင်မလား၊ ဂျွန်နသန်ကပဲ ပွဲဖြတ်နိုင်မလား ပြည်သူများစောင့်ကြည့်ရတော့မည်ဖြစ်သည်။ ဗိုလ်စိုးအောင်(စွမ်းကေကေ) သည် အသက် ၁၉ နှစ်၊ ဝိတ် ၆၅ ကီလို၊ အရပ် ၅ ပေ ၇ လက်မရှိပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ပွဲပေါင်း ၂၀တွင် ၁၀ ပွဲနိုင်၊ ကိုးပွဲသရေနှင့် ရှုံးပွဲတစ်ပွဲ ရလဒ်ပိုင်ဆိုင်ထားပြီး ငယ်ဂုဏ်ရှိသည့် လက်ဝှေ့သမားတစ်ဦး ဖြစ်သည်။ သူနဲ့အတူ ရင်ဆိုင်ယှဉ်ပြိုင်မည့် ကိုစတာရီကာမှ ဂျွန်နသန်သည် အသက် ၃၀၊ ဝိတ် ၆၅ ကီလို၊ အရပ် ၅ ပေ ၇ လက်မရှိကာ ထိုးသတ်ထားသော ပွဲပေါင်း ၃၀ တွင် နိုင်ပွဲ ၂၀ ၊ သရေ နှစ်ပွဲနှင့် ရှုံးပွဲ ရှစ်ပွဲ ထိုးသတ်ထားသူဖြစ်သည်။

တဖန် ပါဝင်ထည့်သွင်းထားသည့် ပြည်ပပွဲစဉ်များ၌ ဝိတ်တန်းအငယ်ဆုံးပွဲဖြစ်သည့် ရိုးရာလက်ဝှေ့ ပရိသတ်များကြား တွေ့မရှောင် မျိုးဆက်သစ်ဟု တစ်ရှိန်ထိုး နာမည်ရလာသော ရဲသွေးနီ (တောင်ကလေး)နှင့် တာဝီဂျစ်(ထိုင်း) တို့ တွဲဆိုင်းသည်လည်း ရိုးရာလက်ဝှေ့ ချစ်ပရိသတ်များကို စိတ်ကျေနပ်မှုပေးနိုင်မည့် ပွဲတစ်ပွဲဖြစ်မည်မှာ အမှန်ပင်ဖြစ်သည်။ ရဲသွေးနီသည် မြန်မာ့ရိုးရာလက်ဝှေ့လောက၌ သက်တူ၊ ဝိတ်တူနယ်ပယ်တွင် ပြိုင်ဘက်ကင်းသူဖြစ်ပြီး အသက် အားဖြင့် ၁၇ နှစ်၊ ဝိတ် ၅၅ ကီလို၊ အရပ် ၅ ပေ ၄ လက်မရှိကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၇၅ ပွဲတွင် နိုင်ပွဲ ၅၃ ပွဲ၊ သရေ ၂၂ ပွဲနှင့် ရှုံးပွဲမရှိ စံချိန် တင်ယှဉ်ပြိုင်ထိုးသတ်ထားကာ မြန်မာ့ရိုးရာ ရွှေခါးပတ်ချန်ပီယံဆု၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလားဆုနှင့် မြန်မာပြည် အမျိုးသားအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်တို့ကို ဆွတ်ခူးသိမ်းပိုက်ထားသည့် လူငယ်မျိုးဆက်သစ် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ သူနှင့်အတူ ယှဉ်ပြိုင်ထိုးသတ်မည့် ထိုင်းနိုင်ငံမှ မွေထိုင်းလက်ဝှေ့ကျော် တာဝီဂျစ်သည် အရပ် ၅ပေ ၃ လက်မ၊ ဝိတ် ၅၄ ကီလိုရှိပြီး ယှဉ်ပြိုင်ထိုးသတ်ထားသည့်ပွဲပေါင်း ၆၀ တွင် နိုင်ပွဲ ၄၆ ပွဲ၊ ရှုံးပွဲ ၁၄ ပွဲ ယှဉ်ပြိုင်ထိုးသတ်ထားကာ ၄င်းယှဉ်ပြိုင်ထိုးသတ်ထားသည့် ပွဲတိုင်းတွင် သရေ ရလဒ်မရှိ စံချိန်တင်ထားနိုင်သည့် မွေထိုင်းလက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ရှုံးပွဲမရှိသေး သည့် ရိုးရာမျိုးဆက်သစ်ကျားနှင့် သရေ ရလဒ်ကို မနှစ်မြို့ဘဲ အရှုံး၊ အနိုင်ရလဒ်ကိုသာ ဖော်ထုတ်တတ်သည့် မွေထိုင်းလက်ဝှေ့ကျော်တို့ဆုံသည့် အဆိုပါပွဲသည် ပြည်သူများကို အမှန်တကယ်ပဲ ရင်ခုန်မှုပေးနိုင်မည်လားဆိုသည်ကို စောင့်ကြည့်ရတော့မည်ဖြစ်သည်။

ယခုကျင်းပမည့် အသည်းကောင်းသူတို့၏ နိုင်ငံတကာ ရိုးလက်ဝှေ့စိန်ခေါ်ပွဲနှင့် ပတ်သက်၍ ပွဲစီစဉ်သူ ကိုစိုင်းဇော်ဇော်က ဒီပွဲက အထက်မြန်မာပြည် ပရိသတ်တွေရဲ့ တောင်းဆိုမှုနဲ့ ကျွန်တော်က မန္တလေး အခြေစိုက် စွမ်းစွမ်း ကေကေ ကလပ်နဲ့ ပူးပေါင်း စီစဉ်တဲ့ ပွဲ ဖြစ်ပါတယ်။ ရန်ကုန်မှာက ပြည်ပပွဲတွေ အဆက် မပြတ်ဆိုသလို ပရိသတ်တွေ ကြည့်ရတယ်။ အထက် မြန်မာပြည်မှာက ဒီလို ပြည်ပ ပွဲကောင်းမျိုးတွေ သိပ်မလုပ်ဖြစ်ဘူး။ ဒါကြောင့် နှစ်ဦးနှစ်ဖက် ပူးပေါင်းပြီးတော့ အထက်မြန်မာပြည် ရိုးရာလက်ဝှေ့ ချစ်ပရိသတ်တွေရဲ့ စိတ်ဆန္ဒကို ဖြည့်ဆည်းခဲ့တာပါ” ဟု ပွဲစီစဉ်ဖြစ်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားသည်။

အဆိုပါ မြန်မာ၊ ထိုင်း၊ မက္ကဆီကိုနှင့် ကိုစတာရီကာ လေးနိုင်ငံတို့၏ နိုင်ငံတကာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဝါသနာရှင်ပြည်သူများအနေဖြင့် လာရောက် ကြည့်ရှုလိုလျှင် ဝင်ကြေးအဖြစ် ရိုးရိုးတန်း တစ်သောင်း၊ အလတ်တန်း နှစ်သောင်းနှင့် အထူးတန်း ငါးသောင်းနှုန်းဖြင့် သတ်မှတ်ထားပြီး ကြိုတင်ဘိုကင် လုပ်လိုသူများအနေဖြင့် ဖုန်း- ၀၉-၇၃၀၀၉၆၈၆ (ရန်ကုန်)နှင့် ဖုန်း-၀၉- ၇၉၅၀၆၆၅၅၅ (မန္တလေး) စွမ်းကေကေတို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။


“အခုလို နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲကို ကျွန်တော်တို့ဆီမှာက ရန်ကုန်လို ခဏခဏမလုပ်ဖြစ်ဘူး။ ရုံအခက်အခဲရှိတာလည်းပါမယ်။ အခုပွဲကတော့ အမှန်အတိုင်းပြောရရင် ကြည့်ကောင်းမယ့် တွဲဆိုင်းတွေလို့မြင်တယ်။ အထူးသဖြင့် ကျွန်တော်ကြိုက်တဲ့ ရဲသွေးနီ ပွဲပါတော့ ဒီပွဲကို ကျွန်တော် ပိုသဘောကျမိတယ်။ အခုနောက်တက်တဲ့ မျိုးဆက်သစ်တွေထဲမှာတော့ ရဲသွေးနီကို အကြိုက်ဆုံးပါပဲ” ဟု မန္တလေးမြို့မှ ရိုးရာလက်ဝှေ့ချစ် ပရိသတ်တစ်ဦးဖြစ်သည့် ကိုတေဇာဖြိုးက ဆိုသည်။

**(မြန်မာ့အလင်း)**

မန်းနယ်မြေမှ ကန်တော်ကြီး ဂရင်းမြက်ခင်းပြင်ပေါ်တွင် အသည်းကောင်းသူ မောင်တို့၏ လေးပွင့်ဆိုင် ပွဲကောင်းများ ...



စိုးလင်းဦး(မြန်မာ)



ဖက်ချိုင်းဆန်(ထိုင်း)

## နိုင်ငံတကာရေးရာသတင်းဆောင်းပါး

မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။ (စာတည်းအဖွဲ့)

# အာဂျင်တီးနားနိုင်ငံ၏ သမ္မတရွေးကောက်ပွဲအကြောင်း တစေ့တစောင်း

ထွန်းတောက်

အာဂျင်တီးနား အထွေထွေရွေးကောက်ပွဲကို လွန်ခဲ့သည့် အောက်တိုဘာလ ၂၅ ရက်နေ့က ကျင်းပခဲ့ရာ ပါဝင်ယှဉ်ပြိုင်သူ သမ္မတလောင်း သုံးဦးမှာ မည်သူမျှ အပြတ်အသတ် အနိုင်မရရှိခဲ့ပေ။

၎င်းရွေးကောက်ပွဲ၌ သမ္မတလောင်းသုံးဦး ယှဉ်ပြိုင်ခဲ့ရာတွင် ဗျူနိုအေရီပြည်နယ် အုပ်ချုပ်ရေးမှူး ဒင်နီယယ်ရှီယိုလီက ထောက်ခံမဲ ၃၇ ဒသမ ၀၈ ရာခိုင်နှုန်း၊ မြို့တော်ဝန်မော်ရီရှိုမာကရီက ထောက်ခံမဲ ၃၄ ဒသမ ၁၅ ရာခိုင်နှုန်းနှင့် ဆာဂျီယိုမာဆာက ၂၁ ဒသမ ၃၉ ရာခိုင်နှုန်း ထောက်ခံမဲ အသီးသီးရရှိခဲ့ကြသည်။

သို့သော် အာဂျင်တီးနား ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတလောင်းတစ်ဦးသည် သမ္မတဖြစ်ရန် ပြည်သူထောက်ခံမဲ ၄၅ ရာခိုင်နှုန်း ရရှိရမည်ဖြစ်သည်။

သို့မဟုတ်လျှင် အနီးဆုံး ပြိုင်ဘက်ထက် မဲ ၁၀ မဲ ပိုရပြီး ပြည်သူထောက်ခံမဲ ၄၀ ရာခိုင်နှုန်းရရှိရမည်ဖြစ်သည်။ အခြေခံဥပဒေအရ သမ္မတသက်တမ်း နှစ်ကြိမ် ထမ်းဆောင်ပြီးဖြစ်သည့် လက်ရှိ သမ္မတ ခရစ္စတီးနား ဖာနန်ဒက်မှာ တတိယအကြိမ် ရွေးကောက်ခံခွင့်မရှိဘဲ အငြိမ်းစားယူရတော့မည်ဖြစ်သည်။

ဒုတိယ အကျော့ ရွေးကောက်ပွဲမတိုင်မီ ပြည်သူ့ဆန္ဒကောက်ယူသောအခါ လက်ရှိ သမ္မတ ခရစ္စတီးနား ဖာနန်ဒက်၏ ပါတီမှ လက်ဝဲဗဟိုဝါဒီသမ္မတလောင်း ရှီယိုလီမှာ ကွန်ဆာဗေးတစ် လက်ယာဗဟိုဝါဒီ သမ္မတလောင်း မာကရီ၏ နောက်တွင် ကျန်ရစ်သည်ကို လူထုစစ်တမ်း၌ တွေ့ရှိရသည်။

ပထမအကြိမ် ရွေးကောက်ပွဲ၌ မည်သူမျှ မဲအပြတ်အသတ် မနိုင်သဖြင့် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဒုတိယ အကျော့ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ခဲ့ရာ အတိုက်အခံ ခေါင်းဆောင် မော်ရီရှိုမာကရီက ပြည်သူထောက်ခံမဲ ၅၃ ဒသမ ၄၆ ရာခိုင်နှုန်းဖြင့် ထောက်ခံမဲ ၄၆ ဒသမ ၅၄ ရာခိုင်နှုန်းရရှိသည့် ဒင်နီယယ်ရှီယိုလီအပေါ်တွင် အနိုင်ရရှိသွားပြီဖြစ်သည်။

မစ္စတာ ရှီယိုလီက မစ္စတာ မာကရီ၏ ရွေးကောက်ပွဲအောင်မြင်မှုကို တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ချီးကျူးစကားပြောကြားခဲ့ပြီး ၎င်းရှုံးနိမ့်ကြောင်းကိုလည်းဝန်ခံခဲ့သည်။

အာဂျင်တီးနား ရွေးကောက်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် သမ္မတလောင်း မစ္စတာ မာကရီသည် အတိုက်အခံ ကမ်ဘီအီမိုစ် မဟာမိတ်ပါတီ (Cambiemos Alliance) ၏ ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ကမ်ဘီအီမိုစ်၏ အဓိပ္ပာယ်မှာ အင်္ဂလိပ်ဘာသာအားဖြင့် Let's Change ဟူ၍ဖြစ်ပြီး အပြောင်းအလဲပြုလုပ်ကြပါစို့ဟူသော အဓိပ္ပာယ်ရရှိသည်။

ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သည့် ရှီယိုလီ (၅၈နှစ်) သည် သမ္မတနက်စတာ ကာချနာ လက်ထက်တွင် အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ဒုတိယသမ္မတအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

သမ္မတအဖြစ် ရွေးကောက်ခံရသည့် ဗျူနိုအေရီမြို့တော်ဝန် မစ္စတာ မာကရီက အာဂျင်တီးနားနိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ရန်အတွက် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ပိုမိုတိုးမြှင့် ဖော်ဆောင်မည်ဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်သည် နိုင်ငံကို အန္တရာယ်ကျရောက်စေနိုင်သည်ဟူသော ပြောဆိုမှုများမှာ မုသားများသာဖြစ်ကြောင်း မဲဆွယ်စည်းရုံးစဉ်က အလေးထား ပြောဆိုခဲ့သည်။

လက်တင် အမေရိကနိုင်ငံ တစ်နိုင်ငံဖြစ်သည့် လူဦးရေ ၄၂ သန်းရှိသော အာဂျင်တီးနားနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းမှာ ပြောင်းလဲလျက်ရှိသည်။

မစ္စတာ မာကရီ (၅၆နှစ်)သည် PRO (Republican Proposal) ပါတီခေါင်းဆောင် ဖြစ်သည်။ ၎င်းသည် ၁၉၉၀ ပြည့်နှစ်ကတည်းကပင် အာဂျင်တီးနားနိုင်ငံ၌ လစ်ဘရယ် စီးပွားရေးစနစ်ကို ဖော်ဆောင်နိုင်မှသာလျှင် စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဟု ယုံကြည်ထားသည်။

ယနေ့အချိန်၌ မစ္စတာမာကရီသမ္မတအဖြစ်ရွေးကောက်ခံရပြီဖြစ်သည့်အတွက် ပြင်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်ပြီး သမ္မတဖာနန်ဒက် အစိုးရ၏ လူမှုရေးနှင့်ကုန်သွယ်မှု ပေါ်လစီများအပေါ် အကျိုးခံစားနေရသည့် ပြည်တွင်းလုပ်ငန်းရှင်များနှင့်ဆင်းရဲသား ပြည်သူများအခက်တွေ့နိုင်သည်ဟု ပညာရှင်များက ဝေဖန်သည်။

မစ္စတာ မာကရီက စီးပွားရေးနှင့် အရေးပါသော အင်စတီကျူးရှင်းများကို လက်ရှိအစိုးရက လက်ဝါးကြီးအုပ်ထားမှု တိုက်ဖျက်မည်။ သမ္မတ ခရစ္စတီးနား ဖာနန်ဒက်၏ မူဝါဒကို အဆုံးသတ်ပစ်မည်ဖြစ်ကြောင်း ရုပ်သံတွေ့ဆုံဆွေးနွေးပွဲတွင် ပြောဆိုခဲ့သည်။

ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သည့် မစ္စတာ ရှီယိုလီသည် သမ္မတ ခရစ္စတီးနား ကိုယ်တိုင်က ၎င်း၏ နေရာဆက်ခံသူအဖြစ် လျာထားခံရသူဖြစ်သည်။ မစ္စတာ ရှီယိုလီသည် လက်ရှိအစိုးရ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် မူဝါဒများကို ဆက်လက်အကောင်အထည်ဖော်မည်ဟု အစဉ်တစိုက်ပင် ပြောဆိုလာခဲ့သည်။ မစ္စတာ မာကရီက ပြောင်းလဲမှုတစ်ရပ် အမှန်ပင် လိုအပ်နေပြီဟု ပြောဆိုလျက်ရှိရာ အာဂျင်တီးနား ပြည်သူများအနေဖြင့် ၎င်းကြွေးကြော်နေခဲ့သလို ပြောင်းလဲမှုတစ်ရပ်ကို အမှန်ပင်လိုအပ်နေပြီလောဟု နိုင်ငံရေးလေ့လာသူတို့က မေးခွန်းထုတ်နေသည်။

နိုင်ငံရေးပညာရှင်အချို့ကမူ ရွေးကောက်ပွဲတွင် မည်သူအနိုင်ရရှိသည်ဖြစ်စေ၊ ဘဏ္ဍာရေးအကျပ်အတည်းများနှင့် ရင်ဆိုင်နေရသော တောင်အမေရိက၏ ဒုတိယ စီးပွားရေးအကြီးမားဆုံး နိုင်ငံဖြစ်သည့် အာဂျင်တီးနားနိုင်ငံအနေဖြင့် စီးပွားရေးနာလန်ထူနိုင်မည်မဟုတ်ဟု ပညာရှင်များက ယူဆထားကြသည်။

ကွန်ဆာဗေးတစ်အယူအဆရှိသည့် မစ္စတာမာကရီက နိုင်ငံ၏ စီးပွားရေးကို ပြုပြင်ပြောင်းလဲမှု ပြုလုပ်မည်၊ သမ္မတ ခရစ္စတီးနား၏လက်ထက်တွင် အစိုးရက စီးပွားရေးကို တင်းကျပ်စွာချုပ်ကိုင်ထားမှုနှင့်အတူ စိုက်ပျိုးရေးတောင်သူလယ်သမားများထံမှ အခွန်အကောက်ကြီးမားစွာ ကောက်ခံမှုကြောင့် စီးပွားရေးမတိုးတက်ရခြင်းဖြစ်သည်ဟု ၎င်းကသုံးသပ်ပြောကြားသည်။

